www.burmeseclassic.com

# တေကျိုကြေး

|ပန်းတော|

အောက်မေ့ခြင်းဒီဇင်ဘာ



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

→ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
→ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
→ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
→ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် [၄] ရပ်

- ☆ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် [၄] ရပ်

- ☆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် [၄] ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ☆ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ဘောကိုမေ့ခြင်းဒီဇင်ဘာ

မောင်ညိုအေး [ပန်းတော]

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( တစ် )

www.burmeseclassic.com

www.burmeseclassic.com

## (၁)

မျိုးမြင့်ရောက်လာကတည်းက ငြိမ်းကိစ္စ အရေးပေါ်ပြီဆိုတာကို သိလိုက်၏။ မျိုးမြင့်နှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် ကိုအောင်ခန့်က လူကြီးစုံရာဖြင့် အစ်မနှင်းနှင်းဖော်ကို လာတောင်းရမ်း၏။

အိမ်ပေါ်မှာလည်း လူတွေစုံနေသောကြောင့် ဘာကိစ္စမှ မပြောဆိုဖြစ်ဘဲ ဒီတိုင်း ထိုင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်မဖြစ်သူအတွက် ဝမ်းသာစရာကောင်းသောအချိန်မျိုးမှာ သူ ရင်ပူနေရသည်။

စကားပြောနေဆိုရင်းကပင် ကိုအောင်ခန့်ဖခင်ဖြစ်သူ စကားက သူ့ရင်ကို တည့်တည့်လာထိ၏။

"ကျွန်တော့်သားအတွက် ဒီလို မိသားဖသားပီပီ လာတောင်းရမ်းပေးခွင့်ရတာကို ကျေနပ်တယ်၊ လူနှစ်ယောက်ပေါင်းကြသင်းကြတယ်ဆိုတာထက် အဲဒီလူနှစ်ယောက်နဲ့ ဆက်နွယ်နေတဲ့ ပတ်ဝန်းကျင်နှစ်ခု ပေါင်းကြတာပဲ၊ အားလုံးစိတ်ချမ်းသာမှ မင်္ဂလာက ပိုပြည့်စုံတာလေ"

ကိုအောင်ခန့်ဖခင်၏စကားကြောင့်ပင် ဖေဖေက အဓိပ္ပာယ်ရှိသော မျက်လုံးများဖြင့် သူ့ကို လှမ်းကြည့်၏။

သူနှင့်ငြိမ်းတို့နှစ်ယောက်ကတော့ ကိုအောင်ခန့်နှင့် မမတို့လို လွယ်လင့်တကူ ပေါင်းဖက်မရသော အခြေအနေ။

အနီးအပါးမှ လူတချို့ ပြန်နှင့်ကြသည်။ ပြီးတော့ . . . ကိုအောင်ခန့်တို့မိသားစု ပြန်ကြသည်။ လူရှင်းသွားတော့မှ မျိုးမြင့်နှင့် အပြင်သွားဖို့ မေမေ့ထံ ခွင့်တောင်းလိုက်သည်။

"မေမေ . . . မျိုးမြင့်နဲ့ လက်ဖက်ရည်ဆိုင် ခဏလိုက်သွားဦးမယ်"





"သွားလေသား"

မျိုးမြင့်ထံမှ ပြောမည့်စကားတို့ကို သူ ကြားချင်နေပြီ။ ဒီရက်ပိုင်းတွေက သူနှင့်ငြိမ်းတို့ဘဝအတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေ၏။

"မောင်လေး ခဏ"

သူ့ခြေလှမ်းတွေ တုန့်သွားလောက်အောင်ပင် အစ်မဖြစ်သူ၏ ခေါ်သံက စွမ်းဆောင်နိုင်၏။

မျိုးမြင့်ရှေ့မှာပင် ငြိမ်းနှင့်ပတ်သက်ပြီး အစ်မဖြစ်သူ မေးသည်။

"ဝင်နီ့မာမီက ဝင်နီ့ကို လက်ထပ်ပေးတော့မယ်လို့ ကြားတယ်"

သေချာနေသောကိစ္စမို့ သူ အဖြေကျပ်နေသည်။

သူ့ကိုယ်စား မျိုးမြင့်ကပင် ဖြေလိုက်၏။

"ဟုတ်တယ် အစ်မ၊ ဝင်နီ့မာမီက ဇော်လတ်နဲ့ လုံးဝ သဘောမတူဘူး၊ ဝင်နီနဲ့ တွဲနေတယ်ဆိုတဲ့ ဆရာဝန်နဲ့ လက်ထပ်ပေးတော့မှာလေ"

"အေးလေ၊ အစ်မကတော့ ဇော်လတ်နဲ့ဝင်နီတို့အဖို့ အတွက် ဘာအကြံပေးရမှန်းတောင် မသိတော့ဘူး၊ ဝင်နီတို့ ကံ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ"

အစ်မဖြစ်သူ စကားကို နားထောင်ရင်း သက်ပြင်းမော

မိသည်။ သူ့ရင်ထဲမှာတော့ အပူက မချိတင်ကဲ။

"ဝင်နီက ဒီစာကို ဒီနေ့မကူးခင် မင်းလက်ထဲ ရော

အောင် ပို့ပေးပါလို့မှာတယ်၊ ဘာတွေ ရေးထားလဲတော့ ငါလည်

မသိဘူး ဇော်လတ်"

အိတ်ထဲမှ စာအိတ်ခေါက်ကို နှိုက်ယူရင်း မျိုးမြင့် ပြော

သည်။ မျိုးမြင့်ပေးသော စာအိတ်ကို ကိုင်ရင်း သူ အတွေးစုံရပြ

သည်။

"ဘာငိုင်နေတာလဲ ဇော်လတ်၊ ဖတ်ကြည့်လိုက်လေ"

"တခြားမဟုတ်ဘူး မျိုးမြင့်၊ ဒီစာထဲမှာ ငါ့ကို တစ်ဘဝလုံး

မေ့လိုက်ဖို့ နှုတ်ဆက်တဲ့စကားတွေ ပါနေမှာစိုးလို့"

"အရေးထဲမှာ မင်းကလည်း သတ္တိနည်းနေပြန်ပြီ၊ ဝင်နီက

မင်းကို သံယောဇဉ်ကြီးတာ၊ မင်းကိုချစ်တာ၊ ငါတို့ အသိဆုံး





ဝင်နီက သူ့မာမီကို ချစ်တယ်ဆိုပေမယ့် မင်းရင် အကွဲမခံနိုင်သလို

သူလည်း ရင်ကွဲခံနိုင်မယ် မထင်ဘူး"

ငြိမ်းအချစ်ကို သူ နားလည်သည်။

ငြိမ်းသံယောဇဉ်တို့ကို သူသိသည်။

ဒီအတွက်ကြောင့်ပင် ငြိမ်း စိတ်ချမ်းသာဖို့ဆို သူလက်ခံ

ပေးဖို့ အသင့်ပင်။

မဝံ့မရဲဖြင့် စာအိတ်ကို ဖောက်ဖတ်လိုက်သည်။

ဇော် . . .

လာမယ့်ခရစ်စမတ်မှာ ငြိမ်းကို ဒေါက်တာ

စောဝလနဲ့ လက်ထပ်ပေးတော့မယ်။

ငြိမ်းကတော့ ဒီဘဝမှာ ဇော်နဲ့ အဝေးမခံနိုင်

ဘူး။

ငြိမ်း ဆုံးဖြတ်ပြီးမှ ဒီစာကို ရေးလိုက်တာ။

မနက်ဖြန် ရွှေတိဂုံဘုရားက ရှင်မကွဲဘုရား

ရှေ့မှာ မနက်ကိုးနာရီလောက်ကတည်းက ဇော် စောင့်

နေပါ။

မာမီလစ်တာနဲ့ ငြိမ်းထွက်လာခဲ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း ရောက်မလာမချင်း ဇော်စောင့်နေနော်။
နှစ်ယောက်စလုံး ဆုံဖြစ်မှပဲ ဘာဆက်လုပ်
မယ် ဆိုတာကို ပြောပြမယ် ဇော်။

"ငြိမ်း"

သူနှင့်အတူတူ စာကို မျိုးမြင့် လိုက်ဖတ်၏။

ငြိမ်းတစ်ယောက် သတ္တိရှိစွာဖြင့် သူနောက်လိုက်ဖို့ ဆုံးဖြတ်လိုက်ခြင်းပဲ။

"ငါ မပြောဘူးလား ဇော်လတ်၊ ဝင်နီက သတ္တိရှိပါတယ်၊ တစ်ခုတော့ ရှိတယ်၊ ဝင်နီ ပျောက်ပြီဆိုတာနဲ့ သူ့မာမီက မြေလှန်ရှာမှာ သေချာတယ်၊ မင်းတို့ကို မိသွားရင်တော့ မိုးမီးလောင်ပြီ"

"အေးကွာ၊ ဒီနေ့ မမတို့ပွဲလေးကိုကြည့်ပြီး ငြိမ်းကို မိသားဖသားပီပီ တောင်းရမ်းချင်မိတာ အမှန်ပဲ"

"မင်းကလဲကွာ ဒီလောက် အပစ်အခတ်တွေကြားထဲမှာ စေ့စပ်ရေးကိစ္စကို ပြောနေရသေးတယ်၊ မင်းတို့ကိစ္စက မလွယ်လို့ ခိုးပြေးဖို့အထိ ဖြစ်လာရတာ မဟုတ်လား"

ငြိမ်း၏ကရုဏာမျက်နှာလေးကို မြင်မိသည်။

ခက်ထန်သော ငြိမ်းမာမီက သူ့ကို လွှမ်းမိုးထားပြန်၏။





ငြိမ်းရင်မှာ သတ္တိတွေ ပြည့်နှက်နေမှတော့ သူ့အနေနှင့် သွေးကြောင်လို့ မဖြစ်တော့ပေ။

"အေးကွာ၊ မနက်ဖြန် ငြိမ်းကို ငါ ခိုးပြေးမယ်၊ ဒီလိုလုပ်မှ ဒီဘဝမှာ ငါတို့နှစ်ယောက် ပေါင်းကြရမှာ"

"တိုက်ဆိုင်တယ်ပဲ ပြောရမလား မသိဘူး၊ ဝင်နီနဲ့ တွေ့ပြီး မင်းဆီအလာမှာ ဆရာစောဝင်းငွေနဲ့တောင် တွေ့သေးတယ်၊ ဆရာက ကြုံလို့ မင်းကို မေးသေးတယ်၊ မင်းနဲ့ ဝင်နီတို့အကြောင်း ကိုတော့ ဆရာက ရင်နှုတ်ပိတ်နေတာ အမှန်ပဲ"

"ဆရာလည်း ဒုက္ခဖြစ်နေမှာပေါ့ကွာ၊ ငြိမ်းမာမီနဲ့ ငါတို့ တွေကြားမှာ ဆရာ အနေခက်တာ ကြာပြီပဲ၊ တကယ်တမ်း ပြောကြကြေးဆိုရင်တော့ ဆရာကြောင့်ပဲ ငါနဲ့ငြိမ်းဆုံပြီး သံယောဇဉ်ဖြစ်သွားကြတာ"

"မင်းနဲ့ ဝင်နီတို့ သံယောဇဉ်ဖြစ်ကြတာ ဆရာတစ်ယောက်တည်းတင် မဟုတ်ပါဘူးနော်၊ ငါတို့ ခင်မေဝင်းတို့ မော်မော်တို့လည်း ပါ,ပါသေးတယ်"

"ဟုတ်ပါတယ်ကွာ"

"မနက်ဖြန်ကျရင် ခင်မေဝင်းတို့ မော်မော်တို့ကိုပါ ငါ ခေါ်ခဲ့မယ် ဇော်လတ်"



www.burmeseclassic.com

www.burmeseclassic.com



မျိုးမြင့်ကတော့ သူတို့ ခိုးပြေးကြမည့် အစီအစဉ်ကြောင့် ဝမ်းသာအားရ ဖြစ်နေသည်။ ခင်မေဝင်းတို့လည်း ဒီသတင်းကြားရင် သူတို့အတွက် ဝမ်းသာကြမှာ သေချာ၏။

"ငါ့အိမ်ကလူကြီးတွေကိုတော့ အသိပေးလို့ မဖြစ်ဘူး ထင်တယ်နော် မျိုးမြင့်"

"ဘယ်ဖြစ်မလဲ၊ မင်းရော ငြိမ်းပါ အဝတ်ထစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်ကြမှာဖြစ်မှာ၊ မင်းအတွက် အဝတ်အစားကို ငါယူခဲ့မယ်၊ ငြိမ်းအတွက် အဝတ်အစားကိုလည်း ခင်မေဝင်းတို့ကို ငါစီစဉ်ခိုင်းမယ်"

မမလေး ခိုးပြေးဖို့ လူဆိုးတွေနှင့် တိုင်ပင်သည်ဟု သူကြားဖူးသည်။ အခု မျိုးမြင့်တို့ကတော့ လူဆိုးတွေတော့ မဟုတ်။

သူနှင့်ငယ်ပေါင်းကြီးဖော်များဖြစ်ကြ၏။

ငြိမ်းနှင့် မဆုံခင်ကတည်းက ပေါင်းသင်းလာကြသူများ။

ဆယ်တန်းရောက်တော့ ငြိမ်းတစ်ယောက် အပါအဝင်ဖြစ်လာပြီး သူတို့သူငယ်ချင်းငါးယောက် လွတ်လပ်စွာဖြင့် ပျော်ရွှင်ခဲ့ရသည်ပဲ။

[၂]

ကျောင်းသွားဖို့ ပြင်ဆင်ပြီးသော်လည်း မျိုးမြင့်က ရောက်လာသေးသောကြောင့် TV ရှေ့မှာ တစ်ခါပြန်ထိုင်ပြီး ဂိမ်းဆော့နေလိုက်၏။

"သားရေ . . . မျိုးမြင့် ရောက်လာပြီ"

ပန်းတိုင်ရောက်ခါနီးပြီမို့ မေမေ့ကိုပင် ပြန်မထူးနိုင်။ မျိုးမြင့် အနားရောက်လာခါမှ သူ့အကောင်လေးကို ငှက်ကြီးက

www.burmeseclassic.com



စားသွားတော့၏။

"ဇော်လတ်ရယ် မင်းကတော့ ကျောင်းစာရယ်၊ ဂိမ်းဆော့တာရယ်၊ စွန်လွှတ်တာရယ်၊ ရေကူးတာရယ်လောက်ကိုပဲ အာရုံရှိနေတဲ့ကောင်၊ မင်းက ဆယ်တန်းကျောင်းသား ဖြစ်နေပြီ၊ နောင်နှစ်ဆိုရင် တက္ကသိုလ်ရောက်တော့မှာနော်"

"ဘာလဲ မျိုးမြင့်၊ မင်းက ငါ့ကို ကလေးလေးပဲလို့ ပြောချင်တာလား"

သူနှင့်မျိုးမြင့်တို့ကို လှမ်းမြင်၍ ခင်မေဝင်းနှင့် မော်မော်တို့ ရပ်စောင့်နေကြ၏။

"နင်တို့ကလည်း နောက်ကျလိုက်တာ၊ ခေါင်းလောင်းတောင် ထိုးနေပြီ"

သူတို့လေးယောက်က ရှစ်တန်းလောက်ကတည်းက တွဲလာကြသူတွေ။ ကိုးတန်းရောက်တော့ အခန်းကွဲသွားသေးသည်။ သူနှင့်မျိုးမြင့်ကတော့ ဆယ်တန်းအထိ အခန်းမကွဲခဲ့။ ဒီနှစ်မှာတော့ သူတို့လေးယောက်စလုံး အခန်းအတူတူပင်။

"ဇော်လတ်ကို စောင့်နေရလို့လေ"

သူတို့နှင့်အတူတူပင် ကျောင်းပေါက်ဝနားသို့ မာစီဒီးကားအနက်ရောင်တစ်စီး ထိုးရပ်လာသည်။ ကားပေါ်မှ ဆင်းလာသော





ကျောင်းသူအသစ်သားအမိနှစ်ယောက်ကို ကြည့်ပြီး ခင်မေဝင်း ပြောလိုက်သည်။

"ကျောင်းသူအသစ်ထင်တယ်၊ တော်တော်လှပြီး ကျက်သရေရှိလိုက်တာနော်၊ ငါတို့ကျောင်းမှာတော့ စတားဖြစ်မှာ သေချာတယ်"

"အမေတူသမီးပဲ၊ သူ့အမေကလည်း အလှမပျက်သေးဘူး၊ ကြည့်ပါလား"

ကျောင်းသူအသစ်သားအမိကို ခင်မေဝင်းတို့က မိန်းမချင်း တီးတိုးချီးမွမ်းနေကြ၏။ ကျောင်းအုပ်ကြီးရုံးခန်းသို့ သွားရာလမ်းခွဲမှာပင် ကျောင်းသူအသစ်နှင့် မျက်လုံးချင်း ဆုံဖြစ်သည်။

သူ့ရင်ထဲ ဘာဖြစ်သွားရသည်မသိ။

အကြည့်များကို တစ်ခဏအတွင်းမှာပင် မက်မောစေခဲ့သေပြီလား။

"အထူးအဆန်းပဲ၊ စောစောက သူနဲ့ မျက်လုံးချင်း ဆုံပြီး



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အခုထိ ငါ ဘာဖြစ်ကျန်ခဲ့မှန်း မသိဘူး"

သူ့စကားကို ခင်မေဝင်းတို့ မကြားနိုင်သလို၊ အနီးအပါးမှ လူများလည်း ကြားကြမှာ မဟုတ်ဘူး။ သူ့အသံက ဖမ်းစားခံရသူ အဖြစ်မို့ တီးတိုးနေ၏။

"ဒါပေါ့ ဇော်လတ်၊ မင်း အဖမ်းစား ခံလိုက်ရတာပဲ၊ မင်းမှ မဟုတ်ပါဘူး၊ ဘယ်ယောက်ျားလေးပဲဖြစ်ဖြစ် သူ့ရဲ့အကြည့်တွေရဲ့ ဖမ်းစားမှုကို ခံကြရမှာပဲ"

သူ့ဘဝ၊ သူ့ဖြစ်စဉ်တွေမှာ မိန်းကလေးတစ်ယောက်၏ အကြည့်ကို မကြုံဖူးခဲ့တာမဟုတ်။ ကြုံဖူးခဲ့သည်။ ဒီတစ်ခါကတော့ အတော်လေး ထူးဆန်းနေသည်။

"ဘယ်အတန်းကလဲ မသိဘူးနော်"

"အခုလောလောဆယ်တော့ ဘယ်သိပ့်မလဲ၊ မုန့်စားဆင်းရင် ဒီသတင်းကို မင်းမစုံစမ်းလည်း ကြားရမှာပါ"

သူတို့ တီးတိုးပြောနေစဉ်မှာပင် အခန်းအတွင်းသို့ ဆရာဦးစောဝင်းဋ္ဌေး ဝင်လာ၏။

ဆရာနောက်မှ လိုက်ပါလာသော သူနှစ်ဦး။

"ဟော့ကောင် မျိုးမြင့်၊ ငါတို့အတန်းသူပဲကွ"

ဝမ်းသာစိတ်ကြောင့် အသံကျယ်သွား၍ ခင်မေဝင်းတို့





လှမ်းကြည့်သည်။

ကျောင်းသူအသစ်ကတော့ ငြိမ်သက်စွာ ရပ်နေဆဲပင်။

"ကဲ . . . မာမီ ပြန်လို့ရပြီ၊ ဝင်နီအတွက်ကတော့ အားလုံး စိတ်ချလို့ရပြီ"

ဆရာဦးစောဝင်းဋ္ဌေးနှင့် ပုဂ္ဂိုလ်ရေး ရင်းနှီးဟန်တူသည်။ ဝင်နီဆိုသော မိန်းကလေးကိုတော့ တစ်တန်းလုံး အာရုံစိုက်နေကြ၏။

"ကဲ . . . ဒီနေ့တော့ မင်းတို့အားလုံးအတွက် သူငယ်ချင်း အသစ်တစ်ယောက် ထပ်တိုးတယ်၊ သူ့နာမည်က ဝင်နီငြိမ်းတဲ့"

ဝင်နီ . . . ဟု ထင်ခဲ့သော်လည်း နာမည်အပြည့်အစုံက ဝင်နီငြိမ်းဆိုသောအမည်နှင့် လိုက်ဖက်ပါတယ် . . . ဟု အသံမဲ့စွာ တော်ချက်ချမိသည်။

"မင်းကတော့ ဒီကျောင်းမှာ ရှိနေတဲ့ ကျောင်းသားတွေ ဆက် ကုသိုလ်ကံထူးသွားပြီ၊ တွေ့လား ဆရာက ခင်မေဝင်းတို့နဲ့ ထိုင်ခိုင်းလိုက်ပြီ"

ခင်မေဝင်းဘက်မှနေပြီး သူရှိရာသို့ ဆရာ ကူးလာသည်။

"မောင်ဇော်လတ်ရေ . . . ဝင်နီရဲ့ လိုအပ်တာတွေ မှန်သမျှကို မောင်ဇော်လတ်တို့ကပဲ အကူအညီပေးလိုက်ကြဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကွယ်သည်နှင့် မျိုးမြင့်က ထပ်ပြောပြန်သည်။

"အခြေအနေကတော့ မင်းဘက်မှာ အပြည့်အဝ ရှိနေပြီ မင်းနဲ့ ဝင်နီတို့ ရင်းရင်းနှီးနှီးနဲ့ကို သံယောဇဉ်ဖြစ်ကြမှာ သေချာနေပြီ"

သူ့ရင်ထဲမှာတော့ အမည်တပ်လို့ မရသော ပျော်ရွှင်မှုမျိုး ဖြစ်နေတာတော့ အမှန်ပင်။

ဝင့်နီငြိမ်းသည် သူငယ်ချင်းအဖြစ်နှင့် သူ့ဘဝထဲသို့ ဝင်ရောက်ခဲ့ခြင်း . . . ဟု သူ့အနေဖြင့် မှတ်တမ်းမှာ ရေးဖြစ်တော့မှာ သေချာ၏။

ကျောင်းဆင်းတော့ သူတို့ အနီအသင်း သန့်ရှင်းရေးလုပ်ကြသည်။ တစ်အုပ်စုတည်း ဖြစ်စေဖို့ ဝင်နီငြိမ်းကို အနီအသင်းမှာ ထည့်ပေးထား၏။

"ဝင်နီရေ . . . ဇော်လတ်ကတော့ တို့အုပ်စုထဲမှာ အတော်ဆုံးနဲ့ အလိမ္မာဆုံးပဲ၊ ပြီးတော့ ဆရာရဲ့ လက်ရုံးတပ





အရင်းကြီး"

"ဝင်နီလည်း လူကို မမြင်ဖူးခင်ကတည်းက နာမည်ကို ရင်းနှီးနေတာ၊ ဆရာကလည်း ဇော်လတ်ဆိုတဲ့ နာမည်ကို နှုတ်ဖျားက မချဘူး"

"ဒါဆို ကျောင်းကို မရောက်ခင်ကတည်းကကို ဝင်နီက ဇော်လတ်နဲ့ ရင်းနှီးနေတာပေါ့"

"ဟုတ်တယ် မော်မော်"

မိန်းကလေးသုံးယောက်၏ အတွန်းအပို့စကားတွေကြောင့် သူ မနေတတ်တော့။

"စကားလည်းပြော၊ အလုပ်လည်း ပြီးအောင်လုပ်ကြ၊ ဝင်နီတို့အိမ်ကကား စောင့်နေရတာ အရမ်းကြာသွားမယ်"

မျိုးမြင့်၏ ဆော်ဩမှုကြောင့်ပင် အလုပ်တွေကို လက်စသတ်ကြ၏။

"အားလုံးရဲ့ အိမ်တွေကို ဝင်နီ လိုက်ပို့ပေးမယ်"

"ရပါတယ် ဝင်နီရဲ့၊ တစ်ယောက်တစ်နေရာစီ နေကြတာ၊ ကြာကြာ ဝင်နီ မိုးချုပ်နေပါဦးမယ်"

"ဟုတ်တယ် ဝင်နီ"

မာနကြီးလိမ့်မည် . . ဟု တွေ့စက ထင်ခဲ့မိသည်။ ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



ပြီး နေ့မကူးခင်မှာပင် သူ့အထင်တို့ မှားယွင်းသွားခဲ့၏။

"ဝင်နီက အရမ်းခင်ဖို့ ကောင်းတယ်"

"အေး ငါလည်း မာနကြီးလိမ့်မယ်လို့ ထင်ထားခဲ့မိတာ"

ဝင်နီတို့အား ထွက်သွားသည်နှင့် ခင်မေဝင်းနှင့် မော်မော်တို့က သူတို့သဘောထားများကို ဖွင့်ဟကြသည်။

သူ့သဘောထားကို ဝင်ပြောဖို့ ကြံစဉ်မှာပင် မျိုးမြင့်က ပြောလိုက်၏။

"နင်တို့နှစ်ယောက် မသိသေးတဲ့ အချက်တစ်ချက် ရှိသေးတယ်ဟ"

"ဘာများလဲ မျိုးမြင့်"

"ငါတို့ရဲ့ ဇာတ်လိုက်ကြီးကတော့ ဒီတစ်ပွဲမှာ လုံးဝကျသွားပြီ၊ ဝင်နီကြောင့်ပဲ ဇော်လတ်စိတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်ရတာ"

"ဟုတ်လား"





ခင်မေဝင်းကတော့ သူ့ကိုကြည့်ပြီး အံ့သြနေ၏။

မော်မော်ကတော့ စိတ်ထဲရှိသည့်အတိုင်း ပွင့်လင်းစွာ ပြောချလိုက်သည်။

"ငါကတော့ ဇော်လတ်နဲ့ ဝင်နီကို သဘောတူတယ်"

သူတို့တွေက ပြောင်ပြောင်တင်းတင်း ပြောဆိုလာကြပြီဆိုတော့ စကားတွေလွန်ကုန်မှာ စိုးရိမ်ရ၏။

"နင်တို့ကလည်း ဆရာက ငါတို့ကို ယုံကြည်လို့ အပ်ထားတာ၊ သူငယ်ချင်းအနေနဲ့ပဲ ခင်တာမင်တာ ကောင်းပါတယ်၊ ဒီစကားမျိုးကို ဆရာကြားသွားရင် မကောင်းသလို၊ ကာယကံရှင်သိသွားရင်လည်း မသင့်တော်ပါဘူး"

သူ့စကားကို နားထောင်ရင်းက 'ငါသိပါတယ်နော်' ဟု မပြောရုံတမယ်သဘောမျိုးဖြင့် မျိုးမြင့် ပြုံးနေ၏။

ဒီအခြေအနေမျိုးမှာတော့ အေးချမ်းသော သံယောဇဉ်တွေကိုပဲ သူ ရယူချင်သေးသည်လေ။

www.burmeseclassic.com

www.burmeseclassic.com

## [၃]

မြောက်ဖက်မုခ် ခြေတော်ရင်းကိုရောက်တော့ မနက်ရှစ်နာရီခွဲခါနီးနေပြီ။

အောက်တိုဘာလကုန်ရက်မို့ မိုးရိပ်နှင့်နှင်းငွေ့ပါးပါးကောင်းကင်မှာ ခြုံလွှမ်းထားသည်။

မာတ်လှေခါးဖြင့် တက်မည်ကြံပြီးမှ ခြေကျင်တက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော်ပေါ်အရောက်မှာပင် ဝတ်ပြုလိုက်သည်။

ဘုရားကို လက်ျာရစ်ပတ်ပြီး ရှင်မကွဲဘုရားရှေ့သို့ လှမ်းလာဖြစ်သည်။

ရှင်မကွဲဘုရားရှေ့သို့ရောက်ပြီး ကိုးနာရီထိုးရန် ဆယ်မိနစ်အလိုတွင် မျိုးမြင့်တို့သုံးဦး ရောက်လာကြ၏။

"ဝင်နီ ရောက်မလာသေးဘူးလား ဇော်လတ်"

ခင်ဇီမေဝင်းက ခရီးဆောင်အိတ်ကို အနားချရင်း မေးသည်။

"ကိုးနာရီထိုး ချိန်းထားတာပဲ ခင်မေဝင်း"

"ဘာလဲ ဇော်လတ်၊ ဝင်နီ ရောက်မလာမှာကို နင် စိုးရိမ်နေတယ် မဟုတ်လား"

မော်မော့်အမေးကို မဖြေဘဲ ဆိတ်ဆိတ်နေဖြစ်သည်။

"ဝင်နီကတော့ ဒီနေ့နေမကုန်ခင် သူ့မာမီလစ်တာနဲ့ ဒီနေရာကို ရောက်လာမှာ သေချာတယ်၊ မနက်ကိုးနာရီကစပြီး သူမလာမချင်း စောင့်ဖို့ စာထဲမှာ အသေအချာ ရေးထားတာပါ"

သူ စိတ်အေးစေရန် မျိုးမြင့်က အားပေးနေ၏။

သူငယ်ချင်းတွေကတော့ သူတို့နှစ်ယောက်အတွက် အားဟက်နေကြသည်။





"ဒီအိတ်ထဲမှာပဲ နင့်အဝတ်အစားက အပေါ်မှာ၊ ဝင်နီ့အဝတ်အစားက အောက်မှာ ပေါင်းထည့်ထားတယ် ဇော်လတ်၊ ဝင်နီ့အတွက်ကတော့ ငါနဲ့ ခင်မေဝင်းတို့ ရှာကြံလာတာ၊ နင့်အတွက်ကတော့ မျိုးမြင့်ယူလာတာ"

"ဇော်လတ် . . . မင်း မငြင်းနဲ့နော်၊ ဝင်နီ့ဆီမှာ ပိုက်ဆံပါလာမှန်း သိပေမယ့် ငါတို့သုံးယောက် စုထားတဲ့ပိုက်ဆံကို မင်းတို့ခရီးအတွက် ပေးလိုက်ချင်တယ်"

ပိုက်ဆံအထပ်လိုက်ကို မျိုးမြင့်က သူ့လက်ထဲသို့ ထည့်ပေး၏။

"ရပါတယ်ကွာ၊ ငါ့မှာလည်း ပါလာသေးတယ်"

"ဘယ်ဟုတ်မလဲ ဇော်လတ်၊ ဝင်နီ့မာမီရန်ကနေ လွတ်ဖို့အတွက် နင်တို့ ဘယ်လောက်ကြာကြာ နေရဦးမယ်မှ မသိဘဲ၊ နင်ယူထားပါ"

ငြင်းလို့မရမှန်းကို သူ သဘောပေါက်သည်။

သူငယ်ချင်းတွေ၏ အားပေးပံ့ပိုးမှုအတွက်လည်း အားတက်မိပြန်သည်။

"နင် ဘယ်ကို သွားမယ်လို့ စိတ်ကူးထားလဲ၊ အလွယ်တကူ ရှာလို့ဖွေလို့ မရနိုင်တဲ့နေရာမျိုးကို နင်ရွေးမှဖြစ်မှာနော်၊ ဝင်နီ



www.burmeseclassic.com

www.burmeseclassic.com



ခာမိတ အပေါင်းအသင်းဆုံးပြီး လက်တံရှည်တာ နင်အသိဆုံးပဲ"

မော်မော်အသိပေးမှပင် သူနှင့်ငြိမ်းတို့ ပုန်းအောင်းရမည့်နေရာကို စိတ်ထဲမှာ သတိရဖြစ်၏။

"အခုလောလောဆယ်တော့ ဘာမှ မစီစဉ်ရသေးဘူး မော်မော်"

"အဲဒါ ခက်တာပေါ့ ဇော်လတ်၊ နင်တို့နှစ်ယောက်က ဘာပဲပြောပြော အကြင်လင်မယားဖြစ်ကြတော့မှာ၊ နင် သွေးအေးနေလို့ ဘယ်ဖြစ်မလဲ၊ ဒီကနေ နင်တို့ ဘယ်ကိုသွားမလဲ"

"စာထဲမှာ ရေးထားတာကတော့ ငါတို့ချင်းတွေ့မှပဲ ဘာဆက်လုပ်မယ်ဆိုတာကို တိုင်ပင်မယ်လို့ ငြိမ်းပြောတာပဲ၊ သူ့မှာ အစီအစဉ် ရှိမှာပါ"

"မဟုတ်ဘူးလေ ဇော်လတ်၊ မင်းမှာလည်း တစ်ခုခုတော့ စဉ်းစားထားရမယ်၊ ငါ အကြံပေးမယ်၊ မင်းနဲ့ငါနဲ့ တစ်ခေါက်သွားလည်တဲ့ ပဲခူးရိုးမနားက တောင်ခြေရွာကို သွားပါလား၊ အဲဒီ သစ်ကွင်းထဲမှာဆိုရင် မင်းတို့အတွက် အလုံခြုံဆုံးပဲ၊ မင်းဦးလေးကလည်း မင်းကို ချစ်တာပဲ မဟုတ်လား"

"ငါလည်း အဲဒီနေရာကို ပထမဆုံး ပြေးမြင်တယ်၊ ဒါပေမဲ့ ရေကြမ်းမြေကြမ်းနေရာကြီးကွ၊ သွားရေးလာရေးကလည်း ခပ်ခက်





ခက်၊ ငြိမ်းနဲ့ဖြစ်မယ် မထင်ဘူး"

"မင်းတို့က ဟန်းနီးမွန်းထွက်ကြတာမှ မဟုတ်ဘဲကွာ၊ အဲဒီကိုပဲသွား၊ ငါ့အမြင်တော့ စိတ်အချဆုံး မင်းတို့ ပုန်းလို့ရတဲ့နေရာပဲ"

"ငြိမ်းနဲ့ တိုင်ပင်ကြည့်ပါဦးမယ်"

"ဝင်နီ့ဆီက ဘာမှအစီအစဉ်မရှိဘူးဆိုရင် မျိုးမြင့်ပြောတဲ့နေရာကိုပဲ သွားကြတော့ ဇော်လတ်"

သူတို့ ပုန်းအောင်းဖို့နေရာကို သူငယ်ချင်းတွေက ဝိုင်းဝန်းစဉ်းစားကြပေမယ့် သူကတော့ ငြိမ်းအလာကိုသာ စိတ်စောနေမိသည်။

အချိန်နာရီတွေကလည်း ကုန်လွယ်လွန်းသည် . . . ဟု ထင် မိသည်။

မနက်ဆယ်နာရီခွဲတာကိုပင် ဘာမှမကြာလိုက်ဟု စိတ်မှာ ထင်မိပြန်၏။

ဆယ့်တစ်နာရီထိုးပြီးသည့်အချိန်အထိ ငြိမ်း ရောက်မလာ

www.burmeseclassic.com



သေး။

ခင်မေဝင်းကတော့ အစာပြေစားဖို့ တစ်ခုခုသွားဝယ်ပြီး ပြန်ရောက်လာ၏။

"မင်းလက်ထဲက ဘာလဲ ဇော်လတ်"

"ငြိမ်းပေးခဲ့တဲ့ ခရစ်စမတ်ကတ်လေ"

"အဲဒီကတ်က အရေးမကြီးဘူး၊ မင်း စိစစ်ရေးကတ်ပြား ရော ပါလာရဲ့လား"

ပါတယ်၊ ဒီခရစ်စမတ်ကတ်လေးက အရေးကြီးတာပေါ့ ငါနဲ့ အမြဲမကွာ ထားရမယ်လို့ စပေးကတည်းက ငြိမ်း ပြောခဲ့တာ၊ ဒါကြောင့်မို့ ဒီကတ်လေးကို မပါပါအောင် ငါယူလာမိတာ"

အရေးထဲမှာ သည်းပြနေသည် . , . ဟု သူငယ်ချင်းတွေ ထင်ကြမည်လား မသိပေ။

"မင်းတို့ချစ်ချင်းကို အသိအမှတ်ပြုတာလည်း ဒီခရစ်စမတ်ကတ်လေးပဲ၊ မင်းတို့နှစ်ယောက်ကြားမှာ အခုလို အခြေအနေထိ ဖြစ်လာအောင် ဖန်တီးခဲ့တာလည်း ဒီကတ်ပြားလေးပဲဆိုတာ မင်းတွေးမိရဲ့လား ဇော်လတ်"

"ဝင်နီ့ကြောင့် ဒီလိုဖြစ်တာတော့ မဟုတ်ပါဘူး၊ ဝင်နီ့မာမီရဲ့စိတ်ကြောင့် ဒီလိုဖြစ်တာ၊ ဝင်နီ့ကို ဇော်လတ်နဲ့ မကွဲ ကွဲအောင်





လုပ်ပြီး ဒေါက်တာစောဗလနဲ့ လက်ထပ်ပေးချင်တာလည်း ဝင်နီ့မာမီပဲ၊ ဒေါက်တာစောဗလက ဝင်နီ့မာမီအထောက်အပံ့နဲ့ ဆရာဝန်ဖြစ်ခဲ့တဲ့လူ၊ ဝင်နီ့မာမီရဲ့ ပြောစကားကို မြေဝယ်မကျ နားထောင်တဲ့သူ၊ သူ့လို အိမ်ထောင်ရေးမှာ အဆင်မပြေဖြစ်မှာကို အတွေးဝင်ပြီး ဇော်လတ်နဲ့ မပေးစားချင်တာ အဓိကအချက်ပဲ"

"ဝင်နီကတော့ ဝင်နီ့မာမီလို မဟုတ်ဘူး၊ ငယ်ငယ်ကတည်းက ကွဲသွားတဲ့ သူ့အဖေလိုပဲ"

"ဝင်နီ့အဖေနဲ့ ကွဲခဲ့ပြခဲ့ အယူအဆမတူခဲ့တာလည်း ဝင်နီ့မာမီရဲ့ အစွန်းရောက်အတ္တကြောင့်ပဲ"

"ဒါနဲ့ ဝင်နီ့အညာဖကိုလည်း ဝင်နီ့မာမီက သူကြိုးဆွဲရာ ရမယ်ထင်ပြီး ယူခဲ့တာ မဟုတ်လား၊ တကယ်တမ်းကျတော့ ဝင်နီ့မာမီ ဖြစ်စေချင်သလို ဝင်နီ့အဖေက ဘာတစ်ခုမှ မလုပ်ခဲ့ဘူး၊ ဝင်နီ့အဖေလည်း ဒဏ်မခံနိုင်တဲ့အဆုံး ဝင်နီတို့ကို ထားခဲ့ပြီး ထွက်သွားခဲ့တာ မဟုတ်လား"

သူငယ်ချင်းတွေ၏ စကားသံများကို နားထောင်ရင်းကပင် ဆည်းလည်းလှုပ်ခတ်သံများက ရင်ထဲထိအောင် ရောက်လာ၏။

အေးငြိမ်းရာ ဘုရားရိပ်တရားရိပ်မှာ ခိုလှုံရင်းကပင် သူနှင့်ငြိမ်းတို့၏ အနာဂတ်ကို စိတ်မောမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝင်နီကတော့ ဘာသာနှစ်ခုစလုံးကို ယုံကြည်ကိုးကွယ်တာ အမှန်ပဲ၊ ဒီလိုပဲ ဖြစ်သင့်ပါတယ်၊ တကယ်တော့ လူတွေကြောင့်ပဲ၊ အဓိကပြောရရင် လူတွေရဲ့ ကိုယ်ပိုင်အတ္တကြီးမှုကြောင့် အယူအဆတွေကွဲပြီး ဒီနေ့ကမ္ဘာမှာတောင် မငြိမ်းချမ်းတဲ့ အဖြစ်အပျက်တွေ ဖြစ်ပျက်နေတာ၊ လူတစ်ယောက်ဟာ ဖြစ်ချင်လွန်းတဲ့ ကိုယ်ပိုင်အတ္တကြီးရှိမကဘူး သူ့လုပ်ပိုင်ခွင့်ကလည်း အရာရောက်မယ်၊ သူ့ဩဇာကလည်း အရှိန်အဝါကြီးမယ်ဆိုရင် သူ့ပတ်ဝန်းကျင်က လူတွေကတော့ ဘယ်တော့မှ ငြိမ်းငြိမ်းချမ်းချမ်း နေရရှာမှာ မဟုတ်ဘူး"

"ဘာလဲ နင်တို့က ဝင်နီ့မာမီအကြောင်းကို တဲ့တဲ့ပြောနေကြတာလား"

ဘယ်သူတွေ ဘာတွေပဲပြောပြော သူကတော့ ငြိမ်းအလာကိုသာ စိတ်စောနေမိ၏။

မွန်းတည့်ချိန်တောင် လွန်နေပြီပဲ။ ငြိမ်းတစ်ယောက် အလာခက်နေပြီလား မသိ။

"ငြိမ်း ထွက်လို့မရရင်တော့ ဒုက္ခပါပဲ"

"စိတ်အေးအေးထား ဇော်လတ်၊ ငါတို့ပါ နေကုန်တဲ့အထိ မင်းနဲ့အတူတူ စောင့်ပေးမယ်၊ ဝင်နီ ရောက်လာမှာပါ"





"နင်တို့ မှတ်မိသေးလား၊ ဝင်နီ့ဆီက အဖြေရပြီး ခရစ်စမတ်လွန်တော့ ဇန်နဝါရီလထဲမှာ ငါ့အိမ်မှာ ဘုရားကိုးဆူကပ်တဲ့ညလေ၊ အဲဒီတုန်းကလည်း ငါတို့တွေ မျှော်ရတာ လည်ပင်းရှည်လိုက်ကြရတာ၊ နောက်ဆုံးတော့ ဝင်နီ့မာမီကိုယ်တိုင် ကားနဲ့ လိုက်ပို့ပေးခဲ့တာ မဟုတ်လား"

"လိုက်ပို့တာ မှန်ပေမယ့် အဲဒီညက ဆက်ဖြစ်တဲ့ပြဿနာတွေက ဒီနေ့အထိ အမျှင်မပြတ်သေးဘူး၊ အဲဒီညမှာပဲ ဝင်နီနဲ့ ဇော်လတ်တို့အကြောင်းကို ဝင်နီ့မာမီသိသွားခဲ့တာ မဟုတ်လား"

အတိတ်က အဖြစ်အပျက်များကို အစ,ဖော်ပေးတော့မှ သူ့စိတ်ထဲမှာ ပိုစိုးရိမ်ကြောက်လန့်သွားမိသည်။ အဲဒီအခါတုန်းကလည်း . . . .။

www.burmeseclassic.com

www.burmeseclassic.com

## [၉]

ဇော် . . .

မပြောကြပေမယ့် သံယောဇဉ်ရှိကြသူချင်းမို့

အစစ နားလည်ပြီးသားပါကွယ်

သံယောဇဉ်ရှိလက်စ ဆိုပေမယ့် ကံတိုင်းတွေ

ကြောင့်ပဲ ဇော့်ကို မချစ်မိအောင် ငြိမ်း ကြိုးစားခဲ့တယ်။

အဲဒီလို ကြိုးစားနေမိလို့ပဲ ငြိမ်း . . . ဇော့်ကို ချစ်မိတာကို



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံရတော့မယ်။

ဒီစကားလောက်နဲ့တင် ဖော် ကျေနပ်
ဝမ်းမြောက်မယ် ထင်ပါတယ်။

ထာဝရချစ်ခြင်းဖြင့်
ငြိမ်း

၆

ဇန်နဝါရီ၏ ပထမအပတ်မို့ အမှောင်နှင့်အတူ ပတ်ဝန်းကျင်မှာ နှင်းတို့ ဝေ့ဝဲနေ၏။

ဒီနှစ် ခရစ်စမတ်ကို ငြိမ်း အိမ်မှာပင် ကျင်းပခဲ့သည်။ ပွဲပြီးခါနီးအပြန်မှာပင် ငြိမ်းက ခရစ်စမတ်ကတ်ပြားလေးတစ်ခု ပေးလိုက်သည်။ ထိုကတ်ပြားလေးပေါ်မှာပင် သူ အတောင့်တဆုံးသော စကားများကို ငြိမ်း ရေးပေးလိုက်၏။

"မင်းမှာလည်း ဒီကတ်ပြားလေးပေါ်က စာတွေကို ပြန်ပြန်ကြည့်လွန်းလို့ အလွတ်နီးပါး ရနေပြီ မဟုတ်လား ဖော်လတ် မော်မော်တို့က ကြာဆံဟင်းခါးသောက်ဖို့ စောင့်နေကြတယ်၊ ဘုရားရှိခိုးပြီးကတည်းက မင်းက ပျောက်နေလိုက်တာ"

ခရစ်စမတ်အပြီး အဖြေရပြီးကတည်းက ငြိမ်းနှင့် လူချင်း





မဆုံဖြစ်။ ငြိမ်းတစ်ယောက် သူ့မာမီနှင့်အတူ တောင်ကြီးဘက်ကို အလည်လိုက်သွားရ၏။ ငြိမ်းပြန်ရောက်နေပြီဆိုတာကို မော်မော်တို့ထံမှတစ်ဆင့် ကြားရသည်။

ဒီနေ့ည မော်မော်တို့ဘုရားကိုးဆူကပ်ပွဲကိုတော့ ငြိမ်း ရောက်အောင်လာမည် . . . ဟု သတင်းရသည်။

"စားလေ ဖော်လတ်၊ ဝင်နီက လာမယ်ဆိုပေမယ့် သေချာပေါက် ထွက်လို့မရဘူး၊ ဘုရားကိုးဆူလို့ သိတာနဲ့ ဝင်နီ့မာမီက လွှတ်ပါ့မလား မသိဘူး"

သူငယ်ချင်းမက ချမ်းစိမ့်စိမ့်ဖြင့် ကြာဆံဟင်းခါးပူပူလေးကို အားပါးတရ သောက်နေကြသည်။

သူကတော့ ငေးမောစွာဖြင့် မထိတို့ဖြစ်သေး။

"ရောက်အောင်လာမယ်လို့တော့ ပြောတယ် ခင်မေဝင်း၊ ဘာဖြစ်လို့လဲဆိုတော့ ဖော်လတ်နဲ့လည်း တွေ့ချင်သေးတာကိုး၊ မြင်တွေ့ရတာကြာလို့ ဖော်လတ်ကိုလည်း ဝင်နီ လွမ်းနေမှာပေါ့"

မော်မော့်စကားကြောင့်ပင် ရင်ထဲမှာ သာမန်ထက် အေးမြသွား၏။

"ဝင်နီကတော့ ပြောပြီးတဲ့စကားကို အမြဲတမ်း တည်အောင်လုပ်လေ့ရှိတာပဲ၊ အချိန်တွေ ကျန်ပါသေးတယ်၊ အခုမှ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီခွဲကျော်ကျော်ပဲ ရှိသေးတာပဲဥစ္စာ၊ ဝင်နီရောက်လာမှာပါ"

"ငါ့အနေနဲ့ကတော့ အရမ်းတွေ့ချင်နေလို့များလား မသိဘူး၊ ငြိမ်း ရောက်မလာမှာကို တွေးပူမိနေတာ အမှန်ပဲကွာ"

လွန်ခဲ့သော ခရစ်စမတ်တစ်ညကို လွမ်း၏။ အဲဒီညတုန်းက သန်းခေါင်ယံအချိန်အထိ ငြိမ်းအနားမှာ နေခွင့်ရခဲ့သည်ပဲ။

ညခုနစ်နာရီထိုးတော့ ဝန်းကျင်မှာ နှင်းတို့က ပိပိသသ၊ မော်မော်တို့ ဘုရားကိုးဆူပွဲလည်း လူကျဲပါးစပြုလာ၏။

ထိုစဉ်မှာပင် မော်မော်တို့ခြံဝင်းအတွင်းသို့ ကားမီးရောင် ဝေ့ယမ်းလိုက်၏။

"အိမ်ရှေ့မှာ ကားတစ်စီးရပ်တယ် သမီးရေ"

မော်မော့်မေမေ၏စကားသံကြောင့်ပင် ခြံဝသို့ အကြည့်ပြိုင်တူရောက်ဖြစ်ကြသည်။ နှင်းရိပ်တို့အောက်မှာပင် မာစီးဒီး အနက်ရောင်ကို မြင်တွေ့လိုက်ရ၏။





"ငြိမ်း တကယ်ရောက်လာတာပဲ"

နေရာမှ ပထမဆုံး ထဖြစ်သူမှာ သူဖြစ်နေတော့၏။

ငြိမ်းကတော့ ကားပေါ်မှ လူကို တစ်စုံတစ်ခု ပြန်ပြောနေသည်။

ကားထွက်သွားတော့မှ ခြံထဲသို့ ငြိမ်းဝင်လာ၏။

"ဝင်နီ့ကို မျှော်ရလွန်းလို့ မစားနိုင်မသောက်နိုင်နဲ့ ဖော်လတ်လည်ပင်း ညောင်ရေအိုး ဖြစ်နေရတာ"

"ပြောမနေပါနဲ့ မော်မော်ရာ၊ ပထမတော့ လွတ်မလိုလို့နဲ့၊ ဘုရားကိုးဆူဆိုတာနဲ့ ချက်ချင်း မျက်နှာပျက်သွားတာ၊ အတိုက်အခံတွေ အပေးအယူတွေ လုပ်ပြီးမှ ထွက်လာရတာ"

မော်မော်တို့ကို ပြောပြနေပေမယ့် ငြိမ်း၏မျက်နှာအကြည့်တော့ သူ့ထံမှာ ရှိနေသည်။

အရင်တုန်းက မြင်နေတွေ့နေကျထက် ချစ်သူ၏သဏ္ဌာန်က ပိုလှနေသည်ဟု ထင်မိသည်။

နှင်းများကို အကာကွယ်ယူဖို့ ဝတ်ဆင်ထားသော အနီရောင်ဆွယ်တာလေးနှင့် ချစ်သူက လိုက်ဖက်လွန်းသည်။

"နှင် ဘယ်လောက်အချိန်ရလဲ ဝင်နီ"

"နှစ်နာရီ . . . အခုလည်း ကားပေါ်မှာ မာမီကိုပြောတိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါလာတာ၊ ကိုးနာရီထိုးရင် ဒီအိမ်ရှေ့ကို ကားပြန်ရောက်လာမှာလေ"

ပတ်ဝန်းကျင်က အေးစိမ့်နေပေမယ့် ငြိမ်း၏နားသယ်စမှာ ချွေးစတို့ စွန်းထင်နေ၏။

"ကြာဆံဟင်းခါးကို သောက်လိုက်ဦး ငြိမ်း၊ ငြိမ်း ရောက်လာမှပဲ ကြာဆံဟင်းခါးကို အရသာခံပြီး သောက်ဖြစ်တော့တယ်"

"ဖော် . . . ပိန်သွားတယ်"

"ငြိမ်းကို လွမ်းလို့လေ"

လူတွေရှေ့မှာဆိုသောအသိက နှစ်ယောက်စလုံးမှာ မရှိကြတော့ပြီလား။ စကားများဖြင့် ကြင်နာမှုတွေကို ပြသနေဖြစ်သည်။

"ကဲ . . . သိပ်လည်း အကဲမပိုကြနဲ့ဦး၊ မြန်မြန်စားကြ သောက်ကြ၊ နောက်ထပ် အစီအစဉ်ရှိသေးတယ်"

မျိုးမြင့်က ပြောင်ပြောင်နောက်နောက်ဖြင့် ဆော်သြလိုက်သည်။

"ဘာများလဲ"

"ဒီလို ဝင်နီရေ၊ ခဏနေရင် လွတ်လပ်ရေးကွင်းဘက်ကို သွားကြမယ်လေ၊ အဲဒါကို ပြောတာ"





မော်မော်တို့အိမ်မှာထက် အပြင်မှာက ပိုပြီးလွတ်လပ်မည်။ သူငယ်ချင်းတွေကတော့ သူနှင့်ငြိမ်းတို့အတွက် လမ်းခင်းပေးသည်။

သူငယ်ချင်းများ၏အကြံကို သူရောငြိမ်းပါ မကန့်ကွက်ဖြစ်ကြပေ။

လွတ်လပ်ရေးပွဲဈေးတန်းကို အတူလျှောက်ကြရင်း ဘူးသီးကြော်ဝင်စားဖြစ်ကြသည်။

မျိုးမြင့်တို့ မော်မော်တို့က အကြော်ပူပူနွေးနွေးကို အချဉ်ရည်တို့ပြီး အားပါးတရ စားကြပေမယ့် သူနှင့်ငြိမ်းကတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မဝကြသေးပေ။

"ဒီပွဲဈေးတန်းကို ထွက်လာကတည်းက ငါတို့က စားဖို့သောက်ဖို့ပဲ၊ မင်းတို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောရအောင် စီစဉ်တာ၊ ငါတို့ရှိနေတော့ မင်းတို့ မလွတ်လပ်ဘူးဖြစ်နေတာ"

"နင်တို့နှစ်ယောက် ငါတို့နဲ့ ခွဲထွက်ပြီး တစ်နေရာရာကို



www.burmeseclassic.com

www.burmeseclassic.com



သွားကြ၊ ရှစ်နာရီခွဲမှာ ဒီဆိုင်မှာပဲ ပြန်ဆုံကြမယ်"

သူငယ်ချင်းတွေက ဝိုင်းပြောကြပေမယ့် ဘယ်နေရာကို သွားရမှန်းမသိ။ ချစ်သူနှစ်ဦး ရသမျှ မိနစ်ပိုင်းလေးမှာတော့ ကြည်နူးနေချင်တာပဲ သိ၏။

"ငါတို့က ဘယ်နေရာကို သွားရမှာလဲ မျိုးမြင့်"

ညဲ့လွှန်းတယ် . . . ဟု မျိုးမြင့်က သူ့ကို ကဲ့ရဲ့၏။ မျိုးမြင့် ပြောလည်း ခံရရုံသာ ရှိသည်။

ငြိမ်းနှင့်တွေ့ချင်သည်ကလွဲပြီး သူ့မှာ စိတ်ကူးစိတ်သန်း ဘာမှမရှိ။

"အဲဒါ ခက်တာပေါ့"

"လာ . . ဇော် . . . သူတို့ကို ထားခဲ့"

"ဘယ်သွားမလဲ ငြိမ်း"

"ဇော် . . . လှေလှော်တတ်တယ် မဟုတ်လား"

"ကျွမ်းကျွမ်းကျင်ကျင်ကြီးတော့ မဟုတ်ဘူး ငြိမ်း"

အခုထက်ထိ အရိပ်ပြလို့ သူ့အနေနှင့် အကောင်မမြင်မိ။

ခင်မေဝင်း ပြောမှပင် သူ သဘောပေါက်မိသည်။

"သေလိုက်ပါတော့ ဇော်လတ်ရယ်၊ နင့်ကို ဝင်နီက လှေလှော်ပြိုင်ပွဲဝင်ဖို့ ခေါ်နေတာ မဟုတ်ဘူး၊ ဟိုမှာ တွေ့လား၊ ရေကန်





အစပ်မှာ လှေဆိပ်ဖွင့်ထားတာ"

နေရာအထမှာ ငြိမ်းက သူ့လက်ကို တွဲသည်။

လှေဆိပ်ရှိရာသို့ မိုးမမြင် လေမမြင်ဖြင့် ငြိမ်းနှင့်အတူ ထွက်လာဖြစ်၏။

ကမ်းနှင့်ဝေးရာသို့ လှည့်လည်လှော်ခပ်ရင်း ပေဒါတော နားတွင် ခဏနားသည်။ လရောင်အောက် နှင်းမှုန်မှုန်ကြားတွင် လှေကလေးတွေ အသီးသီးရှိနေကြတာကို အတိုင်းသား တွေ့ရ၏။

"ဒီကိုလာဖို့ မာမီနဲ့ ဘာတွေ အပေးအယူ လုပ်ခဲ့လဲ ငြိမ်း"

လှော်တက်ကို ဘေးနားချထားပြီး ငြိမ်းနှင့် ပူးကပ်ပြီး ထိုင်လိုက်သည်။ ရင်ခွင်ထဲသို့ ငြိမ်းကိုယ်လေး အလိုလိုယိုင်ကျလာ၏။

"ဇော် . . . မသိချင်ပါနဲ့ကွာ"

"ငြိမ်း အရဲစွန့်ခဲ့ရတာကို သိချင်လို့ပါ"

"ငြိမ်းကို ပေဒါပွင့်လေးတွေ ခူးပေးပါ ဇော်"



www.burmeseclassic.com

www.burmeseclassic.com



စကားဖြတ်ပစ်သလို ဖြစ်သွားသောကြောင့် ဆက်မမေးဖြစ်ဘဲ ငြိမ်းအလိုကျ ဗေဒါပွင့်ပြာပြာလေးကို ချိုးပေးလိုက်၏။

“ငြိမ်းကို အရမ်းချစ်တယ် သိလား”

ငြိမ်း မဖြေ။

ငြိမ်းလက်ထဲမှာရှိနေသော ဗေဒါရိုးလေးများကတော့ ကျိုးကြေနေပြီလား။

“အတူတူပဲပေါ့ ဇော်ရယ်”

“တကယ်လို့များပေါ့လေ ဒီဘဝမှာ ငြိမ်းနဲ့ မပေါင်းရရင်တောင်မှ ချစ်ခွင့်ရတဲ့အချိန်လေးတွေအတွက် ရင်ကျိုးရကျိုးနပ်မယ့်သူပါ ငြိမ်းရယ်”

“မပြောနဲ့ကွယ်၊ ဝမ်းနည်းခြင်းတွေအတွက် ငြိမ်းတို့သံယောဇဉ်တွေ၊ ချစ်ခြင်းတွေ ဖြစ်တည်ခဲ့ကြတာမှ မဟုတ်ဘဲ”

အသက်ရှူသံတို့ကို အတိုင်းသားကြားနေရပြီး ကိုယ်စီတိတ်ဆိတ်နေဖြစ်ကြ၏။

ထိုအခိုက်အတန့်လေးမှာပင် လှေဆိပ်ပြန်ကြားရေးဌာနမှ သူတို့အမည်တွေကို ခေါ်သံထွက်လာတော့၏။

လှေဆိပ်ရှိရာသို့ နှစ်ဦးသားပြိုင်တူကြည့်ဖြစ်သည်။

ငြိမ်းတို့၏ မာစီးဒီးကားကို ကမ်းဦးထိပ်မှာ ရေးရေးမြင်





လိုက်ရသည်။

“ဒုက္ခတော့ဖြစ်ပြီ ဇော်၊ မာမီလိုက်လာပြီ”

ငြိမ်းအသံတွေ တုန်ယင်နေ၏။ သူ့စိတ်ထဲမှာလည်း အလိုလို ကြောက်ရွံ့နေသည်။ လှော်တက်ကို ကိုင်ပြီး တုန်တုန်ရီရီဖြင့် ကမ်းသို့ ပြန်ကပ်ခဲ့ရသည်။

“ဘုရားကိုးဆူက ဗေဒါတောထဲမှာ လုပ်တာလား ဝင်နီ”

ငြိမ်းလက်ကို ဆောင့်ဆွဲရင်းက ငြိမ်းမာမီ မေး၏။ မျိုးမြင့်တို့ အုပ်စုလည်း မျက်စိမျက်နှာပျက်နေ၏။ ငြိမ်းမာမီနှင့်အတူ ဆရာဦးစောဝင်းဌေးလည်း ပါလာ၏။

“ဦးစောဝင်းဌေးကိုယုံလို့ ကျွန်မ သမီးလေး အပ်ထားမိတာ ကိုယ်ကျိုးနည်းပါရောလား၊ လာ သမီး၊ မာမီတို့ ပြန်ကြမယ်”

မလိုက်ချင်လိုက်ချင်ဖြင့် ငြိမ်းတစ်ယောက် ကားပေါ်ပါသွားတော့သည်။

ဆရာကတော့ သူ့ပခုံးကို ညင်သာစွာ လာဖက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကို တောင်းပန်စကားဆိုမိ၏။

"ကျွန်တော်နဲ့ငြိမ်းကြောင့် ဆရာ ဒီလိုအပြောခံရတာ"

"ဘာတတ်နိုင်မှာလဲ ဇော်လတ်ရယ်၊ ကိုယ်လည်း မင်းတို့ကို သတိပေးမလို့ပါပဲ၊ ဒေါ်အယ်နီစိတ်ကို ဆရာ အသိဆုံးပဲ၊ ဖြစ်ပြီး တာတွေကို မေ့လိုက်ပါ၊ အကောင်းဆုံးကတော့ ဝင်နီကို မင်းရင်ထဲ ကနေ ထုတ်ပစ်လိုက်ပါ"

"ဆရာ"

"ကိုယ်ချင်းမစာရက်လိုက်တာလို့ ထင်ကောင်းထင်မယ် အနာဆိုတာ နုတဲ့အချိန်မှာ ပျောက်အောင်ကုတာ အကောင်းဆုံးပဲ မင်းတို့နှစ်ယောက်က ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ကြဘူးလေ"

ပတ်ဝန်းကျင်က အေးစိမ့်နေပေမယ့် ရင်ထဲမှာတော့ ဖွဲမီး ပူနှယ် လောင်မြိုက်နေရသည်။ ဖြစ်သင့်တာ မှန်ပေမယ့် မချိတင်ကဲ ဖြင့် ကတိပေးဖို့ နှုတ်နည်းနေဖြစ်သည်။ ငြိမ်းကို မေ့ပစ်လို့မှ မရနိုင် ဘဲလေ။

❦ ❦ ❦

**( ၅ )**

အတိတ်က အဖြစ်အပျက်များကို သူတစ်ယောက်တည်း တွေးနေ၏။ မျိုးမြင့်တို့လည်း စကားတွေ ပြောရလွန်းလို့ ထင်သည်။ ဖြတ်သွားဖြတ်လာ ဘုရားဖူးများကို ငေးကြည့်ရင်း နှုတ်ဆိတ်နေ ကြပြန်သည်။

"ဝင်နီ လာနေပြီ ဇော်လတ်"

ခင်မေဝင်းက ငြိမ်းသဏ္ဍာန်ကို အရင်ဦးဆုံး မြင်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ အပူလုံးကျသွားသလိုပဲ အားလုံး၏မျက်နှာတို့သည်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။

"နင်တို့တွေပါ ရှိနေကြတာကိုး၊ အရေးထဲ အကြောင်းထဲမှာ နင်တို့တွေက ဘာလာလုပ်ကြတာတုန်း"

ငြိမ်းမျက်နှာမှာ အမောမပြေသေး။ ငြိမ်းပြောလိုက်သော စကားကြောင့်ပင် သူအပါအဝင် အားလုံး ဘာပြန်ပြောရမှန်းမသိ။

"သူတို့က ဖော်နဲ့ အဖော်လုပ်ပေးနေကြတာလေ၊ ကိုးနာရီ ထိုးကတည်းက ဒီနေရာမှာ ဖော်နဲ့အတူတူ သူတို့တွေ ရှိနေကြတာ ငြိမ်းအတွက်ရော၊ ဖော်အတွက်ပါ အဝတ်အစားတွေကို သူတို့ပဲ စီစဉ်ပေးကြတာ"

မျိုးမြင့်တို့ ယူလာပေးသော ခရီးဆောင်အိတ်ကို ပြရင်း သူ ပြောပြလိုက်သည်။

"ဟုတ်တယ်လေ ဝင်နီ၊ နင်တို့အတွက် ငါတို့က ပံ့ပိုးပေးနိုင်သမျှ ပံ့ပိုးပေးတာ၊ နင်က ဒီစကားမျိုးကြီး ပြောလိုက်တော့ ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်သွားမှန်းတောင် မသိဘူး"

ခင်မေဝင်းကတော့ မျက်နှာငယ်လေးဖြင့် ငြိမ်းကို စကားနာထိုးလိုက်၏။

"ဆောရီးပဲဟာ၊ ဒီနေရာမှာ နင်တို့တွေ ရှိနေမယ်လို့ ငါ





မထင်ထားဘူး၊ တကယ်လည်း ရှိမနေသင့်ဘူး၊ နင်တို့ ရှိနေတာဟာ၊ ငါတို့နှစ်ယောက်အတွက် ကျောမလုံတာတော့ အမှန်ပဲ၊ ဒါကြောင့် ငါ ပြောလိုက်မိတာ"

"နင် အခုအိမ်ကနေ ထွက်လာတာလား ဝင်နီ"

မော်မော်ကတော့ ငြိမ်း အခက်အခဲကို သိချင်၍ ဝင်စပ်စုသည်။

"မနက်ကိုးနာရီ ထိုးကတည်းက ငါ အိမ်ကထွက်ဖို့ ကြိုးစားတာ လုံးဝမအောင်မြင်ဘူး၊ ငါ ဒီလိုလုပ်လိမ့်မယ်လို့ မာမီ မတွက်ထားဘူး၊ ဒါပေမဲ့ ငါ့ကို အပြင်ပေးထွက်ဖို့ အစီအစဉ်တော့ မာမီ့မှာ မရှိဘူး"

"ဒါဆို . . . အိမ်ကနေ ဘယ်လို လစ်ထွက်လာခဲ့တာတုန်း"

"ဆယ်နာရီလောက်မှာတော့ အပြင်သွားဖို့ စကားစကြည့်တယ်၊ မာမီက မလွှတ်ဘူး၊ ငါလည်း ဣန္ဒြေရရ ပြန်နေလိုက်တယ်၊ ကောင်းတယ်လို့ ပြောရမှာပဲ၊ ဆယ့်နှစ်နာရီထိုးခါနီးလောက်မှာ စောဗလ ရောက်လာတယ်၊ ဦးစောဗလနဲ့ငါက နှစ်ယောက်တည်း အပြင်တွေ ဘာတွေ ထွက်ဖူးတာ မဟုတ်ဘူး၊ မာမီ အတူတူလွှတ် လိုင်း တစ်ခုခုအကြောင်းပြပြီး ငါခြင်းတာ၊ ဦးစောဗလကလည်း ပြောသွားရမှာ ရက်ပိုင်းပဲ လိုတော့တာ မဟုတ်လား၊ ဒီမှာအင်



www.burmeseclassic.com

www.burmeseclassic.com



မာမီက မင်းညီမက အပြင်သွားချင်နေတယ်လို့ ပြောတယ်၊ မင်း အားရင် လိုက်ပို့ပေးလိုက်ပါလားလို့ ငါ့ရှေ့မှာတင် မာမီ ပြောတယ်၊ ငါက ဝမ်းသာသွားပေမယ့် အပြင်သွားချင်တာကို ချက်ချင်း ဟန် ရေးမပြဘူး၊ မာမီ ရိပ်မိမှာ စိုးလို့လေ၊ မာမီ အဝတ်အစားလဲခိုင်း တာကိုတောင် ပေကပ်ကပ်လုပ်နေလိုက်သေးတယ်"

ဒေါက်တာစောဗလကတော့ ဒီနေ့အဖို့ ဆွမ်းခံရင်း ငှက် သင့်တာပဲဟု ပြောရမလိုပင်။ သူ့နောက်ကို လိုက်မယ်မှန်းသိရင် ဒေါက်တာစောဗလ အပြင်ကို ခေါ်ထုတ်လာမှာ မဟုတ်သလို၊ ငြိမ်း မာမီကလည်း လိုလိုချင်ချင်နှင့် ထည့်ပေးလိုက်မှာ မဟုတ်ပေ။

"ဒါဆို . . . ဒေါက်တာစောဗလကို ဘယ်လိုခေါက်ပြီး ထားခဲ့လဲ ဝင်နီ"

"လာမယ့် ဆန်းဒေးမှာ ဒေါက်တာစောဗလ ဂျပန်ကို တစ်လခရီးသွားရမှာ မဟုတ်လား၊ အဲဒီနေ့မှာ ငါက လေယာဉ်ကွင်း လိုက်ပို့ရမှာ၊ ငါ ဝတ်ဖို့အကျႌကို ဗိုလ်ချုပ်ဈေးက ဆိုင်မှာ အပ်ထား တာ ရှိတယ်၊ သူ့ကို ကားပေါ်မှာပဲ ခဏစောင့်ခိုင်းပြီး အကျႌရွေး မယ်လို့ အကြောင်းပြပြီး ငါ လစ်ထွက်ခဲ့တာပဲ"

ဗိုလ်ချုပ်ဈေးနှင့်ဘုရားသည် အဝေးကြီးမဟုတ်။ အခုချိန် လောက်ဆိုရင်တော့ တစ်ခုခု အမှားအယွင်းဖြစ်ပြီဆိုတာ





ဒေါက်တာစောဗလတစ်ယောက် ရိပ်စားမိလောက်ပြီထင်၏။

"အခုချိန်ဆိုရင်တော့ အဲဒီလူကြီး ဖင်ထဲပဒပ်ဝင်နေမှာ သေချာပြီ၊ စက်ဆိုင်ကိုရော သူသိလား"

"ဘယ်သိမှာလဲ မော်မော်ရာ၊ ဗိုလ်ချုပ်ဈေးထဲ ပတ်ပြီးရှာ ရင် ရှာနေလောက်ပြီ၊ ငါရောက်ရောက်ချင်း နင်တို့ကို အပြစ်ပြော တာ အခြားမဟုတ်ဘူး၊ နောက်နာရီဝက်လောက်ဆို ငါ လစ်ထွက် သွားပြီဆိုတာကို သူသိပြီ၊ မာမီ့ဆီ ချက်ချင်း ဖုန်းဆက်မှာပဲ၊ မာမီ ကလည်း ငါထွက်ပြေးပြီဆိုတာကို ချက်ချင်းသိတော့မှာ၊ နင်တို့အိမ် တွေကို ပထမဆုံး ရောက်လာတော့မှာပဲ၊ နင်တို့ရှိမနေရင် နင်တို့ပါ ကြံရာပါဆိုတာကို သိပြီး ခြေရာခံတော့မှာ၊ ဒီတော့ နင်တို့တွေ အခုချက်ချင်း အိမ်အမြန်ပြန်ပြီး ဟန်မပျက်နေကြပေတော့၊ မြန်မြန် သွားကြတော့ ငါတို့လည်း ဒီနေရာက အမြန်ဆုံးထွက်တော့မယ်"

"နေပါဦး၊ ငါတို့က သွားမှာပါ၊ နင်တို့က ဘယ်ကိုပြေးကြ မလဲ၊ ပြောပြဦးလေဟာ"

"ငါတို့ ပုန်းခိုမယ့်နေရာကို နင်တို့ မသိတာ အကောင်းဆုံး မာမီက နင်တို့ကို အကျပ်ကိုင်ရင်ကိုင်မှာ၊ သွားမှာသာ သွားကြ ပါ၊ ဒီအခြေအနေလောက်ပဲ နင်တို့သိတာ ပြဿနာမရှိဘူး"

ငြိမ်းကတော့ သူ့မာမီအကြောင်းကို သိနေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ပိပိရိရိနှင့် လုပ်ပြနေသည်။ ငြိမ်းစကားက မှန်နေသည်မို့ မျိုးမြင့်တို့သုံးယောက်သား ဘာမှ စောဒကမတက်တော့ဘဲ ထွက်သွားကြ၏။

"ဇော် . . . ဒီရှင်မကွဲဘုရားမှာ ဇော်နဲ့ငြိမ်းတို့ သစ္စာဆိုရအောင်၊ ဒီဘဝအတွက် ဘယ်အခါမှာပဲဖြစ်ဖြစ်၊ ဘယ်လိုအခက်အခဲမျိုးနဲ့ ရင်ဆိုင်ရ ရင်ဆိုင်ရ အသက်ရှင်နေသမျှ မကွဲမကွာ နေနိုင်ဖို့ သစ္စာဆိုကြမယ် ဇော်"

မျိုးမြင့်တို့ ထွက်သွားသည်နှင့် သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ငြိမ်းပြောလာသည်။ ငြိမ်းပြောသလိုပင် သူလိုက်လုပ်ဖို့ပဲ ရှိတော့၏။ အခုချိန်အထိတော့ ရှေ့ဆက်မည့် ခရီးစဉ်အသေးစိတ်ကို ငြိမ်းမပြောပြသေးပေ။

ရှင်မကွဲဘုရားမှာ သစ္စာပန်ပြီးတော့ ရှေ့ခရီးကို သိချင်သောကြောင့် သူမေးလိုက်သည်။

"ဒီကနေပြီး ရှေ့ဆက် ဘယ်လိုခရီးသွားကြမှာလဲ ငြိမ်း





ဇော်တို့အတွက် လုံခြုံတဲ့နေရာတော့ ရှိတယ်၊ ဇော် ပြောပြောနေတာကို ငြိမ်းလည်း ကြားဖူးမှာပါ၊ ပဲခူးရိုးမတောင်ခြေက သစ်ကွင်းမှာ ဇော့်ဦးလေး ရှိတယ် ငြိမ်း၊ အဲဒီနေရာက . . ."

သူ့စကားကို ဆုံးအောင်ပင် ငြိမ်း နားမထောင်ပေ။

"အဲဒီကိုသွားလို့ ဘယ်ဖြစ်မလဲ ဇော်၊ အဲဒီနေရာကို မျိုးမြင့်တို့ မော်မော်တို့ သိကြသလို ဇော့်အိမ်ကလည်း သိနေကြတာပဲ၊ မာမီက ချက်ချင်း ရောက်လာမှာပေါ့ ဇော်၊ လာပါ ဇော်ရယ်၊ ဘယ်လိုဆက်ပြီး ခရီးသွားမယ်ဆိုတာကို မကြာခင် ဇော် သိရမှာပါ၊ အခုလောလောဆယ်လုပ်ရမှာက ဒီအဝတ်အစားကို လဲပစ်ဖို့ပဲ"

ဒီနေရာမှာတော့ ငြိမ်းက မိန်းကလေးမို့ အစစအရာရာကို အရမ်းတွေးပြီး သေသပ်အောင် ပြင်ဆင်မှုပြုလေ၏။

ငြိမ်း အဝတ်လဲဖို့ ရေအိမ်ထဲဝင်တော့ မလှမ်းမကမ်းမှာ ဒိတ်ဆွဲရင်း စောင့်နေရသေးသည်။

ဖြတ်သွားဖြတ်လာများကိုကြည့်ရင်း တစ်ယောက်ယောက်တွေ့သွားမည်ကို ပူပန်နေမိသည်။

အဝတ်လဲပြီး ပြန်ထွက်လာတော့ မျက်နှာပေါ်မှ အလှအပများကိုပင် သုတ်သင်ပစ်ပြီးသား ဖြစ်နေ၏။

စိုးရိမ်မကင်းသောအမှုအရာဖြင့် အတိတ်က ဖြစ်ပျက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးသော ဖြစ်ရပ်ကို ပြောပြလိုက်မိသည်။

"ငြိမ်းကို ခိုးပြေးဖို့ ကြိုးစားတာ ဒီတစ်ခါက ပထမဆုံး အကြိမ် မဟုတ်ဘူးနော်၊ ဒေါက်တာစောဗလနဲ့ မန္တလေးကို သွားခဲ့ နီးမှာလည်း ငြိမ်းကို ခိုးပြေးဖို့ ဇော်တို့ ကြံခဲ့ကြသေးတာ မဟုတ် လား"

"အဲဒီတုန်းက ငြိမ်းတို့အားလုံးက ငယ်သေးတာပဲ၊ လုပ်ချင် တာပဲ သိတာ၊ ဒီတစ်ခါတော့ မာမီ့စက်ကွင်းက လွတ်ပါတယ် ဇော် ခရီးမထွက်ခင် လုပ်သင့်လုပ်ထိုက်တာတစ်ခုကို ငြိမ်းတို့ ပထမဆုံး လုပ်ရမယ် ဇော်"

"ဘာလုပ်ရမှာလဲ ငြိမ်း"

"တရားရုံးတစ်ခုမှာ ငြိမ်းတို့ တရားဝင်လက်မှတ်ထိုးလိုက် ကြရအောင် ဇော်"

ငြိမ်းစကားကြောင့်ပင် နာရီကို ကမန်းကတန်း ကြည့်မိခဲ့ နေ့လယ်တစ်နာရီ ထိုးနေပြီပဲ။

ငြိမ်းကတော့ သေချာပေါက် လက်မှတ်ထိုးဖို့ ပြောဆို နေပြီ။

ငြိမ်းစကားတွေကြောင့် ဟိုတုန်းကအဖြစ်အပျက်လို ခိုး ပြေးဖြစ်သည့် အစီအစဉ်မှာ ပျက်သွားစရာ အကြောင်းမရှိနိုင်





ငြိမ်းကတော့ အကွက်စေ့စွာဖြင့် စီစဉ်ထားပြီးသား။ လက်ထပ်စာချုပ်ကိစ္စကိုပင် ငြိမ်းပြောမှ သူ သတိရဖြစ်၏။

www.burmeseclassic.com

## (၆)

မော်မော်တို့အိမ်မှာ ဘုရားကိုးဆူကပ်ဖြစ်သောနေ့တည်းက ငြိမ်းနှင့် ဘာအဆက်အသွယ်မှ မရတော့ပေ။ ငြိမ်းကိုလည်း အိမ်ထဲကအိမ်ပြင် ထွက်ခွင့်မပေးခဲ့ပေ။ ငြိမ်းထံမှ သတင်း ရလို ရငြား ဆရာဦးစောဝင်းဌေးကို ချဉ်းကပ်ကြည့်ကြပြန်တော့လည်း လေသံပင် မကြားရပြန်။

"တက္ကသိုလ်ဝင်ခွင့်တွေ အတော်စုံအောင် တပ်ပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



ဇော်လတ်၊ ဝင်နီနာမည်ကို တက္ကသိုလ်ပေါင်းစုံမဂ္ဂဇင်းစုံမှာ
ရှာရတာလည်း အမောပဲ၊ ကြည့်ရတာ မင်းနဲ့ ပတ်သက်ပြီးတော့
ဝင်နီတစ်ယောက် တက္ကသိုလ်တက်ရမယ့် အခွင့်အရေးတောင် မ
ရှာတော့ဘူးနဲ့ တူတယ်ကွာ"

မျိုးမြင့်ကတော့ အဆိုးဆုံးအခြေအနေအထိ ကုန်အောင်
တွေးပြီး ပြောလေသည်။

ဒီအထိ ငြိမ်းမာမိက ပိတ်ပင်ခဲ့ရင်တော့ သူ့အတွက် စိတ်
ထိခိုက်စရာကိစ္စပင်။

"အဲဒီလောက်အထိတော့ လုပ်လိမ့်မယ် မထင်ဘူး မျိုးမြင့်
ဝင်နီ့မာမိက ဝင်နီ့ကို သိပ်ချစ်တာ၊ ပြီးတော့ ပညာလည်း အရမ်း
တော်စေချင်တာ နင်တို့ငါတို့ မျက်မြင်ပဲ၊ ဝင်နီ့အမှတ်နဲ့ဆို အနည်း
ဆုံး အီကိုဝင်တယ်၊ အီကိုပဲ ယူဖြစ်မယ်ဆိုတာ ငါ ပြောရဲတယ်"

စီးပွားရေးတက္ကသိုလ်ဝင်ခွင့်စာရင်းကို သူတို့အားလုံး
အသေအချာ ရှာပြီးသား။ ဝင်နီငြိမ်းဆိုသောအမည်ကို မတွေ့ဖြစ်
ကြပေ။

သူနှင့်မျိုးမြင့်က သမိုင်း၊ မော်မော်က သင်္ချာ၊ ခင်မေဝင်း
က ဓာတုဗေဒ ဝင်ခွင့်ရကြသည်။

နောက်နှစ်ပတ်ကြာရင် သူတို့သူငယ်ချင်းတွေအားလုံး





ရန်ကုန်တက္ကသိုလ်မှာ တက်ခွင့်ရကြတော့ မည်။

"တက္ကသိုလ်ဝင်ခွင့်တွေမှာ ငြိမ်းနာမည် မပါတာတော့
သေချာတယ်၊ ဘယ်လိုစဉ်းစားရမှန်းတောင် မသိတော့ပါဘူး"

ဘာပဲပြောပြော သူ့ပယောဂကြောင့် ငြိမ်းတစ်ယောက်
တက္ကသိုလ်တက်ရဖို့ အနှောင့်အယှက် ဖြစ်နေရတာတော့ သေချာ
၏။

"ဝင်နီ့အကြောင်း ရအောင် စုံစမ်းမယ်ဆိုတဲ့ မော်မော်က
လည်း ဒီရက်ပိုင်းမှာ ပျောက်နေတယ်၊ ဝင်နီ့အကြောင်း မသိမချင်း
ငါတို့နဲ့ မဆုံဘူးလို့များ . . . အဓိဋ္ဌာန်ထားသလားတောင် မသိပါ
ဘူး"

"မော်မော်က အားကိုးရတာတော့ အမှန်ပဲ၊ မဖြစ်ဖြစ်
အောင်လည်း လုပ်မှာ၊ မော်မော့်ဆီကနေပြီး သတင်းတစ်ခုခု ကြားရ
မှာ သေချာတယ်"

သူငယ်ချင်းတွေက မော်မော့်ကို မျှော်နေကြသလို သူက
လည်း အကျိုးအကြောင်း သိချင်၍ တွေ့ချင်နေမိသည်။

ငြိမ်း၏အသံ၊ ငြိမ်း၏သဏ္ဌာန်တို့ကို မမြင်တွေ့ရ၍
အောက်မေ့လွမ်းဆွတ်သည်။

ချစ်သူနှင့် ဝေးကွာနေရခြင်းဒုက္ခအပြင် ပိတ်ပင်တားဆီးမှု



www.burmeseclassic.com

www.burmeseclassic.com



တို့ကြား၌ ငြိမ်းတစ်ယောက် စိတ်မွန်းကျပ်နေမည်ကို တွေးပူမိပြန် သည်။

“သတင်းထူးပါတယ်ဟော့၊ တကယ့်ကို ထူးပြီး အရေးကြီးတဲ့ သတင်းပဲ ဇော်လတ်၊ ငါလည်း တော်တော်လေး အရဲစွန့်ပြီး ဝင်နီနဲ့ တွေ့ဖြစ်ခဲ့တာ”

သူတို့တွေအားလုံး တွေးသလိုပင် ငြိမ်း၏သတင်းနှင့်အတူ မော်မော်တစ်ယောက် သူတို့ဆီ ပေါက်ချလာ၏။

မော်မော်ကတော့ တာဝန်ကျေသော အပြုံးမျိုးဖြင့် အကျိုး အကြောင်းကို မပြောသေးဘဲ စဉ်းစားနေပြန်၏။

အားလုံးထဲမှာ သူက စိတ်မရှည်နိုင်တော့ဘဲ မေးလိုက်ရ သည်။

“ဘာထူးပြီး ဘာတွေများ အရေးကြီးတာတုန်း မော်မော်၊ ငြိမ်းရော နေကောင်းရဲ့လား၊ ပိန်ရောသွားသလား၊ တက္ကသိုလ် တက်ဖို့ကိစ္စရော ဘယ်လိုအခြေအနေလဲ”





“မော်မော်က ပြောပြချင်လွန်းလို့ တကူးတက စုံစမ်းပြီးမှ ငါတို့ဆီ ရောက်လာတာပဲ ဇော်လတ်ရာ၊ မင်းမေးခွန်းတွေကလည်း စုံနေတော့တာပဲ၊ မော်မော်ပြောတာကိုများ အေးအေးဆေးဆေး နားထောင်စမ်းပါဦး”

မျိုးမြင့်ကတော့ သူ ပျာယာခတ်နေသည်ကိုကြည့်ပြီး ဝင် ဟန့်သည်။ ခင်မေဝင်းကလည်း မျိုးမြင့်နည်းတူ။

“ဟုတ်သားပဲ ဇော်လတ်ရာ၊ နင့်ပုံစံကိုကြည့်ပြီး မော်မော် က ဘယ်ကစပြီး ပြောရကောင်းနိုးနိုး ဖြစ်နေရပြီ”

ငြိမ်းနှင့် ပတ်သက်ပြီး ကာလကြာရှည်စွာ ကင်းကွာနေပြီး မှ ပထမဆုံးရသော သတင်းစကားမို့ သူ ဣန္ဒြေမဆည်နိုင်ပေ။

“ဝင်နီနဲ့ပတ်သက်ပြီး အဆက်အသွယ်လုံးဝမရတာ လတွေ တော်တော်ကြာပြီပဲ၊ ဝင်နီ့မာမီ ဒေါ်အယ်နီရဲ့ မျက်စိအောက်မှာပဲ ဝင်နီ လှောင်ပိတ်မိနေတာ၊ အဲဒီကာလတွေမှာ အခြေအနေတွေ ပြောင်းလဲလာသလို အရေးကြီးတဲ့ လူတစ်ယောက်လည်း ထပ်တိုး လာတယ်၊ သူ့နာမည်က ဒေါက်တာစောဗလတဲ့၊ မန္တလေး ဆေး တက္ကသိုလ်ကပဲ၊ ဆရာဝန်ဖြစ်တာလည်း မကြာသေးဘူး”

“ဘာလဲ မော်မော်၊ အဲဒီဒေါက်တာနဲ့ ဝင်နီကိုများ အား ချင်းပေးစားတော့မယ့်သဘောလား၊ ဒါကြောင့် ဝင်နီ့ကို တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ပေးမတတ်တာလား"

"မင်းကလဲကွာ ထင်ရာတွေ ဖွတ်ပြောတာပဲ၊ မော်မော် ပြောပြတာကို ဇာတ်ရည်လည်အောင် နားထောင်ပါဦး"

မျိုးမြင့်က ဝင်ပြောပေမယ့် သူ ရင်ပူနေသည်။ သူတွေး သလိုမျိုးဆိုရင်တော့ မျှော်လင့်ချက်က မဲ့သလောက် ရှိနေ၏။

"အားချင်းပေးစားမှာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီသဘော ပဲ ဖြစ်လာမယ့် အခြေအနေပဲ၊ အဲဒီဒေါက်တာစောဗလကို ဘုရား ကျောင်းမှာ ငါတွေ့ခဲ့တယ်"

"ဒါဆို . . . တက္ကသိုလ် မတက်ရတာကရော"

မျိုးမြင့်က အကြည့်ဖြင့် ဝင်ဟန့်ပြသည်။ ခင်မေဝင်းက တော့ သူ့ကို အပြစ်မမြင်။

"ဝင်နီနဲ့တွေ့ဖို့ နည်းလမ်းတွေရှာတာ လန့်ချီတယ်၊ တက္ကသိုလ်တွေကလည်း ဖွင့်တော့မှာဆိုတော့ မတွေ့လို့က မဖြစ်ဘူး ငါကြံရင်းကနေ ဘာစဉ်းစားမိလဲဆိုတော့ ဘုရားကျောင်းကိုစွ ခေါင်းထဲသွားပေါ်တယ်၊ ဒေါ်အယ်နီ . . ဝင်နီ့ကို ဘယ်မှ ထွက်ခွင့် မပေးဘူး ဆိုပေမယ့် တနင်္ဂနွေနေ့မှာ ဘုရားကျောင်းကိုတော့ ထွက် ခွင့်ပြုမှာပဲ"

"နင် ဝင်နီတို့ သွားတတ်တဲ့ ဘုရားကျောင်းမှာ သွားစောင့်





ဦး တွေ့တာပေါ့ ဟုတ်လား၊ ဝင်နီမာမီနဲ့ရော တွေ့သေးလား"

"ငါထင်သလို ပြီးခဲ့တဲ့ တနင်္ဂနွေက ဘုရားကျောင်းကို ဝင်နီ လာတယ်၊ ကံကောင်းတာက ဒေါက်တာစောဗလ ပါလာတာ ပဲ ဒေါက်တာစောဗလအနားမှာ ရှိနေတော့ ဝင်နီမာမီကြီးက စိတ် ချတဲ့ပုံပဲ၊ တခြားလူကြီးတွေနဲ့ သွားစကားပြောနေတုန်း ဝင်နီနဲ့ ရအောင် တွေ့ဖြစ်ကြတယ်၊ ဆယ်မိနစ်လောက်ပဲ စကားပြောခွင့် ရတယ်၊ ဝင်နီ့မာမီက လှစ်လှစ်ကလေး၊ ဝင်နီ့မာမီ ရောက်လာတော့ ငါလည်း လစ်ပြေးရတာပေါ့"

"နင့်ကိုတော့ ဝင်နီ့မာမီတွေ့သွားတာပေါ့ ဟုတ်လား မော်မော်"

"တွေ့တာပေါ့၊ ငါတို့က ပြောသင့်တာတွေ ပြောပြီးပြီပဲ"

"နင်တို့စကားပြောတော့ အဲဒီစောဗလဆိုတဲ့လူက အနား မှာ ရှိနေလား"

"ရှိနေတယ်ဆိုပေမယ့် အလိုက်တသိပဲ လှမ်းလှမ်းမှာ နေ ပေးတယ်၊ ပြဿနာတွေအားလုံးကို အဲဒီလူ မသိထားဘူး ထင်တယ်၊ ငါ့ကိုလည်း ဘုရားကျောင်းလာတဲ့သူပဲလို့ ထွက်မှာပေါ့ဟာ"

မျိုးမြင့်ဟန်မည်ကိုစိုး၍ သူ ငြိမ်ပြီး နားထောင်နေသော် လည်း စိတ်က မရှည်ချင်။



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ထိ အကြောင်းထူးပြီး အရေးကြီးသည်ဆိုသည်များ မပါသေးပေ။ မအောင့်အီးနိုင်ဘဲ သူမေးလိုက်ရ၏။

"ဝင်နီနဲ့ ဘာတွေပြောဖြစ်လဲဆိုတာကို မြန်မြန်ပြောပြပါဦးလေ မော်မော်"

"အေးပါဟာ . . . ဇာတ်ရည်လည်အောင် ပြောရသေးတယ်လေ၊ အဲဒီဆယ်မိနစ်လောက်အတွင်းမှာ သိချင်တာတွေမေး ပြောချင်တာတွေ ပြောဖြစ်ပါတယ်၊ ဝင်နီက တက္ကသိုလ် တက်ဖြစ်တယ်၊ စီးပွားရေးပဲ ယူဖြစ်တယ်၊ ဒီက ဝင်ခွင့်တွေမှာ ရှာမတွေ့ဘူး ဖြစ်နေတာက ဝင်နီ့ကို မန္တလေးမှာ ကျောင်းတက်ဖို့စီစဉ်ထားလို့လေ၊ ဟိုမှာ ဒေါက်တာစောဗလလည်း ရှိနေတာ မဟုတ်လား၊ ဇော်လတ်ရန်က ဝေးအောင်ရယ်, ဟိုလူနဲ့ အနေနီးအောင်ရယ် ကြံပြီး ဒေါ်အယ်နီလုပ်တာ၊ ဒေါ်အယ်နီပါ မန္တလေးမှာ လိုက်နေမယ့် သဘောပဲ"

လူချင်းမတွေ့ဖြစ်ပေမယ့် သူနှင့် မနီးမဝေးမှာ ရှိနေသည်ဆိုသောစိတ်ဖြင့် ဖြေသာသေးသည်။ ကြားရသော သတင်းစကားအရဆိုရင်တော့ သူနှင့်ဝေးသော တစ်နယ်တစ်ကျေးသို့ ချစ်သူသွားရတော့မည်ပဲ။

မော်မော်က မောသလိုလို ရှိသွား၍ စကားကို ခဏဖြတ်





ားသည်။ မော်မော့်မှာ ပြောစရာကျန်သေးသည်ဆိုတာကို သူ ပါအဝင် အားလုံးက ရိပ်မိ၏။

"ဒီစကားတွေကို ကြားတော့ ငါလည်း ခေါင်းထဲမှာ အကြံ ါ်တာနဲ့ ဝင်နီကို ပြောပြမိတယ်၊ ဝင်နီကလည်း လက်ခံတယ်ဟ၊ လည်း ဒီနည်းကိုပဲ တွေးမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဇော်လတ်က မပြေးဘူးဆိုရင် ဝင်နီနဲ့ဇော်လတ် ဒီတစ်သက်ဝေးမှာ သေချာ ယ်လေ၊ မန္တလေးသွားမယ့်နေ့ ရထားဆင်းတဲ့အချိန်မှာ ငါတို့က တာက ကြိုစောင့်နေမယ်၊ ဝင်နီက လစ်တာနဲ့ ဇော်လတ်နောက် လိုက်မယ်"

မော်မော်ကတော့ အကြံကောင်း ဉာဏ်ကောင်းတွေ ထွက် တ်၏။ မော်မော်ပြောသည်ကို ငြိမ်းကလည်း လက်ခံသည်တဲ့။ ကရော လက်မခံလို့မဖြစ်။ ငြိမ်းနှင့် မဝေးရဘူးဆိုရင် ဘာပဲလုပ်ရ ပ်ရ သူ ရဲရင့်ရမည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

## (၅)

ဟိုတုန်းကတော့ သူရောငြိမ်းပါ တက္ကသိုလ်စတက်မည့် လေးသာသာအရွယ်။

အခုအခြေမှာတော့ နောက်ဆုံးနှစ်စာမေးပွဲတွေ ဖြေပြီး းပြီမို့ လူကြီးဖြစ်ပြီ . . . ဟု ပြောလို့ရသည့်အရွယ်။

ငြိမ်းလည်း အရင်တုန်းကနှင့် မတူသလို ငြိမ်းမာပါနှင့် သက်ပြီး ကြိုတင်ကာကွယ်မှုတွေက အပြည့်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တိုင်းတရားရုံးနားတွင် အငှားကားကို ငြိမ်း ရပ်
ခိုင်းလိုက်၏။

လက်ထပ်စာချုပ်ကို အရေးပေါ် ချုပ်ဆိုနိုင်အောင် ဘယ်
အချိန်ကတည်းက ငြိမ်း စုံစမ်းထားသည်မသိ။

"တစ်နာရီထိုးပြီနေပြီ ငြိမ်း၊ ဖော်တို့ လက်မှတ်ထိုးဖို့ကိစ္စ
အရင်စလိုနဲ့ အဆင်ပြေပါ့မလား၊ ဒီနေ့ချင်း ရန်ကုန်ကထွက်နိုင်
တာ အကောင်းဆုံးပဲနော်၊ ဒီမှာ တစ်ညအိပ်ရရင် ငြိမ်းမာမီလက်
ဖော်တို့ လွတ်ကြမယ် မထင်ဘူး"

"သုံးနာရီမထိုးခင် တရားရုံးမှာ လက်မှတ်ထိုးဖို့ကိစ္စ
ပြတ်ပါတယ် ဖော်၊ ပြီးတော့ ငြိမ်းတို့နှစ်ယောက် ဒီနေ့ချင်းပဲ ရန်ကု
ကနေ ထွက်ကြမှာပါ"

ငြိမ်းက မစိုးရိမ်ပေမယ့် သူကတော့ ရင်ပူမပြေချင်

အခုချိန်လောက်ဆိုရင်တော့ အခြေအနေအားလုံးကြော
ငြိမ်းမာမီ မြေလှန်ရှာလောက်ပြီဆိုတာပဲ တွေးနေဖြစ်သည်။

"အစ်မ ကျွန်မတို့နှစ်ယောက် လက်ထပ်စာချုပ်လုပ်
တယ်၊ ဒီမှာ ကျွန်မတို့ရဲ့ မှတ်ပုံတင်တွေ၊ မိဘတွေနာမည်လည်
ပေးခဲ့မယ်၊ ဒီလိုအကျိုးဆောင်ပေးခကိုလည်း သာမန်ထက် ပို
မယ်၊ တစ်နာရီအတွင်း ကိစ္စပြတ်အောင် လုပ်ပေးပါ"





"ရပါတယ် ညီမလေး၊ အသိသက်သေလုပ်မယ့်သူရော
ပါလာသေးလား"

"ကျွန်မတို့နှစ်ယောက်တည်းပဲ လာခဲ့ကြတာ"

အကျိုးဆောင်ပေးသော အမျိုးသမီးကတော့ ဖြုံးဖြုံး
ခြက်ခြက်လေးရတော့မည်ဆိုတာ သိနေလို့ တက်ကြွနေ၏။

စာချုပ်အမျိုးအစား သုံးလေးခုကို ပြသည်။အကောင်းဆုံး
စာချုပ်ကို ငြိမ်း ရွေးပေးလိုက်၏။

"နာရီဝက်လောက်တော့ ညီမတို့စောင့်၊ စီစဉ်စရာရှိတာကို
အစ်မ စီစဉ်ရဦးမယ်"

"ရတယ် အစ်မ၊ အဆင်ပြေအောင်သာ လုပ်ပေးပါ၊ နာရီ
ဝက်ကြာရင် ဒီကိုပဲ ကျွန်မတို့နှစ်ယောက် ပြန်လာခဲ့မယ်၊ နေဦး
အစ်မ၊ ဒီအိတ်ကို အစ်မဆီမှာ ခဏထားခဲ့လို့ ဖြစ်မလား"

အကျိုးဆောင် အမျိုးသမီးက သူတို့လို လူမျိုးတွေနှင့် အမြဲ
ထိတွေ့နေကျမို့ အထာသိနေ၏။

"ရပါတယ်၊ အဝတ်အစားတွေပဲ မဟုတ်လား၊ ပိုက်ဆံတွေ၊
ရွှေပိုးတန်ပစ္စည်းတွေ မပါဘူး မဟုတ်လား ညီမ"

"အဝတ်အစားတွေပါပဲ"

သူကတော့ ဘာတစ်ခွန်းမှ ဝင်မပြောဖြစ်ဘဲ ငြိမ်း လုပ်



www.burmeseclassic.com

www.burmeseclassic.com



သမျှ၊ ကိုင်သမျှတွေကို တအံ့တသြနှင့် ကြည့်နေဖြစ်၏။

"အခုလောက်ဆို မာမီတော့ ဒေါသူပုန်ထပြီး ပွဲကြမ်း လောက်ပြီထင်တယ် ဇော်၊ မာမီ စိတ်ထိခိုက်မယ်ဆိုတာကို ငြိမ်း သိတယ်၊ မာမီ့ကို စိတ်ဆင်းရဲအောင် လုပ်လိုက်တာတော့ မဟုတ် ဘူး၊ ဒီလိုမှ မလုပ်ရင်လည်း ငြိမ်းနဲ့ဇော် ဒီတစ်သက် ဝေးကြရတော့ မှာလေ"

အအေးပိုက်ကို ဆော့ကစားရင်းက ငြိမ်းပြော၏။

"ဘာလဲ ငြိမ်း၊ အခုလိုလုပ်လိုက်ရတဲ့အတွက် စိတ် မကောင်းဖြစ်ပြီး နောင်တရနေတာလား"

"အမှန်အတိုင်းဖြေရရင်တော့ ဟုတ်တယ်လို့ ပြောရမှာ ဇော်၊ ငြိမ်းဘဝမှာတော့ မာမီ့စကားကို မျက်ကွယ်ပြုရုံတင်မကဘူး မာမီနဲ့ ပထမဆုံး ခွဲလို့ရတဲ့နေ့ပဲ ဇော်"

"ဒီခံစားမှုက သွေးပူတုန်း အခိုက်အတန့်ပဲ ဖြစ်မှာပါ ငြိမ်း ငြိမ်းမာမီက ငြိမ်းကို ချစ်တာပဲ၊ နောက်ဆိုရင် ငြိမ်းမာမီနဲ့ ပြန်





ည်မှာပါပဲ"

"မထင်နဲ့နော်၊ ငြိမ်း ဒီလိုလုပ်လိုက်တာ မာမီနဲ့ တစ်ဘဝ လုံး ဝေးရတာပဲ၊ တော်တော်နဲ့တော့ မာမီနဲ့ မျက်နှာချင်းဆိုင်ဖြစ် မှာ မဟုတ်ဘူး၊ ငြိမ်းစိတ်ကို ငြိမ်းအသိဆုံး၊ ပြီးတော့ မာမီကလည်း တော်ရုံနဲ့ အလျှော့ပေးမှာ မဟုတ်ဘူး၊ အခုကိစ္စက ငြိမ်းကို ဆုံးရှုံး ရတာတင် မဟုတ်ဘူး၊ မာမီ့ဆန္ဒ၊ မာမီ့မာနတွေနဲ့ မျှော်လင့်ချက် တွေပါ ဆုံးရှုံးသွားရတဲ့ကိစ္စလေ ဇော်၊ မာမီနဲ့တော့ နှစ်တွေနဲ့ချီပြီး မျက်နှာချင်းဆိုင်ဖြစ်မယ် မသိဘူး၊ ဇော်နဲ့အတူ ရှိနေသရွေ့ မာမီ့ကို ငြိမ်း မျက်နှာချင်းမဆိုင်ဖြစ်အောင် ကြိုးစားရမှာပဲ"

"တကယ်လို့ပေါ့လေ မဆိုစကောင်း ဆိုစကောင်း ငြိမ်း မာမီနဲ့ ရှောင်ရင်းပုန်းရင်းက ပြန်တွေ့ကြရင် ဇော့်ကို ထားခဲ့ပြီး ငြိမ်းမာမီ့နောက်ကို ပြန်လိုက်သွားမှာလား ငြိမ်း"

မမေးဘူး . . . ဟု ထင်ထားသောစကားမို့ ငြိမ်း ငြိမ်ကျ သွားသည်။

"ဒီအမေးကိုတော့ ငြိမ်း မဖြေချင်ဘူး၊ မာမီနဲ့ မဆုံဖြစ် အောင် အတတ်နိုင်ဆုံး ကြိုးစားရမှာပေါ့ ဇော်"

သူနှင့်ငြိမ်းတို့၏ အနာဂတ်နေ့ရက်များသည် ဘာတွေ ဖြစ်လာမည် မသိပေ။ အခုလောလောဆယ်မှာတော့ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



နာရီပိုင်းအတွင်းမှာ ငြိမ်းသည် သူ၏တရားဝင်ဇနီး ဖြစ်တော့မည်

"တကယ်ဆို ဒီစာချုပ်နှစ်ခုက တစ်ယောက်တစ်ခုစီ ထားရမှာ ငြိမ်း၊ ငြိမ်းပဲ ဒီစာချုပ်နှစ်ခုစလုံးကို ယူထားလိုက် ငြိမ်း"

"ဇော် သိမ်းထားလေ၊ ဒီစာချုပ်နှစ်ခုစလုံး တစ်ခုခုပျော် သွားလည်း အကြောင်းမဟုတ်ဘူး ဇော်ရဲ့၊ ငြိမ်းနဲ့ဇော်တို့ လက် ထားတာ တရားရုံးရဲ့ မှတ်တမ်းစာအုပ်ထဲမှာ စာရင်းဝင်သွားပြီ ဘယ်အချိန်ဖြစ်ဖြစ် ဒီစာချုပ်ကို သက်သေအဖြစ် ပြန်လုပ်ယူ ရနေတာပဲ"

ငြိမ်းပြောသည်တို့ကို စိတ်မဝင်စားဖြစ်။ သူ့စိတ်ထဲ တော့ အခုလို ပုန်းလျှိုးကွယ်လျှိုးဖြင့် လက်ထပ်စာချုပ်ပေါ် လက်မှတ်ထိုးရတာကိုပဲ ငြိမ်းအတွက် စိတ်မကောင်းဖြစ်မိသည်

"ဒီလိုမှန်းသိရင် မျိုးမြင့်တို့ မော်မော်တို့ကို ခေါ်လာခဲ့ ပိုကောင်းမယ်၊ အခုတော့ ဇော်တို့ လက်မှတ်ထိုးပွဲက ခြော





ခြောက်သွေ့သွေ့နဲ့ အလျင်စလို ပြီးသွားတယ်"

"သူတို့ကို ခေါ်လာလို့ ဘယ်ဖြစ်မလဲ ဇော်၊ အခုချိန်ဆိုရင် ဇော့်အိမ်ကိုရော၊ သူတို့တွေအိမ်ကိုပါ မာမီ မြေလှန်ပြီး ပွဲကြမ်းနေ လောက်ပြီ၊ သူတို့အိမ်တွေမှာ သူတို့ရှိနေကြတာက ဇော်နဲ့ငြိမ်း အတွက်ရော သူတို့အတွက်ပါ ကောင်းပါတယ် ဇော်"

ငြိမ်းမာမီကတော့ သူ့မိဘ၊ သူ့အသိုင်းအဝိုင်းကို ဖြဲသနာ ရှာမှာ သေချာနေ၏။ သူ့သမီး လက်ဝယ်ပြန်ရရှိရေးအတွက် ခြိမ်း ခြောက်အကျပ်ကိုင်မှာလည်း သေချာသည်။ အခုလောက်ဆို ငြိမ်း မာမီကြောင့်ပင် သူ့မိဘတွေလည်း အခြေအနေကို သိကုန်ကြတော့ မည် ထင်သည်။

"ဒီတစ်ခေါက်တော့ ငြိမ်းနဲ့ ဇော်ကိစ္စကို ဒေါက်တာ စောဗလ သိပြီထင်တယ်နော် ငြိမ်း"

"အင်း ဒါကိုတော့ ပြောရခက်တယ် ဇော်၊ ငြိမ်း သွားရင်း လာရင်းက ပျောက်သွားတာကို ဇော့်နောက်လိုက်တယ်လို့ မာမီ ပြောပါ့မလား မသိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဦးစောဗလက ရက် ပိုင်းအတွင်းမှာ နိုင်ငံခြားသွားမှာပဲ၊ မာမီကတော့ တတ်နိုင်သမျှ ဖုံးမှာပဲ၊ အခုလောလောဆယ် မသိရင်တောင်မှ တစ်နေ့နေ့သိသွား မှာပေါ့ ဇော်၊ ဇော်ရေ အခုဆိုရင် ဇော်က ငြိမ်းရဲ့တရားဝင်



www.burmeseclassic.com

www.burmeseclassic.com



လင်ယောက်ျား ဖြစ်ပြီနော်"

"ဇော်တို့ ဘယ်သွားကြမလဲ ငြိမ်း"

"အဝေးပြေးဂိတ်ကိုလေ"

အငှားကားတစ်စီးကို တားရင်းကပင် ငြိမ်း ဖြေ၏။

အဝေးပြေးဂိတ်တဲ့။ ငြိမ်း၏ခရီးစဉ်ကို အခုထိ သူ မသိရ သေး။

"အဝေးပြေးဂိတ်ရောက်ရင် အခုအခြေအနေတိုင်းဆိုရင် ကြုံရာကားပဲ စီးရမှာပေါ့နော်၊ အဲဒီမှာ အကြာကြီး အချိန်ဖြုန်းလို့ တော့ မဖြစ်ဘူး ငြိမ်း"

"ကဲ . . ရော့၊ ငြိမ်းတို့ ဘယ်ကိုသွားမယ်ဆိုတာ ဇော် မသိသေးဘူး မဟုတ်လား၊ ဟိုရောက်ပြီး မိနစ်ပိုင်းအတွင်းမှာ ကားက ထွက်မှာ၊ ငြိမ်း စီစဉ်ထားတဲ့ ကားလက်မှတ်"

ငြိမ်းပေးသော လက်မှတ်နှစ်စောင်ကို ယူကြည့်လိုက်သည်။

ငြိမ်းကတော့ သူ့ထက်ပိုပြီး ခိုးပြေးဖို့ကိစ္စကို ကြိုစီစဉ်ထား ပုံရသည်။

ရိုးမသစ္စာအဝေးပြေးကားလက်မှတ်နှစ်စောင်။ သူတို့သွား မည့်ခရီးက ရခိုင်ပြည်နယ်။ ရန်ကုန်မှ ငွ၊ ကျိန္တလီ ခရီးစဉ်တဲ့။

"ဇော်တို့က ငွအထိလား၊ ကျိန္တလီအထိလား ငြိမ်း"





"ငွနဲ့ ကျိန္တလီကြားမှာရှိတဲ့ ကမ်းသာယာကိုလေ ဇော်"

ကမ်းသာယာဆိုသော အပန်းဖြေနေရာကိုတော့ ကြော် ငြာတွေမှာ ကြိုကြားကြိုကြား တွေ့မိသည်ကလွဲ၍ သူ ဘာမှမသိ။ အရောက်အပေါက်နည်းပြီး လူမသိသူမသိနေရာမျိုးကို ရွေးချယ် တတ်သော ငြိမ်းကိုတော့ ချီးကျူးမိပြန်၏။

"ကမ်းသာယာက ပေလီနဲ့ နီးနေပြီပဲ၊ ဒါပေမဲ့ လူတွေက ကမ်းသာယာကို ပေလီလောက် စိတ်မဝင်စားကြဘူး"

ငြိမ်းကတော့ သူ့အမေးစကား အပြောစကားကို မဖြေ။ အပန်းသမျှတွေကြောင့် စိတ်လျှော့လိုက်ပြီး သူ့ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လိုက်၏။

ဒီတစ်ခါတော့ ငြိမ်းနှင့်သူ ဝေးရမှာ မစိုးရိမ်ရတော့ပေ။ အထမဆုံးပြေးဖို့ ကြံစဉ်တွင်က အဖြစ်အပျက်ကို စိုးရိမ်စွာဖြင့် ပြန်မြင်ယောင်မိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

## [၅]

သူ့ကျောပိုးအိတ်ထဲမှာ အဝတ်အစားလေးငါးစုံလောက်ထည့်ဖြစ်ခဲ့သည်။ ငြိမ်းကို ခိုးပြေးမည့်ကိစ္စကို လူကြီးတွေကို အသိမပေးဖြစ်။ သူပြောပြလိုက်ရင် ငယ်သေးသည် ပညာမစုံသေးဘူးဆိုသောအကြောင်းပြချက်နှင့် တားမြစ်မှာကို ကြိုသိနေသည်။ ညကလည်း တစ်ညလုံး အိပ်မပျော်ခဲ့။ ငြိမ်းကို ခိုးပြေးဖို့ အစီအစဉ်အောင်မြင်ပါစေဟု . . . အချိန်မလပ် ဆုတောင်းနေဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"မှတ်ပုံတင်တော့ ပါတယ်မဟုတ်လား ဇော်လတ်"

ရန်ကုန်ဘူတာကြီးသို့ အဝင်မှာပင် မျိုးမြင့်က သတိပေး၏။

"ပါတယ် မျိုးမြင့်၊ အခုချိန်ဆို ငြိမ်းတို့ ဘူတာထဲ ရောက်နေမလား မသိဘူးနော်"

"အခုမှ နှစ်နာရီခွဲပဲ ရှိသေးတာ၊ ရထားက သုံးနာရီခွဲထွက်မှာဆိုတော့ သုံးနာရီလောက်မှ ဝင်နီတို့ ရောက်လာကြမှာပေါ့၊ နင်ရယ် ငါရယ် ခင်မေဝင်းရယ်က ဒီဆိုင်မှာပဲ စောင့်နေမယ်၊ မျိုးမြင့်တို့ ဝင်နီ့မာမီရော၊ ဟိုလူပါ သိပ်မှတ်မိမှာ မဟုတ်ဘူး၊ ငါတို့ ခင်မေဝင်းတို့က ဝင်နီ့အိမ်ကို အဝင်အထွက်များကြတာ မဟုတ်လား၊ မျိုးမြင့်က ဝင်နီတို့နဲ့ မလှမ်းမကမ်းမှာ အခြေအနေကြည့်၊ ဝင်နီကတော့ လစ်တာနဲ့ မျိုးမြင့်နောက်ကို လိုက်လာမှာပဲ"

မော်မော်ကတော့ ဒီဇာတ်လမ်းမှာ အစအဆုံး အကြံပေးပုဂ္ဂိုလ်ဖြစ်နေ၏။ မော်မော်ပြောသော အစီအစဉ်ကို သူအပါအဝင် အားလုံးက ခြွင်းချက်မရှိလက်ခံလိုက်၏။

"အခု အချိန်ရပါသေးတယ်၊ ငါလည်း ဇော်လတ်ကိုယ်စား စိတ်လှုပ်ရှားပြီး အာခေါင်တွေ ခြောက်လာသလိုပဲ၊ နင်တို့နဲ့ အတူတူ အအေးတစ်ပုလင်းလောက်တော့ ခဏထိုင်သောက်လိုက်ဦးမယ်"





ငြိမ်းကိုနိုးမည့်အစီအစဉ်မှာ သူတင်မဟုတ်ဘဲ သူငယ်ချင်းတွေကပါ စိတ်လှုပ်ရှားပြီး မူပျက်နေကြ၏။

ရန်ကုန်ဘူတာကြီးကတော့ လူတွေဖြင့် ရှုပ်ထွေးနေ၏။ စားသောက်ဆိုင်ထဲသို့ လေးဦးသား ဝင်လာခဲ့ကြသည်။

သူတို့အားလုံး မထင်ထားသောကိစ္စ။

မှာစရာရှိသည်များကို မှာပြီး မျိုးမြင့် သောက်နေသော အအေးပုလင်း တစ်ဝက်မကျိုးခင်လေးမှာပင် ထင်မှတ်မထားခြင်းတို့ ဖြစ်ပျက်ခဲ့တော့၏။

"အန်တီ မင်းတို့ဝိုင်းမှာ ခဏဝင်ထိုင်လို့ ဖြစ်ပါတယ်နော်"

ကြားရသောအသံ၊ မြင်ရသော အဖြစ်အပျက်ကြောင့် သူတို့အားလုံးမျက်နှာမှာ သွေးမရှိကြတော့ပေ။

ဝင်နီမာမီက ခုံတစ်ခုကိုဆွဲယူရင်း သူနှင့်မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်၏။

"အန်တီက"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွဲ့၊ ဒီနေ့ အန်တီတို့မန္တလေးသွားကြမှာ မဟုတ်ဘူး မင်းတို့ ဘူတာမှာ ကြိုစောင့်နေမယ်ဆိုတာကို အန်တီ သိတာပေါ့ ဝင်နီနဲ့ မောင်စောဗလတို့ကတော့ ရထားထွက်ခါနီးမှ ရောက်လာ ကြမှာကွဲ့၊ အန်တီကတော့ မင်းတို့နဲ့ စကားပြောရအောင်ဆိုပြီး တမင်စောထွက်လာခဲ့တာ"

သူတို့အားလုံး မျက်နှာတွေက ဟန်ဆောင်ခြင်းတွေကို မလုပ်နိုင်ခဲ့ပေ။ ငြိမ်းမာမီကတော့ စကားသံတွေ၊ ဟန်ပန်တွေဖြင့် သူတို့အတွက် ကြောက်စရာကောင်းအောင် ပြုမူပြနေပြန်၏။

"မောင်ဇော်လတ်"

"ခင်ဗျာ"

"မင်းကျောပိုးအိတ်ထဲမှာ ဝင်နီဝတ်ဖို့အတွက် ထဘီတွေ ဘာတွေတော့ ထည့်မထားပါဘူးနော်"

ငြိမ်းမာမီကို စေ့စေ့မကြည့်ရဲ။ နှုတ်မှ ဖြေဖို့လည်း သတ္တိမရှိ သောကြောင့် ခေါင်းခါပြလိုက်သည်။ ငြိမ်းမာမီကတော့ သူ့ရှေ့မှာ ချထားသော ကျောပိုးအိတ်ကို ဆတ်ခနဲဆွဲယူပြီး ဖြေလိုက်၏။

"မိန်းမခိုးပြေးမယ့်လူက အဝတ်အစားလေးစုံပဲ ပါ သလား မောင်ဇော်လတ်၊ ဟင်း . . . ပိုက်ဆံကလည်း သောင်း ဂဏန်းပဲလားကွယ်၊ မင်းတို့က ကလေးသာသာတွေပဲရှိကြတာ





ခင်းတို့ ဘယ်ခြေလှမ်း,လှမ်းတယ်ဆိုတာကို မင်းတို့ဆီက ဘာစကား မှ မကြားရဘဲနဲ့ သိနေတယ်ဆိုတာကို အခုလက်တွေ့ပြလိုက်တာပဲ"

သူခိုး လူမိတာထက် ဆိုးသောကိစ္စ . . . ဟု စိတ်ထဲမှာ ရှက်လည်း ရှက်၊ ကြောက်လည်း ကြောက်နေမိသည်။ အကြံပေး ဖွဲ့လိုလ် မော်မော်တစ်ယောက်လည်း မျက်နှာကြီးမဲညစ်နေ၏။

ဒီပုံစံအတိုင်းဆိုရင်တော့ ငြိမ်းကို ခိုးပြေးမည့်အကြံကို မာမီက လက်ဦးမှုရယူသွားခြင်းဖြစ်၏။ ငြိမ်းမာမီ ဘာတွေဆက်လုပ် ဦးမည်မသိ။ သူငယ်ချင်းတွေကိုတော့ သူ့အတွက်နှင့် လုံးဝအထိ အပါး မခံနိုင်ပေ။

"ဟုတ်ပြီ အန်တီ . . . ဒီအတွက် အပြစ်ရှိတယ်ဆိုရင် ကျွန်တော် ခံရဲတယ်၊ အခုကိစ္စမှာ ကျွန်တော်က ကာယကံရှင်ပါ၊ ကျွန်တော့်သူငယ်ချင်းတွေကိုတော့ အန်တီ ဘာမှမလုပ်ပါနဲ့"

"အန်တီက ဘာလုပ်မယ်လို့များ ပြောနေလို့လဲ မောင်ဇော် လတ်ရယ်၊ အန်တီက မင်းကိုလည်း ဘာမှမလုပ်ဘူး၊ မင်းသူငယ် ချင်းတွေကိုလည်း ဘာမှမလုပ်ပါဘူး၊ မင်းတို့ကလေးတွေ စိတ်ထဲ ထင်ရာတွေ လျှောက်လုပ်မှာစိုးလို့ ကာကွယ်ရုံသက်သက်ပါပဲ"

ငြိမ်းကိုချစ်တာ စိတ်ထဲထင်တာ လျှောက်လုပ်ပြနေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး . . . ဟု ပြောလိုက်ချင်ပေမယ့် စိတ်ကို ထိန်းထားရ၏။

ငြိမ်းနှင့်တော့ ထပ်ဝေးရဦးမည့်အခြေအနေပဲလေ။ ဒီတစ်ခါတော့ တကယ်ဝေးကြပြီပဲ . . . ဟု စိတ်မကောင်းဖြစ် သည်။

ငြိမ်းမာမီ၏ မျက်စိအောက်မှာပင် သူတို့မလုပ်နိုင်ခဲ့ ပေ။ ရထားထွက်ခါနီးအချိန်အထိ သူတို့ကို နေရာမှ ထခွင့်မပေး

"ကဲ . . . မင်းတို့တွေ အေးအေးဆေးဆေးနဲ့ပဲ အန် နောက်ကိုလိုက်ခဲ့ကြ၊ မင်းတို့သူငယ်ချင်း ဝင်နီကို နှုတ်ဆက် လိုက်ဦးပေါ့ ဟုတ်ပြီလား"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဝင်နီ ပြောသည့်အတိုင်း ငြိမ်သက်စွာ လိုက်လုပ်ခဲ့ရသည်။

အမှတ် (၁) စကြီအတွင်းသို့ ဝင်လိုက်ကြပြီး အိပ်စင် ရှိရာသို့ သူတို့ကို ဦးဆောင်ပြီး ငြိမ်းမာမီ ခေါ်ဆောင်သွား၏။

ငြိမ်းကတော့ မျိုးမြင့် ကိုယ်ယောင်ပြခြင်းကို အခါမ





နေမှာ သေချာ၏။

"စောဗလရေ . . . ဒီမှာ ဝင်နီ့သူငယ်ချင်းတွေက ဝင်နီ့ကို ဆက်ကြမလို့တဲ့လေ"

ငြိမ်းတို့က ရထားပေါ်မှာ၊ သူတို့အုပ်စုက ရထားအောက် ဝင်နီ့မာမီကတော့ သူတို့နှင့်အတူ ရှိနေ၏။

ငြိမ်းနှင့် မျက်လုံးချင်းသာ စကားပြောဖြစ်ကြ၏။ ငြိမ်း ယောက် ဘာတွေဖြစ်ကုန်ကြသလဲဆိုတာကို တွေးမရမှာ ချာ၏။

"ရထားထွက်တော့မယ်၊ အန်တီ မတက်သေးဘူးလား"

"အေးကွယ် စောဗလတို့ပဲ သွားကြတော့၊ အန်တီ အလုပ် ပေါ်လာတာနဲ့ ဖလိုက်နဲ့ လိုက်လာခဲ့မယ်"

ရထားဘီးလှိမ့်သည့်အချိန်အထိ ငြိမ်းကို စကားမပြောဖြစ်

မျိုးမြင့်တို့ ခင်မေဝင်းတို့ကတော့ ငြိမ်းကို နှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့သားသမီးကို ကိုယ်ချင်းစာစိတ်နဲ့ အိမ်အရော ကျွန်မ ပြန်ပို့ပေးခဲ့တယ်၊ ကလေးတွေ စိတ်ကစားတာကို ကျွ ပထမအကြိမ်အနေနဲ့ ခွင့်လွှတ်ပါတယ်၊ ဒုတိယအကြိမ် ဖြစ်လာ ရင်တော့ ရှင်တို့ လူကြီးတွေမှာပါ ပယောဂမကင်းဘူးဆိုတာ သတိထားကြပေါ့ရှင်"

ရဲအရာရှိတွေရှေ့မှာပင် ဒေါ်အယ်နီက သူတို့လူကြီး တွေကို အပေါ်စီးကနေ ပြောသည်။

ဖေဖေကတော့ တာဝန်အရှိဆုံးမို့ ကျေးရာကျေကြော သွေးအေးစွာပြန်ပြော၏။

"စိတ်ချပါ ဒေါ်အယ်နီ၊ ကျွန်တော့်သားကို ကျွန်တော် ထိန်းသလိုပဲ ဒီကလေးတွေ ဒါမျိုး ထပ်မလုပ်အောင် သူ့မိဘတွေ လည်း ထိန်းကြမှာပါ၊ ဒေါ်အယ်နီကိုလည်း ကျေးဇူးတင်ပါတ မိဘချင်းလည်း ကိုယ်ချင်းစာပါတယ်"

မန္တလေးကို သွားမည့်ခရီးစဉ်ကိုပင် ဒေါ်အယ်နီက ဖျ ပစ်လိုက်၏။ ရထားထွက်သွားတော့ သူတို့အားလုံး ကားပေါ် ကာ ရဲစခန်းသို့ မောင်း၏။

ရဲစခန်းရောက်တော့ သူ့မိဘတွေရော မျိုးမြင့်တို့မိဘ ပါ ရောက်နေကြသည်ကို တွေ့ရသည်။





သူတို့အဖြစ်အပျက်၊ သူတို့အခြေအနေများကို ငြိမ်း ယောက်ကတော့ ဘာတစ်ခုမှ သိနိုင်မည်မဟုတ်ပေ။

ဒေါ်အယ်နီ၏ ပါးနပ်မှုနှင့် အကွက်စေ့မှုများကိုတော့ စ်သက်မေ့ပျောက်လို့ ရနိုင်မည် မထင်ပေ။

www.burmeseclassic.com

www.burmeseclassic.com

{ ၉ }

အဝေးပြေးဂိတ်အတွင်းသို့ သူတို့စီးလာသော ကားလေး ဝင်လိုက်ကတည်းက ပတ်ဝန်းကျင်ကို အကြောင်းမဲ့စူးစမ်းနေမိတော့၏။

ငြိမ်းတစ်ယောက်ကတော့ သူ့ရင်ခွင်ထဲမှာပင် ဘာကိုမှ အစိုးရိမ်မရှိဘဲ ငြိမ်းချမ်းနေသည့်အလား။

"ရွှေနားက ကားပဲ ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



သူတို့စီးရမည့်ကားနှင့် မလှမ်းမကမ်းတွင် ငြိမ်းက အရပ်ခိုင်းလိုက်၏။

ကားပေါ်မှဆင်းပြီး အိတ်ကို တောက်ကိုင်လိုက်ပေမယ့် သူ ရင်ခုန်ချင်နေ၏။

ငြိမ်းမာမီတစ်ယောက် ကားအနီးနားမှာ သို့မဟုတ် ကားပေါ်က ထိုင်ခုံမှာ ကြိုစောင့်နေမည်လားဟု ရှူနေမိသည်။

"ကားထွက်ဖို့ ဆယ်မိနစ်ပဲ' လိုတော့တယ် ဇော်၊ ကားတ အကြာကြီးစီးရမှာ ဒီလမ်းခရီးကို ငြိမ်းလည်း သွားဖူးတာ မဟုတ်ဘူး ဇော် အပေါ့အပါးသွားဦးမလား"

ငြိမ်းတစ်ယောက်ကတော့ စိတ်ချလုံခြုံစွာဖြင့် အပူပင်ကင်းပြနေ၏။

"မသွားတော့ဘူး ငြိမ်း"

"ငြိမ်းတော့ သွားမှဖြစ်မယ် ဇော်၊ ဒါဆို ရေသန့်ဘူးနဲ့ အပျင်းပြေစားစရာ သောက်စရာ တစ်ခုခု ဝယ်ထားပြီး ကားပေါ်တက်နှင့်နေပါလား ဇော်"

ငြိမ်းကတော့ သူ့ကိုထားခဲ့ပြီး ထွက်သွား၏။ ရေသန့်ဘူးတို့ အချိုရည်ဘူးတို့ကို ဝယ်နေပေမယ့် နောက်ကျောမလုံချင်။ ငြိမ်းမာမီတစ်ယောက် ဘယ်အချိန်များ မျက်နှာချင်းဆိုင်လာရပ်လေ





ည်လဲ . . . ဟု တွေးနေ၏။

ကားပေါ်တက်နှင့်တော့လည်း နောက်ဆံငင်တာ မပြတ် ၏၊ အတက်အဆင်းအပေါက်မှနေပြီး ကားထဲကို ငေးကြည့်မိသည်။ နှင့်ငြိမ်းတို့ ထိုင်ခုံမှလွဲ၍ ခရီးသည်တွေက နေရာအပြည့် ယူထား သား ဖြစ်နေ၏။

"ခုံနံပါတ်နှစ်ဆယ့်နှစ်နဲ့ နှစ်ဆယ့်သုံးလား အစ်ကို"

"ဟုတ်တယ် ညီလေး"

"အစ်ကိုတို့ကို စောင့်နေတာ၊ မလိုက်ဖြစ်တော့ဘူးတောင် င်နေတာ၊ နောက်တစ်ယောက်ရော အစ်ကို"

စပယ်ယာကောင်လေး မေးနေစဉ်မှာပင် ငြိမ်းက ကား ပေါ်တက်လာ၏။

"တက်လာပြီ ညီလေး"

ငြိမ်းတစ်ယောက် ထိုင်ခုံနား မရောက်ခင်မှာ ကားမောင်း သူက စက်နှိုးလိုက်၏။

သေချာသည်ကတော့ ဒီကားပေါ်မှာ ငြိမ်းမာမီရောက်နှင့်နေသလို ဒီအနီးတစ်ဝိုက်မှာလည်း ရှိမနေတာ သေချာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ဆောင်းထားတဲ့ဦးထုပ်ကို ချွတ်လိုက်ရတာ[illegible] ငြိမ်း"

တံတားမှအထွက် လှိုင်သာယာမြို့သစ်လမ်းမကြီး[illegible] မောင်းနေစဉ်မှာပင် ငြိမ်းက ဦးထုပ်ကို ချွတ်လိုက်၏။

"အိုက်လို့ ဇော်၊ အခုချိန်မှာ ဒီဦးထုပ်ဆောင်းပြီး ရုပ်ဖျက်[illegible] မှ မလိုတော့ဘဲ"

ငြိမ်းလေသံကတော့ ဘာမှအကြောင့်အကျ မရှိသည့်[illegible] သဏ္ဌာန်။ ဟုတ်တော့လည်း ဟုတ်နေသည်။ ဒီအခြေအနေရော[illegible] မှတော့ ငြိမ်းမာမီ လိုက်လာဖို့ဆိုတာကို စိတ်အေးအေးထားလို့ ရ[illegible] ပြီပဲ။

"တရားရုံးလက်မှတ်ထိုးပြီးတဲ့အထိ ဇော်စိတ်ထဲမှာ [illegible] မကြောက်ဘူး၊ အဝေးပြေးလာတော့ မန္တလေးသွားခါနီးခိုးပြေး[illegible] ကိစ္စကို တွေးရင်းက ငြိမ်းမာမီကို ဘွားခနဲ တွေ့လိုက်ရမှာကို [illegible] တွေးပြီး ကြောက်နေတာလေ"

"အခုရော ကြောက်သေးလား"

"နည်းနည်းတော့ ပေါ့သွားတယ်"





"ကြောက်စိတ်တော့ ရှိသေးတဲ့သဘောပေါ့ဟုတ်လားဇော်"

"ကြောက်တယ် ငြိမ်း၊ ဘယ်အချိန်မှာပဲဖြစ်ဖြစ် ငြိမ်းမာမီက အချိန်မရွေး ဇော်တို့ရှေ့ကို ရောက်လာနိုင်တာပဲ၊ အဲဒီအခါ ငြိမ်းမာမီက သူ့သမီးကို အရပြန်ခေါ်သွားမှာ၊ ဇော်တစ်ယောက်တည်း ကျန်ခဲ့မှာကို ကြောက်ရတာပေါ့ ငြိမ်းရယ်"

အလင်းရောင်က ခပ်ဖျော့ဖျော့။ ပတ်ဝန်းကျင်တစ်ခွင်မှာ နှင်းတို့ အရိပ်အယောင်ပြုနေပြီလေ။

"ငယ်ငယ်တုန်းကဆိုရင်တော့ ဇော်ပြောသလိုပဲ ကြောက်သင့်ပါတယ်၊ အခု . . . ငြိမ်းက ဇော်ရဲ့ စာချုပ်စာတမ်းနဲ့ တရားဝင်ဇနီးဖြစ်သွားပြီ၊ မာမီက အတင်းလာခေါ်တယ်ပဲထားပြီး ဇော့်အနေနဲ့ အချိန်မရွေး တရားဥပဒေအရ ငြိမ်းကိုပြန်ခေါ်လို့ရတဲ့အနေအထားပဲ၊ ဇော်ရော ငြိမ်းပါ အရွယ်ရောက်ပြီးရုံတင် မဟုတ်ဘူး၊ ဘွဲ့ရ ပညာတွေတောင် စုံနေပြီပဲ၊ ငြိမ်းတို့ဘဝကို ငြိမ်းတို့ဘာသာ လွတ်လွတ်လပ်လပ်နဲ့ လျှောက်လှမ်းလို့ ရနေပြီလေ"

ငြိမ်းမာမီ၏စိတ်ကို ငြိမ်းသိသလို သူလည်း သိသည်။ အခုအခြေအနေကို လက်လျှော့ပြီး လွှတ်ပေးထားမှာတော့ မဟုတ်ပေ။ နောက်တာစောဗလနှင့်ကလည်း လူသိရှင်ကြား လုပ်ကိုင်ထားပြီးသား ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဇော်တော့ ငြိမ်းမာမီရောက်လာမှာကို ကြောက်တယ်၊ ဇော့်ရင်ခွင်ထဲကနေ ငြိမ်း ပြန်ပါသွားမှာကို ကြောက်တယ်၊ တရား ဥပဒေစာချုပ်စာတမ်းတို့ဆိုတာထက် ငြိမ်းရဲ့ သစ္စာတရား၊ အချစ်တွေကိုပဲ ဇော် ကိုးစားချင်တယ်၊ ငြိမ်းမာမီနောက်ကို ပါသွားခဲ့ရင်လည်း အဲဒီစာချုပ်တွေထက် ငြိမ်းရဲ့အချစ်ကိုပဲ အားကိုးအားထားပြုပြီး နေချင်တယ်"

"ဇော်ကလည်း ဇော်နဲ့ချစ်သူဖြစ်ပြီးပါပြီဆိုကတည်းက ဘယ်မှာများ လွတ်လွတ်လပ်လပ် နေခဲ့ကြရလို့လဲ၊ ခဏတစ်ဖြုတ် မျက်နှာချင်းဆိုင် တွေ့ရုံကလွဲလို့ မာမီပြုသမျှ ဇော်ရော ငြိမ်းပါ လွမ်းခဲ့ကြရတာ မဟုတ်လား၊ အဲဒီကာလတွေမှာတောင် ငြိမ်းက ဇော်ကို သစ္စာရှိရှိနဲ့ ချစ်ပြနေခဲ့တာပဲဥစ္စာ"

"ဟုတ်တယ်နော် ငြိမ်း၊ ငြိမ်းနဲ့ဇော်တို့အကြောင်းကတော့ တကယ့်ကို ရေမြေခြားပြီး နေခဲ့ကြရတဲ့ဘဝ၊ အစကတည်းက မဖြောင့်ဖြူးခဲ့ကြဘူး၊ ဇော့်အိမ်ကဆိုရင် ဇော်နဲ့ငြိမ်းအဖြစ်ကို ပထမတုန်းက ကန့်ကွက်ချင်ကြသေးတယ်၊ ဇော့်တို့ရဲ့ နှစ်ရှည်လများ အခက်ခဲတွေကြားမှာ စွဲစွဲလမ်းလမ်းဖြစ်ခဲ့ကြတာတွေ မြင်ဖန်များလာတော့ သူတို့ကိုယ်တိုင် သနားလာခဲ့ကြတာ"

"မာမီကတော့ အဲဒီလို အတွေးမျိုး ဘယ်တော့မှ ဝင်မှာ





မဟုတ်ဘူး ဇော်၊ သူ့စိတ်ထဲမှာ ဇော်နဲ့ငြိမ်းကို မပေါင်းကြရဖို့ဘဲ အမြဲကြံစည်ပြီး တွေးနေတော့တာ၊ တကယ်တော့ ငြိမ်းနဲ့ဇော် ကြောင့်ပဲ မာမီတစ်ယောက် စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေတာ ဘယ်ကာလအထိ ဖြစ်နေဦးမလဲ မသိဘူး"

ဆောင်းလေကြောင့်ပင် ပြတင်းပေါက်ကို သူပိတ်ထားလိုက်ရသည်။

ငြိမ်းမာမီအကြောင်းကို ပြောနေရင်းကပင် ငြိမ်း ငြိမ်ကျသွားပြန်၏။

ငြိမ်းတစ်ယောက် ဖွင့်မပြောချင်သော အကြောင်းအရာများကို စဉ်းစားကောင်း စဉ်းစားနေမည်လားမသိ။

"ကမ်းသာယာက လူအတည်းအခိုနည်းတော့ သန့်ရှင်းတယ်၊ ပိုပြီး သာယာမှာပေါ့နော် ငြိမ်း၊ ဇော်တို့တွေ အဲဒီမှာ ဘယ်လောက်ကြာကြာနေဖြစ်ကြမလဲ ငြိမ်း၊ အဲဒီနေရာက ဇော်တို့အတွက်တာပဲ လုံခြုံမှာ ရက်အကြာကြီး တည်းခိုနေဖို့တော့ ကောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

"ဟုတ်သားပဲ၊ ကမ်းသာယာကို ဘာကြောင့်သွားရတာလဲ ဆိုတာကို ငြိမ်း မပြောပြရသေးဘူး၊ ငြိမ်း နေရာစုံ စဉ်းစားတယ် အကြာကြီးအတွက် စဉ်းစားတာ၊ အဲဒီနေရာက ငြိမ်းတို့အတွက် အလုံခြုံဆုံး၊ အဲဒီမှာရှိတယ်လို့ မာမီသိသွားတယ်ပဲ ထားလိုက်ဦး မာမီက သူမှာနကို မြေကြီးပေါ်ချပြီး ရောက်လာမှာ မဟုတ်ဘူး"

ငြိမ်းစကားက ဝေဝေဝါးဝါး။ ကမ်းသာယာသည် ပင်လယ် ကမ်းခြေ အပန်းဖြေတည်းခိုရာနေရာတစ်ခု။ ငြိမ်းမာမီက သိသွား ရင် ဘာကြောင့်များ ရောက်မလာနိုင်ရမည်နည်း။

"နေပါဦး ငြိမ်း၊ ငြိမ်းမာမီအနေနဲ့ ဇော်တို့ရှိတဲ့နေရာကို သိမှတော့ ချက်ချင်းရောက်လာမှာပဲ၊ ဘာလို့များ ရောက်လာမှာ မဟုတ်ဘူးလို့ ငြိမ်း ပြောရတာလဲ"

"ဒီလိုလေ ဇော်၊ ငြိမ်းပျောက်လို့ မာမီရှာမှာ သေချာတာ မြေလှန်ပြီး ရှာမှာ၊ ဇော့်အိမ်က လူတွေကို စိတ်ဒုက္ခ မျိုးစုံပေးမယ် မျိုးမြင့်တို့ကို အကျပ်ကိုင်မယ်၊ ဇော့်အိမ်ကလူတွေရော မျိုးမြင့်ပါ ပါ ရက်ဆွဲထားရင်းကနေ နောက်ဆုံးမှာ ပဲခူးရိုးမတောင်ခြေက ဇော့်ဦးလေးနေရာကို လိုက်ပို့ပေးမယ်၊ ဒါပဲလေ၊ အဲဒီအချိန်မှာ ငြိမ်းတို့က ကမ်းသာယာမှာ ရောက်နေပြီ၊ တစ်စုံတစ်ယောက်က





တွေ့သွားပြီး သတင်းပေးတယ်ထားဦး၊ မာမီက ငြိမ်းတို့ရှိတဲ့နေရာကို ချက်ချင်းရောက်မလာနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းတို့က မ်းသာယာဟိုတယ်မှာ တည်းနေမှာမှ မဟုတ်ဘဲ၊ ငြိမ်းဖေဖေဆီ နေကြမှာလေ၊ ငြိမ်းဖေဖေရှိတဲ့နေရာကိုတော့ မာမီ ရောက်လာ မဟုတ်ဘူး၊ တစ်ချိန်က ချစ်ခဲ့ကြတယ်၊ နှစ်ယောက်အိမ်ထောင် ငြိမ်းကို မွေးခဲ့တယ်ဆိုပေမယ့် အခုအချိန်မှာ သူတို့နှစ်ယောက် ဘဝတွေခြားသွားပြီ၊ မာမီပြောခဲ့ဖူးတဲ့ စကားရှိတယ်၊ ရှင်လျက်နဲ့ မျက်နှာချင်းဆိုင်ဖို့က ဝေးလာဝေးပဲ ဇော်၊ ဖေဖေ သေသွား င်တောင် အသုဘကို လိုက်မပို့ဘူးတဲ့၊ ဖေဖေနဲ့ မာမီတို့ရဲ့ တ်လမ်းအကျဉ်းကို ဇော်လည်း သိပြီးသား ဖြစ်မှာပါ"

ငြိမ်းရှင်းပြတော့မှပင် ဇာတ်ရည်လည်သွားတော့၏။ ငြိမ်း င်ကို ခေါင်းထဲမှာ မတွေးမိ။ ကမ်းသာယာဆိုသည်နှင့် အပန်း ဟိုတယ်စခန်းကိုသာ တွေးဖြစ်ခဲ့သည်။

ငြိမ်းဖခင်နှင့်မာမီတို့ ကွဲခဲ့ကြတာလည်း ငြိမ်းမာမီ၏ အတ္တ များကြောင့်ပေပဲ။ ငြိမ်းဖခင်ပင်လျှင် ငြိမ်းမာမီကို စိတ်ကုန်ပြီး တ်သံယောဇဉ်ဖြင့် ဘဝသစ်ကို တည်ဆောက်ခဲ့သည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၀)

www.burmeseclassic.com

www.burmeseclassic.com

## (၂)

ညောင်တုန်းအလွန်ရောက်ကတည်းက ဇော်တစ်ယောက် ာကျသွား၏။

ခရီးသည်အများစုက ငိုက်မြည်းနေကြပေမယ့် သူမက ာမှီအကြောင်းကို တွေးနေမိသည်။

ဇော့်နောက်ကို လိုက်သွားမည် . . . ဟု မာမိ သေချာ ွက်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပင် ဦးစောဗလအား အသိပေးပါမလား မသိ

"ဟင် . . . ငြိမ်းလည်း အိပ်ပျော်နေမယ် ထင်တာ၊ ငြိမ်း ဘာတွေ စဉ်းစားနေလဲ၊ ဇော်တော့ အိပ်မောကျသွားတယ်၊ အ တောင် အိပ်မက်မက်ပြီး လန့်နိုးတာ ငြိမ်း"

"ပြောစမ်းပါဦး ဇော်၊ ဘာအကြောင်းတွေများ မက်တ တုန်း"

ဇော်ပြောမည့် အိပ်မက်မှာ မာမီနှင့် ပတ်သက်နေရမည

သူမတို့နှစ်ယောက်အား မိုးအဆုံးမြေအဆုံး လိုက်ခွဲ မာမီ့စိတ်ကို ဇော် ကြောက်နေပုံရသည်။ စိတ်အစွဲအလမ်း အိပ်မက်တွေ မက်တာ ဖြစ်နိုင်သည်။

ဇော်အားရှိအောင် သွေးအေးပြပေမယ့် သူမကိုယ်တိုင် လည်း ဘယ်နေ့၊ ဘယ်အချိန်မှာ မာမီရောက်လာမလဲ . . . တထိတ်ထိတ်နေရသည့်ဘဝပါပဲ။

"အိပ်မက်ကတော့ မကောင်းဘူး၊ နိုးနိုးချင်းမှာ ယမ်းပြီး ငြိမ်းကို ကြည့်လိုက်မိသေးတယ်၊ ဇော်တစ်ယောက် ရှိနေတုန်းအခါမျိုးမှာဆိုရင် ရင်တုန်ပန်းတုန် ဖြစ်မိမှာ အ

"ဘာလဲ အိပ်မက်ထဲမှာ မာမီရောက်လာပြီး ငြိမ်းကို မက ပြန်ခေါ်သွားတာ မဟုတ်လား"





အိပ်မက်နှင့်ပတ်သက်ပြီး ထင်မြင်ချက်ပေးလိုက်သည်။

တကယ်တမ်းမှာတော့ ဇော့်အိပ်မက်သည် မာမီနှင့် ပတ် သက်ခြင်း မရှိပေ။

"အိပ်မက်ထဲမှာ ငြိမ်းရဲ့မာမီ လုံးဝမပါဘူး၊ ငြိမ်း ဖေဖေ ကြောင့် ဇော်တို့ ကွဲသွားကြတာ၊ ငြိမ်းဖေဖေက တစ်ဖက်လှည့်နဲ့ မို့နောက်ကို ငြိမ်းပါသွားအောင် လုပ်လိုက်တာ"

ဇော့်စကားတွေကြောင့်ပင် အံ့ဩသွားရ၏။ ဇော့်ကို သိမ့်စကား ပြောလိုက်ရပေမယ့် ဇော့်အိပ်မက်ကြောင့် စိတ်ထင့် သွားရ၏။

"မဖြစ်နိုင်ဘူး ဇော်၊ ဖေဖေက ဒီလိုမျိုး လုပ်မှာမဟုတ်ဘူး၊ စမ်းပါဦး၊ ဖေဖေလို့ အတပ်ပြောရအောင် ဖေဖေ့ကို ဇော်မှ တွေ့ဖူးပဲ၊ လူပုံသဏ္ဌာန်ကို ပြောပြပါဦး"

သူမနှင့်ဇော်တို့နှစ်ယောက် ရှေ့ရေးအတွက် စိတ်ချ ကြည်ထားသော ဖေဖေက ခွဲပစ်လိုက်သည်တဲ့။

"ငြိမ်းဖေဖေကို ဇော်မမြင်ဖူးပါဘူး၊ အိပ်မက်ထဲမှာ တွေ့ရ ငြိမ်းဖေဖေရဲ့ ပုံသဏ္ဌာန်ကတော့ အသားဖြူတယ်၊ အရပ်မြင့် အထင်ရှားဆုံးကတော့ သူ့မျက်လုံးနဲ့နှာတံကျပုံပဲ ငြိမ်း

ဇော့်စကားကြောင့် မျက်လုံးပြူးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်တစ်ယောက် ဖေဖေ့ကို ဓာတ်ပုံထဲမှာတောင် မြင်ဖူး ခဲ့တာမဟုတ်။ ဇော့်အိပ်မက်ကတော့ အတော်တိကျပြီး တိုက်ဆိုင် လွန်းနေ၏။

"အံ့ဩစရာပဲ ဇော်၊ ဇော် မမြင်ဖူးတာ မှန်ပေမယ့် ငြ လိုက်တဲ့အရာတွေက ကွက်တိတွေပဲ၊ ထားလိုက်ပါလေ၊ ဒီလောက မက်ခဲ့တဲ့ အိပ်မက်တွေက တကယ်ဖြစ်လာတတ်တာမှ မဟုတ် ဖေဖေနဲ့ ပတ်သက်ပြီး အဲဒီအိပ်မက်ကိုတော့ အစွဲအလမ်းမထား

ဇော့်ကို ဖျောင်းဖျလိုက်ရပေမယ့် စိတ်ထဲမှာ တစ်မျိုး ဖြစ်နေတာကို ကိုယ်တိုင် အသိဆုံးပင်။

"အိပ်မက်က ထူးလို့ ပြောပြတာပါ၊ ငြိမ်းဖေဖေနဲ့ သက်ပြီး အခုထိ ဇော့်စိတ်ထဲမှာ ဘာမှမရှိဘူး၊ ဇော် တ ကြောက်တာကတော့ ငြိမ်းမာမီပဲ"

ဇော်ကတော့ အိပ်မက်ကို ပြောပြပြီး အစွဲလမ်းထားသ မပေါ်ပေ။

တကယ်ပဲ ဇော်မက်သော အိပ်မက်ထဲကလို ဖေဖေ လာလေမလား . . . ဟု စိတ်ထဲမှာ တွေးနေဖြစ်ပြန်၏။





ဖျတ်ခနဲတွေ့ရသော မြို့ဆိုင်းဘုတ်ကို ဖတ်ကြည့်လိုက်၏။ သူမတို့ စီးနင်းလာသော ခရီးသည်တင်ကားက မြို့တွင်းကို ဖြတ် သွား။ မြို့အမည် ဆိုင်းဘုတ်သည် နောက်ဘက်ဆီမှာ ကျန်ရစ်ခဲ့ ၏။

"ရေကြည်ရောက်ပြီပဲ ငြိမ်း၊ ဒါဆို မကြာခင်မှာ ငါးသိုင်း ချောင်း ရောက်တော့မယ်၊ တံတားကူးပြီးရင် ရိုးမပေါ်တက်တော့ ယ် ငြိမ်း"

ဇော်ကတော့ ပြိုင်တူဖတ်မိခဲ့သော မြို့ဆိုင်းဘုတ်ကို ကြည့် ်း ပြောလိုက်ခြင်းဖြစ်၏။

ဇော့်စကားကြောင့် အံ့ဩသွားရသည်။

"နေပါဦး ဇော်၊ ဒီခရီးကို ဇော်သွားခဲ့ဖူးလို့ ပြောနိုင်တာ ား"

"မရောက်ဖူးပါဘူး ငြိမ်းရဲ့၊ ဇော့်မေမေရဲ့အမျိုးတွေက ကြည်မှာရော၊ ငါးသိုင်းချောင်းမှာပါ ရှိကြတာလေ၊ မေမေတို့ ြောပြောနေကြတာကို ကြားဖူးထားတာလေ"

"သြော်"



www.burmeseclassic.com

www.burmeseclassic.com



ဇော့်အိပ်မက်ကို ကြားပြီးကတည်းက ဇော့်စကားတွေက အထူးအဆန်း ဖြစ်စေပြီး ရင်ကို တုန်လှုပ်စေရော့လားမသိ။

"ဒါနဲ့ ငြိမ်း . . . ကမ်းသာယာရောက်ရင် ငြိမ်းဖေဖေက ဘယ်လိုဆက်ဆံမလဲ မသိဘူး၊ ဇော့်ကိုများ သူ့သမက်တစ်ယောက် အနေနဲ့ အသိအမှတ်ပြုပါ့မလား၊ တော်ကြာ . . . မောင်းထုတ်နေ… ခက်ဦးမယ်"

ကားအတွင်းမှာတော့ မီးရောင်ပျပျလေး ထွန်းထား၍ မ… ကွဲ။ ဒီအချက်ကို အခွင့်ကောင်းယူပြီး သူမကို အတင်းအကျ… ထွေးပွေ့ထား၏။

ဇော့်ရင်ခွင်ထဲမှာ နေရသည့်တိုင် စိတ်မရှင်း။ ဇော်ပြေ… လိုက်သော အပြောင်အနောက်စကားကိုလည်း မရယ်မောနိုင်ခဲ့သေ…

"ဘာဖြစ်လို့ ငြိမ်သွားရတာလဲ၊ ငြိမ်း အိပ်ချင်နေပြီလား… ဇော်ပြောလိုက်တာကိုရော ကြားရဲ့လား"

"ကြားတယ်ဇော်၊ ဖေဖေက ဇော့်ကို သဘောတူမှာပါ၊ မာ… နဲ့ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေမှာ ငြိမ်းတို့အတွက် ဖေဖေက မားမားဒေ… မတ် ရပ်ပေးမှာပါ ဇော်"

ဖေဖေနှင့်ပတ်သက်ပြီး အာမခံချက်တွေ ပေးလိုက်ရ… မယ့် အိပ်မက်ကိစ္စကြောင့်ပင် ရင်ထဲမှာ ဟာနေရ၏။





ဖေဖေ့ကို အကြွင်းမဲ့ယုံပြီး ဒီခရီးလမ်းကို သူမရွေးချယ်ပြီး ဦးဆောင်ခဲ့ခြင်း ဖြစ်၏။ ဘာမဟုတ်သော အိပ်မက်တစ်ခုကြောင့်တော့ သူမ၏ယုံကြည်မှုတွေ၊ မျှော်လင့်ချက်တွေ ယိုင်နဲ့ပျက်စီးမသွားနိုင် . . . ဟု ဖြေတွေးတွေးမိ၏။

ငါးသိုင်းချောင်းမှ တစ်ဖက်ကမ်းသို့ ကူးပြီး မကြာသော အချိန်အတွင်းမှာပင် 'ရေနံ့သာ' သို့ ရောက်၏။

'ရေနံ့သာ' မှာပင် ကားနားပြီး ခရီးသည်အားလုံး ထမင်းစားကြ၏။

ဒီတစ်ချိန် ခရီးဆက်ကြရင်တော့ ဇော်ပြောခဲ့သလို ရှိုးမဆော်တက်တော့မှာ ဖြစ်၏။

"စားလို့ကောင်းတယ်၊ ဟင်းတွေကလည်း အမယ်စုံပဲ၊ ငြိမ်း အမိရဲ့ စက်ကွင်းကနေ တစ်စစဝေးလာလို့ စိတ်လွတ်လက်လွတ် ရှိနေတာတော့ အမှန်ပဲ ငြိမ်း"

"အရမ်းကြီးတော့ မစားနဲ့ ဇော်"



www.burmeseclassic.com

www.burmeseclassic.com

"ငြိမ်း အစားနည်းတယ်၊ ဘာလဲ မိုးချုပ်လို့ ငြိမ်းမာမီတို့ လွမ်းနေပြီလား"

ဘဲ့မိုးကို လွမ်းတာထက် ဖေဖေနှင့်ပတ်သက်သော အိမ်မက်က စိတ်၏လွတ်လပ်ခြင်းကို လွှမ်းမိုးထား၏။

တီဗွီကို လှမ်းကြည့်မိမှ ညရှစ်နာရီထိုးပြီးစဆိုတာကို သတိထားဖြစ်၏။

"အခုချိန်ဆို တီဗွီတောင် မကြည့်နိုင်ဘဲ ဒေါသစိတ်ကြောင့် မာမီ သွေးတိုးရင် တိုးနေမှာ ဇော်၊ တီဗွီကို ကြည့်နေဖြစ်ရင်လည်း အရုပ်တွေကို မြင်နေရပေမယ့် မာမီ့အာရုံက ငြိမ်းတို့ နှစ်ယောက်ဆီမှာပဲ ရောက်နေမှာ သေချာတယ်"

"ငြိမ်းမာမီက ဇော်တို့နှစ်ယောက် ငြိမ်းဖေဖေဆီကို သွားလိမ့်မယ်လို့ တွေးရင် တွေးမိမှာပဲ"

"တွေးမိရင်လည်း နောက်ဆုံးမှဖြစ်မှာ ဇော်၊ ဒါပေမဲ့ ဖေဖေရှိတဲ့နေရာကိုတော့ မာမီကိုယ်တိုင် လိုက်လာမှာ မဟုတ်ဘူး"

မာမီ့အကြောင်းကို သိနေသည်။ ဖြစ်ပျက်ခဲ့သော အကြိတ်အခဲကို မာမီက ပြေပျောက်မှာ မဟုတ်ပေ။ ပြီးတော့ ဖေဖေကလည်း သူ့ဘဝ၊ သူ့မိသားစုနှင့် သတ်သတ်မှတ်မှတ် ဖြစ်နေသည့် အနေအထား။



"ငြိမ်းမာမီ နောက်အိမ်ထောင်မပြုဘူး၊ ငြိမ်းဖေဖေက နောက်အိမ်ထောင်နဲ့ အခုအခြေအနေကို ပြောကြကြေးဆိုရင်တော့ ဘာပဲပြဿနာဖြစ်ခဲ့ဖြစ်ခဲ့ ငြိမ်းမာမီရဲ့အချစ်က ပိုမယ်လား မသိဘူး"

"အခြေအနေကိုကြည့်ပြီး ပြောရင်တော့ ဟုတ်တယ်လို့ ပြောရမှာပဲဆို၊ ဒါပေမဲ့ ဖေဖေ့ကို တကယ်အချစ်ကြီးခဲ့လို့ မာမီက နောက်အိမ်ထောင်မပြုတာ မဟုတ်ဘူး၊ တကယ်တော့ မာမီက အတ္တမာနကြီးခဲ့တာပါ။ ယောကျ်ားတစ်ယောက်အနေနဲ့ ရေရှည်သည်းခံဖို့ဆိုတာ အခက်သားပဲ၊ ဟိုတုန်းကတော့ ဖေဖေ နောက်အိမ်ထောင်ပြုတာကို စိတ်ထဲမှာ မကျေနပ်ဘူး၊ တကယ်တော့ မာမီ့ကြောင့် ငြိမ်းတို့သုံးယောက်ရဲ့ မိသားစုဘဝလေးဟာ တစ်စစီဖြစ်ခဲ့ရတာ၊ မာမီနဲ့ဖေဖေတို့ ချစ်ခဲ့ကြလို့ ဘဝတစ်ခုကို ထူထောင်ခဲ့တယ်ဆိုပေမယ့် မာမီရဲ့အတ္တမာနလွှန်ကဲမှုကြောင့် အသွင်မတူခဲ့ကြတာလေ၊ ငြိမ်း ငါးတန်းနှစ်မှာပဲ ဖေဖေ အိမ်ပေါ်က ဆင်းသွားခဲ့တာ ဇော်"

"ဇော် မှတ်မိပြီ၊ အဲဒီနေ့က မထင်မှတ်ကြဘဲ အပြင်မှာ နှစ်ယောက်တွေ့ဖြစ်ကြတာ၊ ငြိမ်းက အဘွားအိမ်က ပြန်လာတာ၊ ဇော်က အိမ်ကခိုင်းလို့သွားရင်း တွေ့ကြတာ၊ ငြိမ်းက ငြိမ်းဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြုတဲ့သတင်းကို တိကျအောင် စုံစမ်းတာ၊ အဲဒီနေ့မှာပဲ ဇော်က ငြိမ်းလို့ တရားဝင်ခွင့်တောင်းပြီး စခေါ်ခဲ့တာနော်"

ဆယ်တန်းနှစ်က မမေ့နိုင်သော နေ့တစ်နေ့ကို ဇော် ပြောလိုက်သည်။

ဟုတ်သည်ပဲ။ ဘယ်အချိန်မှာဖြစ်ဖြစ် အဲဒီနေ့က အဖြစ်အပျက်တို့ကို မေ့ပစ်လို့မရနိုင်ကောင်း။

ဇော်ပြောလိုက်သော စကားတွေကြောင့်ပင် အတိတ်အဖြစ်အပျက်တို့သည် မြင်လွှာမှာ ပီပီသသ ပေါ်လာဖြစ်ပြန်၏။

## [ ၂ ]

အပြင်ဗန်းအားဖြင့်ကြည့်လျှင် သူမဘဝသည် အရာရာ [illegible]ပြည့်စုံသော တစ်ဦးတည်းသောသမီး။

မာမီ၏မေတ္တာရိပ်အောက်မှာပင် ကြောင့်ကြခြင်းဟူ၍ [illegible]မန်မျှ မခခဲ့။

'မာမီတစ်ယောက်တည်းရဲ့ အချစ်နဲ့တင် ဝင်နို[illegible]မှာ [illegible]ခင်ဆိုတဲ့ ဝေါဟာရကို မျက်ကွယ်ပြု ထားလို့ရပြီ' ... ဟု မာမီ



www.burmeseclassic.com

www.burmeseclassic.com



အမြဲတစေ ပြောခဲ့၏။

မာမီ့စိတ်ကို သိနေ၍ ပြန်မပြောဖြစ်ခဲ့သည့်တိုင် ရင်ထဲမှာတော့ ဖခင်မေတ္တာကို အမြဲတောင့်တမိသည်။

"ဒီနေ့ တန်ဖိုးကြီးကြီးပစ္စည်းတစ်ခုခုကို ဝင်နီ ပူဆာပါလား၊ ဝင်နီလိုချင်တဲ့ပစ္စည်းကို ဝမ်းသာခြင်းအထိမ်းအမှတ်အနေနဲ့ မာမီ ဝယ်ပေးချင်တယ် ဝင်နီ"

ကျောင်းမှ ပြန်ရောက်ရောက်ချင်း အဖြူနှင့်အစိမ်း မလဲခင်မှာပင် မာမီပြောလာ၏။

မာမီ့မျက်လုံးများကတော့ တကယ့်ကို ဝမ်းသာပီတိဖြစ်နေသည့်အလား။

"မာမီက ဘာအထိမ်းအမှတ်နဲ့ ဝယ်ပေးမှာလဲ၊ ဒီနေ့က မာမီ့မွေးနေ့ မဟုတ်သလို၊ ဝင်နီ့မွေးနေ့လည်း မဟုတ်ပါဘူး"

"မာမီ့အတွက်ရော ဝင်နီ့အတွက်ပါ အရေးကြီးတဲ့ သတင်းတစ်ခုကို ကြားရတဲ့အတွက်လေ ဝင်နီ"

"ဘာသတင်းမျိုးများလဲ မာမီ"

"ဝင်နီ့ဖေဖေအကြောင်းပဲ ဝင်နီ့ဖေဖေ နောက်အိမ်ထောင်ပြုသွားပြီ၊ ဝင်နီ့ရင်ထဲမှာ ဖခင်ဆိုတဲ့ သံယောဇဉ် အကြွင်းအကျန် ရှိခဲ့ရင်တောင်မှ လုံးဝထုတ်ပယ်ပစ်လိုက်ပေတော့၊ ဒီကိစ္စက ဝင်နီ့





ဘဝအတွက် အရမ်းအရေးကြီးတယ်၊ ဝင်နီ့ရဲ့ရှေ့ရေးမှာလည်း မာမီ့လို အရွေးမမှားဖို့ လိုတယ်၊ ဝင်နီ့ရဲ့အိမ်ထောင်ရေးကို မာမီ ကိုယ်တိုင် စီမံမယ်၊ ဝင်နီသဘောနဲ့ဝင်နီ ရွေးချယ်လို့ မဖြစ်ဘူး၊ ငယ်တဲ့အရွယ် ချစ်စိတ်မွှန်နေတဲ့အချိန်မှာ အယူအဆ အတွေးအခေါ်တွေကို ထည့်မတွက်ခဲ့မိလို့ ဒီလိုအဖြစ်မျိုးတွေကို မာမီ ကြုံတွေ့ခဲ့ရတာ၊ သူက ဖခင်တစ်ယောက်အနေနဲ့ ဘာတာဝန်ကျေလဲ၊ မာမီကတော့ ဘာအနှောင်အဖွဲ့မှ ထပ်မချည်ဘဲ ဝင်နီ့ကိုပဲ ချစ်ခဲ့ရတာ၊ ဝင်နီ့မျက်နှာကို မထောက်ဘဲ မာမီ့ကို မကျေနပ်တာနဲ့ အခုဆို နောက်အိမ်ထောင်တောင် ပြုလိုက်ပြန်ပြီ"

မာမီ့စကားတွေကြောင့်ပင် ရင်ထဲမှာ အကြီးမားဆုံး ဆုံးရှုံးမှုကြီးကို ကြုံတွေ့ရပြီ . . . ဟု နားလည်လိုက်မိသည်။

ဖေဖေ နောက်အိမ်ထောင်ပြုသည့်သတင်းက ဝမ်းသာစရာတဲ့လား။

ဒီသတင်းအတွက် မာမီ့ဆီကနေ တစ်ခုခု ပူဆာတောင်းဆိုရမည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖေ့ဖေ့သတင်းကို ကြားပြီး စနေကျောင်းပိတ်ရက်မှာပင် မာမီမသိအောင် အဘွားဖြစ်သူထံသို့ သွားခဲ့၏။

ဖေဖေ့သတင်းနှင့်ပတ်သက်ပြီး မာမီပြောသမျှတွေကို မယုံ ချင်။ သူမနှင့်ဖေဖေတို့ကြားမှာရှိသော သံယောဇဉ်များကို ပြတ် တောက်သွားစေရန် မာမီ လီဆယ်သည် . . . ဟု သံသယရှိနေ၏။

"ငါ့မြေးလေး ကြားရတဲ့သတင်းက အမှန်ပဲကွယ်"

မာမီ မသိပေမယ့် မာမီ့ကွယ်ရာမှာ ဖေဖေ့အသိုင်းအဝိုင်း ကို အဆက်အသွယ် မပြတ်ခဲ့။ ဖေဖေ ရန်ကုန်ရောက်လာတတ်တိုင်း မာမီမသိအောင် တွေ့ဖြစ်သည်။ ဒါကလည်း နှစ်နှင့်ချီပြီးကြား တစ်ခေါက်လောက်ပင်။

"မာမီပြောခဲ့တုန်းက မယုံရဲဘူး အဘွား၊ အဘွားစကား ကြားရတော့ ရင်ထဲမှာဆို့သွားတာ အမှန်ပဲ၊ အရင်တုန်းက ဖေဖေ ရန်ကုန်လာတိုင်း တွေ့နေမြင်နေခွင့် ရှိသေးတယ်၊ အခု တော့ အားလုံးဆုံးရှုံးသွားရပြီပေါ့၊ တကယ်ဆို ဖေဖေ အိမ်ထောင် မပြုသင့်ဘူး၊ အခုတော့ မာမီ့အတွက် ပြောစရာစကား ရသွားတာ ပေါ့"

"ငါ့မြေးက ငယ်သေးတယ်၊ လူ့သဘာဝရဲ့ ဖြစ်တတ်ပျက်





ဘတ်တဲ့အကြောင်းကို နားလည်မှာ မဟုတ်ဘူး၊ သမီးဖေဖေ မှန် သလို ဝင်နို့မာမီလည်း မှန်နေတာပဲ၊ သမီး ဖေဖေကိုတော့ နားလည် ပေးလိုက်ပါကွယ်"

ဖေဖေ ရက်စက်သည် . . . ဟု တွေးရင်း ဖြေလို့မရ။ အဘွားရှေ့မှာပင် အားပါးတရ ငိုဖြစ်ခဲ့၏။

အရင်အခေါက်တွေတုန်းကဆိုရင်တော့ အဘွားထံမှာ အကြာကြီးနေဖြစ်သည်။

အဘွားနှင့်အတူ ဖေဖေ့အကြောင်းတွေကို ပြောကြရင်း အလွမ်းဖြေဖြစ်ခဲ့၏။

ပြန်ခါနီးမှာတော့ အရင်လိုပဲ အဝင်အထွက်လုပ်ဖို့ အဘွား ဖြစ်သူက တဖွဖွမှာ၏။

သူမအနေနှင့် အဘွားဖြစ်သူ၏စကားတွေအတွက် ခေါင်း ညိတ်၊ ခေါင်းခါဖို့ အင်အားတွေ မဲ့နေခဲ့၏။

အဘွားအိမ်မှ ထွက်လာကတည်းက စိတ်ထွေထွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ရာ လျှောက်သွားဖြစ်သည်။

ဖေဖေကတော့ ဘဝအသစ်မှာ သံယောဇဉ်သစ်များဖြင့် နှောင်ဖွဲ့ပျော်ရင်း သူမကို မေ့လျော့သွားမှာ သေချာနေသည်ပဲ။

"ဘာတွေများ အတွေးလွန်လို့ ခေါ်မကြား အော်မကြား ရတာလဲ၊ နေပူကျဲကျဲမှာ ဘယ်သွားမလို့လဲ"

အနားနားကပ်ပြီး ပြောလိုက်သောအသံကြောင့်ပင် ပတ် ဝန်းကျင်ကို သတိရသွား၏။

ဇော့်မျက်နှာကို မြင်ရသည်။

သူမအပေါ် ဂရုတစိုက်ရှိလွန်းသော ဇော်လတ်။

"ဝင်နီ အဘွားအိမ်က ပြန်လာတာ"

"ကားမပါဘူးလား"

"မပါဘူး ဇော်၊ ဇော်အားတယ်ဆိုရင် အချိန်ပေးပြီး ဝင်နီ အဖော်လုပ်ပေးပါလား၊ ဝင်နီ အိမ်လည်း မပြန်ချင်သေးဘူး ပြီးတော့ . . . ဝင်နီ့ရင်ထဲမှာ ဖြစ်ပျက်နေတာတွေကိုလည်း ဇော် သိအောင် ပြောပြချင်တယ်"

သူမစကားများကို အပြည့်အစုံ ဇော် နားလည်မှာ မဟုတ် ပေ။

သူမအပေါ် ဂရုစိုက်လွန်းသော ဇော့်အကျင့်ကြောင့်





သူမ၏ အလိုများကို ဇော်လိုက်လျောခဲ့၏။

"အိမ်က ခိုင်းတဲ့ကိစ္စပြီးပြီ၊ အိမ်ပြန်ဖို့ မှတ်တိုင်မှာ ကား စောင့်နေရင်း လှမ်းကြည့်လိုက်တုန်းမှာ တွေ့လိုက်လို့ လိုက်ခေါ်ဖြစ် တာ၊ သွားချင်တဲ့နေရာကို သွား၊ အဖော် လုပ်ပေးမယ်၊ ပြောချင်တဲ့ စကားတွေကိုလည်း နားထောင်ပေးမယ်"

ရင်ထဲမှာ တနင့်တပိုး ဖြစ်နေရသော ခံစားမှုများကို အိမ် အထိ ပြန်သယ်မသွားချင်။

မာမီပြောမည့်စကားတွေကိုလည်း နားထောင်နိုင်စွမ်းမရှိ။

ဖခင်ဖြစ်သူနှင့် ပတ်သက်ပြီး ခံစားရသမျှ သောကများကို တစ်စုံတစ်ယောက်အား ပြောပြချင်နေတုန်းမှာပင် မှတ်မထင် ဇော်နှင့် ဆုံခဲ့ခြင်းပေပဲ။

တကယ်တမ်းကျတော့ အဖြစ်အပျက်များကို ဘယ်ကစပြီး ဘယ်လိုပြောရမှန်းမသိ။

သူမ၏ကိုယ်ရေးကိုယ်တာကိစ္စများသည် ဇော့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာ၊ ကဲ့ရဲ့ချင်စရာ ဖြစ်နေရင်အခက် . . ဟု တွေးမိပြန်သည်[...]

ပြောလည်း ပြောပြချင်သလို၊ မပြောလည်း မပြော[...]
ပြန်။

“ဝင်နီပြောမယ့်အကြောင်းတွေကို မပြောခင်မှာ ဝင်[...] သိချင်နေတဲ့ကိစ္စတစ်ခုကို အရင်မေးမယ် ဇော်”

“ဘာများလဲ၊ မကွယ်မှုထောက်ဘဲ ဇော် ဖြေပါ့မယ်”

“တခြားတော့ မဟုတ်ဘူး၊ ခင်မေဝင်းတို့ မော်မော်တို့[...] ဝင်နီလို့ ခေါ်ကြတယ်၊ ဇော်ကျတော့ ဝင်နီနဲ့အဆက်အဆံ အ[...] အဆိုသာ ရှိနေတာ၊ ဝင်နီလို့ ခေါ်သံမကြားဘူး၊ ဝင်နီဆိုတဲ့ နာမ်[...] ကို တတ်နိုင်သရွေ့ သတိထားပြီး ဖျောက်ဖျက်ပစ်နေတာ [...] သဘောလဲဟင်”

ဝင်နီ . . . ဟု အခေါ်အဝေါ်နှင့် ပတ်သက်ပြီး [...] တစ်ယောက်တည်း သတိထားဖြစ်ခဲ့တာ မဟုတ်။ ခင်မေဝင်း[...] မျိုးမြင့်တို့ကလည်း ဇော့်အခေါ်အပြောကို စိတ်ဝင်စားခဲ့၏။

“ဇော်လည်း ပြောမယ် ပြောမယ်နဲ့ နေလာခဲ့တာ၊ ဒီ[...] တော့ ခွင့်တစ်ခုခုပါ တောင်းရမလိုပဲ၊ ဝင်နီလို့ လူတွေက ချစ်[...] ခေါ်နေကြတယ်၊ ဇော်ကတော့ ငြိမ်းဆိုတဲ့ အမည်လေး[...] သဘောကျတယ်၊ လက်တွေ့မှာ မခေါ်ဖြစ်ပေမယ့် ရင်ထဲမှာ[...]





[...]မြဲခေါ်ဖြစ်ခဲ့တယ်၊ ငြိမ်းလို့ တသီးတသန့်ခေါ်ရင် စိတ်ဆိုးမှာ[...]ား”

တိုက်ဆိုင်လိုက်တာဟု သူမတွေးဖြစ်ပြန်သည်။

လူတွေအားလုံးက ဝင်နီငြိမ်းအမည်ကို ဝင်နီဟုပဲ ခေါ်ကြ[...]သည်။ ဘယ်သူကမှ ဝင်နီငြိမ်းဟု အပြည့်အစုံ မခေါ်သလို ‘ငြိမ်း’ [...]လည်း မခေါ်ခဲ့။ ဖေဖေက သူမကို အမြဲတစေ ‘ငြိမ်း’ ဟု ခေါ်[...]တ်သည်ပဲ။

“စိတ်မဆိုးပါဘူး ဇော်၊ ဒီလောကမှာ ‘ငြိမ်း’ လို့ ခေါ်တဲ့ [...]ဆိုလို့ ဇော်နဲ့ဆို နှစ်ယောက်ပဲရှိတယ်၊ ငယ်ငယ်ကလေးတည်းက [...]မ်းလို့ ခေါ်ခဲ့ဖူးတယ်၊ အခုချိန်မှာတော့ အဲဒီလူက ငြိမ်းကို သတိရ[...]တော့မှာ မဟုတ်ဘူး၊ အဲဒါ တခြားလူတော့ မဟုတ်ဘူး ဇော်၊ [...]ခဲ့ဖေဖေပဲ၊ သူ နောက်အိမ်ထောင်ပြုလိုက်ပြီတဲ့ ဇော်ရယ်”

အကြောင်းအရာက ကြုံဖန်ပြီး တိုက်ဆိုင်လာတော့ ဝမ်း[...]ခြင်းများက ပြိုဆင်းလို့လာ၏။

သူမ၏ခံစားချက်၊ မာမိနှင့်ဖေဖေတို့၏ ကိုးကွယ်ယုံကြည်[...]ပုံပက္ခများကို ဇော်သိအောင် ပြောပြဖြစ်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com

## (၃)

မနောက်ရိုးမ၏တောင်တန်းတွေပေါ်မှာပင် ခရီးသည်တင် ကားလေးက တရွေ့ရွေ့ မနားမနေသွားနေ၏။

တောရိပ်တောင်ရိပ်တို့သည် အမှောင်နှင့်ရောစပ်ထားပြီး ပိုပြီးနက်မှောင်လွန်းသည် . . . ဟု ထင်မိသည်။

"အေးတယ် ငြိမ်း၊ ခင်မေဝင်းတို့ ထည့်ပေးလိုက်တဲ့အထဲမှာ အနွေးထည်များ ပါမလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှာမနေနဲ့ ဇော်၊ ဇော်တစ်ယောက်လုံး အနားမှာ ရှိနေတာပဲ၊ အဝေးထည် မလိုပါဘူးကွယ်"

သူမစကားကြောင့်ပင် ဇော်က ပိုလို့ တိုးဖက်ထား၏။

ပါးပြင်ပေါ်မှာလည်း ဇော့်နွေးထွေးမှုများက နေရာအနှံ့ ထင်ကျန်ဆဲ။

"ငြိမ်းမာမီတို့ရဲ့ပဋိပက္ခက ချစ်သူဘဝမှာတော့ အထ ကြောင်း မဖြစ်ခဲ့ကြဘူးနဲ့တူတယ်၊ သူတို့ရဲ့ ပဋိပက္ခကို ဘယ်အချိန် လောက်မှာ ငြိမ်း သိခဲ့ရတာလဲ"

"ငြိမ်း သိသလောက်တော့ ငြိမ်းကို မွေးပြီး နာမည်ပေးတဲ့ အချိန်လို့ ထင်တာပဲ၊ ချစ်သူဘဝတုန်းက ပညာအရရော အသိုင်း အဝိုင်းအရပါ မာမီက သာခဲ့လိမ့်မယ်၊ ဖေဖေက မာမီ့ကို အရမ်း ချစ်ပြီး အလိုလိုက်တာလည်း ပါမယ်၊ အိမ်ထောင်ပြုပြီးတဲ့အခါ မာမီ့စိတ်အလိုကျ ဖေဖေ့ကို သိမ်းသွင်းလို့ ရလိမ့်မယ်လို့ မာမီယုံခဲ့တဲ့ ပုံပဲ ဇော်၊ တကယ်လို့ ဇော်ရယ် . . . မာမီရဲ့အတ္တကြောင့်ပဲ ငြိမ်းတို့ မိသားစုလေးမှာ ကိုးကွယ်ယုံကြည်မှုက အက်ကြောင်းတစ်ခုလို ဖြစ်ခဲ့ရတာပါ ဇော်"

ခရီးသည်အများစုကတော့ ငိုက်မြည်းနေကြပေမယ့် သူမ တို့ကတော့ အိပ်စက်ငိုက်မြည်းခြင်းကို ကျော်ခိုင်းထားကြ၏။





နှစ်ဆယ့်ရှစ်မိုင်အရောက်မှာပင် ကားက တစ်ထောက်ရပ် းသည်။

ခရီးသည်အားလုံးအတွက် အိပ်ချင်ပြေ၊ အဆာပြေ က်ဖက်ရည်သောက်ဖို့ နာရီဝက် အချိန်ပေးသည်။

"မျက်နှာ အရင်သစ်လိုက် ငြိမ်း၊ ပြီးမှ တီးမစ်သောက်ကြ ာပေ့ါ"

"ပြီးမှသောက်မယ် ဇော်၊ အပေါ့အပါးကိစ္စ ရှင်းထားချင် းတယ် ဇော်၊ အဖော်လုပ်ပေးဦး"

တောင်ပေါ်ခရီးလမ်းကြား နေရာလေးမို့ သန့်စင်ခန်းက ိုဝရဲ့။

ဇော့်အဖို့ အလွယ်တကူ အန္တရာယ်ရှင်းလို့ ရပေမယ့် သူမ တွက်ကတော့ အတော်လေးကို ကသိကအောက်နိုင်ခဲ့ရ၏။

"ကားနားလိုက်တာနဲ့ စကားက ပြတ်သွားတယ်၊ တီးမစ် ာက်ရင်း စောစောက နာမည်မှည့်တဲ့ကိစ္စကို ဆက်ပြောဦး ငြိမ်း"

မာမီ့အကြောင်း မာမီ့စိတ်ထားကိုတော့ ဇော်က ရင်းနှီးပြီး ဖေဖေနှင့် ပတ်သက်ပြီး ဖေဖေ့စိတ်ထားကို ဇော်သိချင်နေပုံ

"ကဲ . . . အားလုံးသော ခရီးသည်များ ကားပေါ်တက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ကျွန်တော်တို့ ခရီးဆက်ပါ့မယ်"

အပေါ့အပါးကိစ္စကို အတော်လေး အချိန်ပေးလိုက်ရသည်

"ဇော်ရေ စကားပြောဖို့ မပြောနဲ့၊ ဒီတီးမစ်တောင် ခွ

တွေကိုတောင် ဒီတိုင်းထားခဲ့ရမလိုပဲ"

ဇော်သိချင်သောအကြောင်းကို မပြောပြဖြစ်ဘဲ တီးမစ်

သာ အလျှင်စလို သောက်လိုက်ကြရသည်။

"သူတို့ဘာသာသူတို့ အကြိတ်အခဲရှိပြီးသား ဇော်၊ ငြိမ်း

နာမည်ပေးတော့ ပြဿနာစ ဖြစ်တယ်၊ မာမီ့နာမည်က ဒေါ်အ

ဖေဖေ့နာမည်က ဦးဖေငြိမ်း၊ မာမီကတော့ ဝင်နီလို့ခေါ်ချင်တ

ဝင်နီဆိုတဲ့နာမည်ကို ဖေဖေက သဘောမကျဘူး၊ နောက်ဆုံး

ညှိရင်းနှိုင်းရင်းကနေ ငြိမ်းကို နှစ်ယောက်စလုံး ပိုင်ဆိုင်ကြ

ဆိုတဲ့သဘောနဲ့ ဝင်နီငြိမ်းလို့ မှည့်ဖြစ်ခဲ့တာပဲ ဇော်"

မှည့်လိုက်သော နာမည်ကြောင့်ပဲလားတော့ မ

ဝင်နီငြိမ်းဆိုသော သူမဘဝလေးသည် စိတ်နှစ်ခုဆက်ထား





သဘော။ အကွဲကွဲဖြစ်မည့်လက္ခဏာဖြင့် ခုလို ဖြစ်ခဲ့ရ၏။

"သဘာဝ ကျသလိုလိုပဲ ငြိမ်း၊ ငြိမ်းဘဝ ငြိမ်းဖြစ်ပျက်နေ

တာနဲ့ ငြိမ်းနာမည်က လိုက်ဖက်နေသလိုပဲ"

"ဒီနေရာမှာ မာမီရဲ့ စွမ်းဆောင်နိုင်အားက ပိုတယ် ဇော်၊

တ်ဝန်းကျင်မှာ ဝင်နီလို့ တွင်အောင်လုပ်နိုင်ခဲ့သလို ဝင်နီလို့ပဲ

ာမီခေါ်တယ်၊ ဖေဖေကတော့ ဝင်နီလို့ မခေါ်ဘူး၊ ငြိမ်းလို့ပဲ

ခေါ်တယ်၊ လူတွေအားလုံးကတော့ ဝင်နီလို့ပဲ ခေါ်ကြတယ် ဇော်"

အိမ်ထောင်တစ်ခုသည် ချစ်ခြင်းမေတ္တာအပေါ်တွင်

အခြေခံလင့်ကစား ကိုးကွယ်ယုံကြည်မှုကြောင့် အက်ကြောင်းတွေ

ပေါ်ဖြစ်ခဲ့၏။

"ငြိမ်းမာမီက ဇော်နဲ့ လုံးလုံးသဘောမတူဘူးဆိုတာက

ာ့လိုစိတ်ဒုက္ခမျိုး မကြုံစေချင်လို့နေမယ် ငြိမ်း"

"ငြိမ်းစိတ်က မာမီရဲ့စိတ်မှ မဟုတ်ဘဲ ဇော်ရယ်၊ ပြီးတော့

ာမီရဲ့ ဆွဲဆောင်မှုကို ငြိမ်း လိုက်ပါရသလိုပဲ၊ ဖေဖေ့ရဲ့ အယူအဆ

တွေကိုလည်း ငြိမ်းလက်ခံခဲ့တာလေ၊ ကွဲပြားကြတယ်ဆိုပေမယ့်

ဘာသာတရားအားလုံးရဲ့ ဦးတည်ချက် အယူအဆတွေဟာ တော်

တော်များများ တူကြတာ မဟုတ်လား ဇော်၊ ဘာသာတရားဟာ

ကိုယ့်ကမ္ဘာ ကိုယ့်မာနအတွက်တော့ လမ်းညွှန်ပြတာပဲဖြစ်သင့်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဟုတ်တယ် ငြိမ်း၊ လူတွေမှာ ဘာသာတရားကိုးကွယ်မှု ဆိုတာ ရှိသင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဘာသာတရားတွေ မပေါ်ခင်ကတည်းကိုက လူတွေမှာ ကိုးကွယ်ယုံကြည်မှုဆိုတာ ရှိခဲ့ တာပဲ၊ ဘာသာတရားတိုင်းဟာ လူတွေကို ယဉ်ကျေးသိမ်မွေ့စေတဲ့ စိတ် ပေးစွမ်းလမ်းညွှန်တာ အမှန်ပဲ၊ ဘယ်ဘာသာတရားကမှ လူ အချင်းချင်း စိတ်ဝမ်းကွဲစေ၊ အငြိုးအတေး ထားကြစေ၊ သတ်ကြ ဖြတ်ကြစေလို့ မပြောထားခဲ့ဘူး"

"စကားစပ်တုန်း ဖေဖေပြောပြနေကျ စကားလေးကို ပြောပြချင်တယ် ဇော်၊ ကိုးကွယ်ယုံကြည်မှုဆိုတဲ့စကားပါ။ ကိုးကွယ် ယုံကြည်မှုကို တွဲသုံးကြပေမယ့် အဓိပ္ပာယ်က သတ်သတ်စီ လူတွေ မီးကို ကိုးကွယ်ခဲ့ကြတယ်ဆိုတဲ့နေရာမှာ အကြောက်တရား ကြောင့်ပဲ၊ လူတွေဟာ အကြောက်တရားကြောင့် ကိုးကွယ်မှု စခဲ့ကြတယ်၊ ဘယ်ဘာသာတရားကိုပဲဖြစ်ဖြစ် လူတစ်ယောက်အနေ နဲ့ အကြောက်တရားအရ ကိုးကွယ်မှု မပြုအပ်ဘူးတဲ့၊ အသိတရား နဲ့ပဲ ဘာသာတရားအပေါ် သက်ဝင်ယုံကြည်သူ ဖြစ်ရမယ်တဲ့ ဇော်"

"ကောင်းလိုက်တဲ့ စကားပဲ ငြိမ်း၊ ဇော်ဆိုရင် မိဘစဉ်ဆက် ဗုဒ္ဓဘာသာတစ်ယောက်ပဲ၊ ငြိမ်းကျတော့ ဘာသာတစ်ခုစီမှာ မိဘ





နှစ်ယောက်က သက်ဝင်ယုံကြည်ကြတယ်၊ အဲဒီအခါမှာ ပြဿနာ အနည်းအများတော့ ရှိခဲ့တာပေါ့"

"မာမီကြောင့် ပြဿနာရှိခဲ့တာပဲ ဇော်၊ ဖေဖေကတော့ တနင်္ဂနွေဘုရားကျောင်းသွားတဲ့အလေ့ကို မပိတ်ပင်ဘူး၊ ပြီးတော့ သမ္မာကျမ်းထဲက ရှောလမုန်သီချင်းတွေကောင်းကြောင်း၊ အဓိပ္ပာယ် လှကြောင်းကို အမြဲရွတ်ပြီး ရှင်းပြလေ့ရှိတယ်၊ ပြီးတော့ ဗုဒ္ဓနဲ့ဆိုင်တဲ့ အဆိုအမိန့်တွေကိုလည်း ပြောပြတယ်၊ ရွှေတိဂုံဘုရားပေါ်က ရှင်မကဲ့ဘုရားကိုလည်း ဖေဖေပြောပြခဲ့လို့ ငြိမ်းသိတာ ဇော်"

"အင်း . . . ငြိမ်းမာမီသာ ငြိမ်းဖေဖေလို စိတ်ထားမျိုးရှိ ခဲ့ရင် သူတို့ချစ်ခြင်းလည်း ဒီအနေ့အထိ အရှည်တည်နေသလို၊ ဇော်တို့လည်း အကြာကြီး လွမ်းမနေရဘူး၊ ပြီးတော့ ဒီလိုလည်း ပြေးရလွှားရ လုပ်မနေရတော့ဘူး ငြိမ်း"

နှစ်ယောက်သား စကားပြောကောင်းဖြစ်ကြသည်။ ဂွမြို့သို့ ရောက်ပြီ . . . ဟု ခရီးသည်တစ်ဦး၏ပြောသံကို ကြားလိုက်ရသည်။

"ဂွရောက်ပြီးရင် ကမ်းသာယာ ရောက်တော့မှာပဲ၊ ဇော့် ရင်ခုန်မက်ထဲကလိုတော့ ဖေဖေက မာမီ့လက်ထဲ ပြန်ရောက်သွား အောင် လုပ်မယ်မထင်ပါဘူးနော်"

"မစိုးရိမ်ပါနဲ့ ငြိမ်းရယ်၊ ငြိမ်းမာမီလောက်တော့ ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ဖော်တို့အပေါ် ရက်စက်လိမ့်မယ် မထင်ဘူး၊ ချစ်သူခင်သူ နဲ့ ကွေကွင်းရခြင်းဒုက္ခ၊ မချစ်မနှစ်သက်သောသူနဲ့ ပေါင်းသင်းရ ခြင်းဒုက္ခကို ကိုယ်ချင်းစာမှာ ငြိမ်း၊ ဖော် ထင်ပါတယ်၊ ငြိမ်းမာမီကို တကယ်ချစ်မြတ်နိုးခဲ့လို့ ယူခဲ့တာ၊ အခြေအနေတွေကြောင့်သာ သူ နောက်အိမ်ထောင်ပြုလိုက်ရတာ၊ ငြိမ်းရဲ့မာမီကိုတော့ သူ့မေ့ပ လို့ရမှာ မဟုတ်ပါဘူး"

"ဘာလဲ ဖော်၊ ဖော်က ဖေဖေ့ကို မမြင်ရခင်ကတည်းက အမှတ်တွေပေးပြီး အားကိုးယုံကြည်တဲ့သဘောပေါ့"

"ဖော် တကယ်ပြောတာပါ။ ဝင်နီမာမီရဲ့ လှည့်ကွက်တွေ ကြောင့်ဆိုရင် ဖော်တို့နှစ်ယောက် တော်ရုံစိတ်လှုပ်ရှားမှုနဲ့ ငြိတွ ခဲ့ကြမယ်ဆိုရင် အခုလိုအခြေအနေတောင် ရောက်လာမှာ မဟု ဘူး ငြိမ်း၊ တကယ်လို့ ငြိမ်းမျက်နှာကို မမြင်ရတဲ့ရက်တွေ ဖော်တို့ နှစ်ယောက်လွမ်းခဲ့ရတဲ့ရက်တွေက အများကြီးပဲ မဟုတ်လား ငြိမ်း ရယ်"

ဖော်ပြောတာလည်း ဟုတ်နေ၏။

ဖော့်ကို အဖြေပေးပြီး ဖော်နှင့် တွေ့ရသည်မရှိတော့ မန္တလေးမှာ ကျောင်းသွားတက်ရသည်။ ဦးစောဗလအလုပ် ရန်ကုန်ပြန်ပြောင်းမှ တတိယနှစ်ကို ရန်ကုန်မှာ ပြန်တက်ဖြစ်သည်





"အင်းနော်၊ မန္တလေးကရန်ကုန် ပြန်ရောက်ပြန်တော့ လည်း မာမီက လုံးဝအလစ်မပေးဘူး၊ အကန့်အသတ်တွေ အခြိမ်း အခြောက်တွေအောက်မှာပဲ ဖော်နဲ့ငြိမ်းတို့ လွမ်းခဲ့ကြရတာ"

ငွမြို့သို့အဝင် စစ်ဆေးရေးဂိတ်ရောက်တော့ လူတွေ အားလုံး မာမီတို့နှင့် ပတ်သက်ပြီး သူမ မပြောဖြစ်သေးသော အကြောင်းအရာက ခေါင်းထဲဝင်လာ၏။

ငွမြို့မှအထွက်မှာတော့ မာမီတို့နှင့် ပတ်သက်သော အဖြစ် အပျက်ကို ပြောပြမိသည်။

"မာမီနဲ့ကွဲပြီး ငြိမ်းကိုးတန်းနှစ်မှာ ဖြစ်ခဲ့တဲ့ မာမီတို့ နှစ်ယောက်အကြောင်းကို ပြောရဦးမယ် ဖော်၊ ဒီအကြောင်းကို ဘယ်သူ့ တစ်ခါမှ မပြောရသေးဘူး"

"ဘာများ ထူးထူးခြားခြား ဖြစ်ခဲ့လို့လဲ ငြိမ်း"

"ဖေဖေက ငြိမ်း ဆယ်တန်းနှစ်မှ နောက်အိမ်ထောင်ပြု ကိုးတန်းနှစ်မှာ ဖြစ်ခဲ့တဲ့ကိစ္စ ဖော်၊ ဖေဖေနဲ့မာမီတို့ ပြန်ပြီး ပေါင်းဖို့ ဖေဖေ့ကို ပူဆာခဲ့တယ်၊ ငြိမ်းကို သနားပြီး မာမီနဲ့ နောက်ဆုံးအကြိမ် စေ့စပ်ဖို့ ဖေဖေ ကြိုးစားခဲ့တယ် ဖော်၊ ဖေဖေရဲ့ လျှော့ကျို့ခံမှုတွေဟာ မာမီရဲ့ အတ္တမာနအောက်မှာပဲ ကျဆုံး ခဲ့ပြီး အထမမြောက်ခဲ့ပါဘူး ဖော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်းဖေဖေက မိသားစုအတူပြန်ဆုံစည်းဖို့ ကြိုးစားခဲ့သော တာပေါ့"

"ဟုတ်တယ်ဇော်"

မသိသေးသော အကြောင်းအရာမို့ထင်သည်။

မေးစင်းချင်နေသော ဇော်မျက်လုံးများ ပြုံးကျယ်သွားခဲ့၏။

ဇော် သိသင့်သည်ထင်၍ မာမီတို့၏ နောက်ဆုံးမျက်နှာ ချင်းဆိုင်မှုကို ပြောပြဖြစ်ခဲ့၏။

(၄)

သူမကိုးတန်းတက်နေသည့် သတင်းကိုသာ အဘွားဖြစ်သူထံမှ ဖေဖေကြားခဲ့ပြီး လူချင်းမဆုံဖြစ်လိုက်ကြပေ။

ဖေဖေ ရန်ကုန်ရောက်လာသောအခိုက်မှာပင် သူမနှင့် မာမီတို့က တောင်ကြီးသို့ အလည်သွားသည်နှင့် ကြုံကြိုက်သည်။

ဖေဖေနှင့် လူချင်းမတွေ့လိုက်ရသည့်အတွက် စိတ် မကောင်းဖြစ်ရပေမယ့် အဘွားဖြစ်သူထံမှ သတင်းတစ်ခုရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝင်နီ့ဖေဖေကလည်း ဒီမှာအကြာကြီး မနေနိုင်ဘူးလေ ကမ်းသာယာမှာ အလုပ်ကိစ္စတွေက ကျန်နေလို့ နောက်ဆံတင်းနေ တာ၊ ဝင်နီ့ကို နှစ်ရက်လောက်တော့ စောင့်နေခဲ့သေးတယ်"

"ပြောမနေပါနဲ့တော့ အဘွားရယ်၊ မာမီက တောင်ကြီးမှာ လည်တာပတ်တာရော အလုပ်ကိစ္စနဲ့ရော ရက်တော်တော်ကြာသွား တာ၊ ဝင်နီ့စိတ်ထဲမှာ ဖေဖေများ ရောက်လာမလားလို့ အထင်သား အခုတော့ ထင်တဲ့အတိုင်း ဖေဖေနဲ့လွဲဖြစ်အောင် လွဲတော့တာပဲ"

"စိတ်မကောင်းမဖြစ်နဲ့ ဝင်နီ၊ ခရစ်စမတ်အမီ ဝင်နီနဲ့ တွေ့ရအောင် လာမယ်လို့ ပြောသွားတယ်၊ ဝင်နီ အပျိုကြီးဖြစ်နေ တာရယ်၊ လှနေပနေတာကို သူ မြင်ချင်တွေ့ချင်တယ်တဲ့၊ ဝင်နီ့ အတွက် ခရစ်စမတ်လက်ဆောင်တစ်ခုလည်း ယူလာပေးမယ်လို့ ပြောသွားတယ်"

"တကယ်ပြောတာလား၊ ဒါဆိုရင် ဒီခရစ်စမတ်ဟာ ဝင်နီ့ အတွက် ဝမ်းမြောက်ခြင်းတွေနဲ့ ပြည့်စုံနေတော့မှာပဲ အဘွားရယ်"

အဘွားဖြစ်သူထံသို့ အသွားမှာ ဖေဖေနှင့် မတွေ့လိုက်ရ သော်လည်း ကြားရသောသတင်းကြောင့် ဖြေသာရသေး၏။

"ဝင်နီ့တို့မိသားစုတွေ တကွဲတပြား ဖြစ်နေတာကိုကြည့်ပြီး အဘွား စိတ်မကောင်းဘူး၊ ဝင်နီ့မာမီ စိတ်ကြီးသလို အရမ်း အစွန်း





ရောက်တော့ ဘယ်လိုမှ ကြားဝင်စေ့စပ်ပေးလို့ရမှာ မဟုတ်ဘူး၊ အဆိုးထဲက အကောင်းလို့မှတ်ပြီး ဝင်နီ့မာမီကို ချီးကျူးရမလိုပဲ"

"အဘွားက မာမီ့ကို ဘာအတွက်ချီးကျူးတာလဲ"

"တခြားမဟုတ်ဘူး၊ သားနဲ့စိတ်သဘောချင်း မတိုက်ဆိုင် လို့ လမ်းခွဲခဲ့ပေမယ့် ဒီနေ့အထိ ဝင်နီ့မျက်နှာကိုထောက်ပြီး အိမ်ထောင်မပြုခဲ့တဲ့အတွက်လေ၊ ဝင်နီက ရှေ့လျှောက် အပျိုဖြစ်ပြီ ဆိုတော့ အိမ်ထောင်ပြုခြင်းကိစ္စကို ဝင်နီ့မာမီ စဉ်းစားတော့မှာ မဟုတ်ဘူး"

အဘွားဖြစ်သူစကားကြောင့်ပင် ဖေဖေ့အနေအထားကို စိုးရိမ်သွားသည်။

"နေပါဦး အဘွား၊ မာမီ့ကို ချီးကျူးတယ်ဆိုကတည်းက ဖေဖေ့မှာ အတွယ်အတာတွေ ဘာတွေ ရှိနေပြီဆိုတဲ့သဘောလား အဘွား"

"ဝင်နီကိုတော့ အဘွား မညာချင်ဘူး၊ အဘွားလည်း ရေရေရာရာတော့မသိသေးဘူး၊ ဒါပေမဲ့ ဒီတစ်ခေါက် သား ရန်ကုန် လာတာ နည်းနည်းတော့ထူးတယ်၊ မာလာဆွေဆိုတဲ့ ကောင်မလေး တစ်ယောက် ဘွဲ့ယူဖို့အတွက် အဖော်လိုက်ခဲ့တာ၊ မာလာဆွေကို အဘွားတို့နဲ့တောင် တွေ့ပေးသေးတယ်၊ အင်း . . . ရေစိမ့်နှင့်ခိုန်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဖြစ်လာစရာ ရှိတာပေါ့ သမီးရယ်"

သူမသာ ရန်ကုန်မှာ ရှိနေရင်တော့ မာလာဆွေဆိုသော အမျိုးသမီးနှင့် ဖေဖေ ဆုံပေးရဲမလားမသိ။ အဘွားပြောသလို တွေးသလို ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။

ခရစ်စမတ်မှာ ဆုံဖြစ်ရင်တော့ မာလာဆွေနှင့် ပတ်သက်ပြီး ဖေဖေနှင့် ဆွေးနွေးစရာတွေ ဖြစ်လာမှာ သေချာသည်ပဲ။

ခရစ်စမတ် မတိုင်ခင်ကပင် ထုံးစံအတိုင်း အကြီးအကျယ် ပြင်ဆင်မှုများ မာမီ လုပ်နေကျဖြစ်၏။

ခရစ်စမတ်သည် ကြည်နူးစရာ အေးချမ်းစရာ ကောင်းသည်ကတော့ အမှန်ပင်။

သူမတို့မိသားစုလေး စုစုဝေးဝေး ပြန်နေရရင် အ[illegible] ကောင်းမှာပဲ . . . ဟု အမြဲတွေးဖြစ်ခဲ့၏။

ခရစ်စမတ် မတိုင်ခင်ရက်များမှာပင် ဖေဖေရောက်လာတော့မည်။





မာလာဆွေဆိုသော အမျိုးသမီးအကြောင်းကို ပြောကြဆိုကြရင်း သူမတို့ မိသားစုလေး ပြန်လည်ပေါင်းစည်းဖို့ ဖေဖေ့ကို ပူဆာကြည့်ရမည်။

ဒီဇင်ဘာနှစ်ဆယ့်သုံးရက်နေ့မှာပင် အဘွားတို့အိမ်သို့ ဖေဖေရောက်နေကြောင်း သတင်းကြားသည်။

ကျူရှင်မှအပြန် အဘွားတို့အိမ်သို့ အရောက်သွားခဲ့သည်။ အချိန်းအချက်မလုပ်ထား ဖြစ်သော်လည်း သူမ ရောက်သွားချိန်မှာ ဖေဖေ အသင့်ရှိနေ၏။

"ကဲ . . . ငြိမ်း အမောပြေ ရေသောက်ပြီးရင် ဒီဘူးလေးထဲက ပစ္စည်းကို ဖွင့်ကြည့်လိုက်ဦး"

ချစ်စရာဘူးလေးကို ကိုင်ရင်းက လက်ဝတ်ရတနာပစ္စည်းတစ်ခုခုဆိုတာ မှန်းလို့ရသည်။

ကျေနပ်အားရခြင်းဖြင့် ဘူးလေးကို ဖွင့်လိုက်သည်။

ရွှေဖြူဖြင့်လုပ်ထားပြီး စိန်စီထားသော လက်ဝါးကပ်တိုင် ဆိုင်ထိုးလေး။

"သမီးကြိုက်ရဲ့လား၊ သမီးမာမီ မေးရင်တော့ ဖေဖေပေးတာလို့ မပြောနဲ့၊ ဖေဖေနဲ့ အဆက်အသွယ်ရှိလို့ သမီး အဆူခံရနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ"

"ဘာလဲ သမီး"

"ဖေဖေ အရင်တစ်ခေါက်လာတုန်းက မာလာဆွေဆိုတဲ့ အမျိုးသမီးနဲ့ အဘွားကို မိတ်ဆက်ပေးတယ်ဆို"

သူမ, ပြောလိုက်သော စကားကြောင့် ဖေဖေ မျက်နှာပျက် သွားတာ သတိထားလိုက်မိသည်။

"ဟုတ်တယ် သမီး၊ ဖေဖေနေတဲ့နေရာက ဖေဖေ့အလုပ် တွေကို အများကြီး ကူညီပေးတဲ့ မိန်းကလေးပဲ၊ အဝေးသင်နဲ့ ဘွဲ့ လို့ ဘွဲ့တက်ယူတာကို ဖေဖေက အကူညီပြန်ပေးတာ"

"ထားလိုက်ပါတော့ ဖေဖေ၊ အဲဒီအမျိုးသမီး ပေါ်လာတာ ကိုပဲ ကျေးဇူးတင်မလိုပဲ၊ ဒီခရစ်စမတ်မှာပဲ ဖေဖေ သမီးဆန္ဒကို လိုက်လျောပါလား၊ ဖေဖေရယ်၊ မာမီရယ်၊ ငြိမ်းရယ် သုံးယောက် ဘဝကို အရမ်းလိုချင်တယ်၊ အဲဒီအတွက် မာမီနဲ့ ဒီခရစ်စမတ်မှာ ဖေဖေ လိုက်တွေ့ပါလား"

"ဘာလဲ သမီး၊ သမီးအဘွားရော သမီးပါ ဖေဖေနဲ့ မာလာ ဆွေတို့ အနေနီးပြီး သံယောဇဉ်တွေနဲ့ ရှုန်းမရနိုင်ဘဲ တွယ်ငြိသွား ကြမှာကို စိုးရိမ်တာလား၊ ဖေဖေ ပြောပြမယ်၊ ဖေဖေ့မှာ စည်းရှိ ပါတယ်၊ ဖေဖေက အိမ်ထောင်ပျက်ထားတဲ့သူ၊ မာလာဆွေကို ကူညီ





တယ်ဆိုတာကလည်း . . ."

"အဲဒီအမျိုးသမီးအကြောင်းကို သမီး မသိချင်ဘူး ဖေဖေ၊ သမီးလိုချင်တာ၊ တောင့်တတာ တစ်ခုအတွက်ပဲ သိချင်နေတယ်၊ သမီးကို ငဲ့ညှာပြီး မာမီနဲ့တွေ့လိုက်ပါ၊ ဖေဖေတစ်ယောက်တည်းကို တောင်းဆိုမှာ မဟုတ်ပါဘူး၊ ဒီခရစ်စမတ်မှာ မာမီနဲ့ဖေဖေတို့ ခရစ် စမတ်မှာ တွေ့ဖို့အတွက် မာမီ့ကိုလည်း သမီး တောင်းဆိုမှာပါ ဖေဖေ"

"ခက်တယ် ငြိမ်း၊ ပွဲက လုံးဝပြီးနေပြီ၊ လူချင်းတွေ့ကြတော့ လည်း ဘာများ ထူးလာမှာမို့လဲ ငြိမ်းရယ်၊ ငြိမ်းမာမီအကြောင်း လည်း ငြိမ်းသိသားနဲ့"

သူမတို့သားအဖ စကားဝိုင်းသို့ ဘယ်အချိန်ကတည်းက အဘွားရောက်လာသည်မသိလိုက်ပေ။ အဘွားဖြစ်သူကလည်း သူမ ဆန္ဒနှင့် တစ်သဘောတည်း ဖြစ်နေ၏။

"ထူးတာ မထူးတာထက် ဝင်နို့မျက်နှာကို ထောက်ပြီး သား ပြန်တွေ့သင့်တယ်၊ သားတို့အိမ်ထောင်ရေးကို ပြန်လည်တည် ဆောက်ဖို့ ကြိုးစားသင့်တယ်၊ ငါ့မြေးလေးက မိန်းကလေး၊ အခုလို အရွယ်ရောက်နေတဲ့အချိန်မှာ အမိနဲ့အဖ စုံစုံလင်လင် ရှိနေသင့် တယ်၊ မြေးလေးဆန္ဒအတိုင်း သွားတွေ့ပြီး ပထမဆုံးအကြိမ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအကြိမ်အဖြစ် သားကြိုးစားသင့်တယ်"

"ဟုတ်ပါတယ် ဖေဖေရယ်၊ နှစ်တွေကြာတော့ မာမီလည်း စိတ်ပြောင်းရင် ပြောင်းမှာပဲ၊ ပြီးတော့ သမီးကြောင့်ပဲ ဖေဖေ ပြန်အဆင်ပြေသွားနိုင်တယ်၊ အဲဒီလိုသာ ဖြစ်ခဲ့ရင်တော့ ဒီခရ စမတ်ဟာ သမီးဘဝမှာ အရမ်းပျော်ဖို့ကောင်းမှာပဲ"

"ကောင်းပြီလေ၊ သမီးလေးဆန္ဒကိုတော့ ဒီတစ်ခါ ဖေဖေ လိုက်လျောပါ့မယ်၊ သမီးမာမီနဲ့ ဖေဖေ တွေ့ပါ့မယ်"

ဝမ်းသာလိုက်သည်ဖြစ်ခြင်း။ အားပါးတရ ဖေဖေ့ပါးပြ ကို ကြင်နာစွာ နမ်းလိုက်မိသည်။

သူမ ပျော်ရွှင်နေတာကို မြင်ရ၍ ဖေဖေရော အဘွား ပီတိတွေ လျှံနေကြသည်။

မာမီနှင့် လူချင်းတွေ့ပြီး မိသားစုပြန်ပေါင်းစည်းဖို့ ဖေဖေ ကို သိမ်းသွင်းခြင်းမှာ မခဲယဉ်းသော်လည်း မာမီကိုတော့ အလွယ် တကူ သိမ်းသွင်းလို့ မရမှန်း သူမ သိနေခဲ့၏။ ပြန်ပေါင်းစည်းဖို့ကို





ကို ကွယ်ဝှက်ထားပြီး လူချင်းတွေ့ကြဖို့ကိုသာ ဦးစွာသိမ်းသွင်းကြည့် ရမည် . . . ဟု တွေးမိသည်။

ဒီဇင်ဘာနှစ်ဆယ့်လေးရက်နေ့မှာတော့ မာမီ့အရိပ် အခြည်ကို အကဲခတ်စောင့်ကြည့်နေမိသည်။ မာမီ့အနေဖြင့် စိတ် ရောကိုယ်ပါ ရွှင်လန်းနေသောအချိန်ကို စောင့်ဆိုင်းနေရသည်။

ညနေခင်းအရောက်မှာတော့ မာမီအတွက် ကော်ဖီပြင် ပေးရင်း သိမ်းသွင်းခြင်းကို စတင်လိုက်ရသည်။

"မာမီလည်း ခရစ်စမတ်အတွက် လုံးပမ်းရင်းက မေ့သွား တယ်၊ ဝင်နီ ဘာလက်ဆောင်လိုချင်လဲ၊ မနက်ဖြန်အမီ မာမီဝယ် ပေးမယ်"

အခြေအနေကတော့ ကိုယ့်ဘက်မှာရှိနေ၏။ မာမီပြော သောစကားကို နင်းပြီး သိမ်းသွင်းရသည်က ပိုအဆင်ချောသွား၏။

"မာမီဆီကနေ ခရစ်စမတ်လက်ဆောင် မတောင်းလို့ ဘယ်ဖြစ်မလဲ၊ ဒီနှစ်ကတော့ ထူးထူးခြားခြားလက်ဆောင်ဆိုပြီး ဝင်နီ စဉ်းစားထားတာရှိတယ် မာမီ"

"ပြောပါဦး ဝင်နီရဲ့၊ ဝင်နီက ဘာတွေများ ထူးထူးခြားခြား တောင်းမှာမို့လဲ"

"ဝင်နီတောင်းမယ်၊ ခရစ်စမတ်လက်ဆောင်က အနီးကြီး



www.burmeseclassic.com

www.burmeseclassic.com



တယ် မာမီ၊ ဘယ်အရောင်းဆိုင်မျိုးမှာမှ မရှိနိုင်ဘူး၊ တန်ဖိုးကြီးငွေ လက်ဝတ်ရတနာပစ္စည်းတွေလည်း မဟုတ်ပါဘူး"

"ဝင်နီ့စကားက တယ်ဆန်းနေပါလား၊ ဝင်နီတောင်းခ တာကို မာမီ နားလည်အောင်သာ ပြောစမ်းပါကွယ်"

"ဟုတ်ပြီ မာမီ . . . မနက်ဖြန် ခရစ်စမတ်နေ့မှာ လူ တစ်ယောက်နဲ့တွေ့ပြီး မာမီ စကားပြောရမယ်၊ ဝင်နီ တောင်းခ တဲ့ လက်ဆောင်က ဒါပဲ မာမီ၊ ဘယ်သူဆိုတာကို မာမီ သိမှာပ"

"ဝင်နီ"

"စိတ်မဆိုးပါနဲ့ မာမီ၊ ဝင်နီ့ဆန္ဒကို လိုက်လျောပြီး ဖေဖေ တွေ့လိုက်ပါ မာမီ၊ ဖေဖေ့ပြောမယ့် စကားတွေကိုလည်း မာ နားထောင်ပေးလိုက်ပါ"

"ဝင်နီရယ် . . . ဒီစကားမျိုးကိုမှ တမင်ရွေးပြီး တောင်း ရတယ်လို့"

"ဝင်နီ့ကို တကယ်ချစ်တယ်ဆိုရင်တော့ ဒီတစ်ခါပဲ လိုက် လျောပေးပါ မာမီ၊ မနက်ဖြန် မာမီနဲ့တွေ့ဖို့ ဖေဖေ့ကို အပါခေ လာခဲ့မယ်နော်"

"ဝင်နီ . . . ငါ့ကွယ်ရာမှာ သူနဲ့ အကြိမ်ပေါင်းများစွာ တွေ့ခဲ့တယ် မဟုတ်လား"





"ကဲပါ မာမီရယ်၊ အဲဒါတွေထက် မနက်ဖြန်မှာ ဖေဖေနဲ့ တွေ့ဖို့က ပိုအရေးကြီးတယ်၊ မာမီတွေ့မယ် မဟုတ်လား"

ဖေဖေ့အကြောင်း ပြောလိုက်ကတည်းက မာမီ့မျက်နှာက ချက်ချင်းပြောင်းလဲသွား၏။ မာမီ့ဒေါသက ဖုံးမနိုင် ဖိမရခဲ့။

"ကောင်းပြီလေ၊ မနက်ဖြန် ခရစ်စမတ်မှာ သူနဲ့တွေ့ရ တော့မှာပါ၊ ခရစ်စမတ်လက်ဆောင်အဖြစ်နဲ့ ဝင်နီက တောင်းနေမှ တော့ မာမီ တွေ့ပေးပါ့မယ်"

"ဝမ်းသာလိုက်တာ မာမီရယ်၊ ဖေဖေနဲ့တွေ့ရင် သူပြော တာတွေကို ခေါင်းအေးအေးထားပြီး နားထောင်နော် မာမီ"

သူမ၏ကြိုးပမ်းမှုတွေကတော့ ပထမအဆင့်အနေဖြင့် အောင်မြင်ပြီ . . . ဟု ဆိုရမည်။

မနက်ဖြန် ခရစ်စမတ်နေ့မကူးခင်မှာပင် သူမတို့မိသားစု လေး သိုက်သိုက်ဝန်းဝန်းပြန်ဖြစ်ခဲ့ရင်တော့ ဒီနှစ် ခရစ်စမတ်သည် ဆုတောင်းခြင်းတွေနှင့် ပြည့်စုံပြီး မင်္ဂလာရှိနေမှာ သေချာနေသည် ပဲ။

www.burmeseclassic.com

www.burmeseclassic.com

# [၅]

ခရစ်စမတ်နေ့ ဖေဖေနှင့်မာမီတို့၏ တွေ့ဆုံခြင်းကို ပြော
ခါနီးမှာပင် စကားပြတ်သွားရသည်။

ကမ်းသာယာသို့ ရောက်ပြီဖြစ်ကြောင်း စပယ်ယာ
ကောင်လေးက သူမတို့နှစ်ယောက်ကို အသိပေး၏။

"ကမ်းသာယာရောက်ပြီ အစ်မ၊ အခုမှ အရှေ့တက်တုန်း
ရှိသေးတယ်၊ ကမ်းသာယာမှာ ကျွန်တော်တို့ကား နာရီဝက်



www.burmeseclassic.com

www.burmeseclassic.com



နားမယ်၊ အစ်မတို့ပစ္စည်းတွေ အသင့်လုပ်ထားဦး။ ဪ . . အစ်မ တို့က ဘယ်နားမှာ ဆင်းမှာလဲ၊ ကျွန်တော်တို့ရပ်တဲ့နေရာမှာ ဆင်းမှာလား"

သူမတို့နှစ်ယောက်ဆီမှာက ပစ္စည်းများများစားစား မယ် ခရီးဆောင်အိတ်တစ်လုံးသာ ပါ၏။

ပြီးတော့ . . . ဘယ်နားမှာဆင်းရင် ဖေဖေနှင့် အနီးဆုံး ဖြစ်မည်ကိုလည်း ရေရာစွာမသိ။

"မင်းတို့ကားနားတဲ့နေရာမှာပဲ ဆင်းမယ်"

သူမတို့ဆီမှ အဖြေစကားရသွား၍ ကောင်လေးအနား ထွက်သွားသည်။

ကမ်းသာယာကို ဝင်နေပြီပဲ။

"ငြိမ်းဖေဖေရဲ့လိပ်စာကို သိရောသိရဲ့လား"

"ကမ်းသာယာမှာ နေတယ်၊ ငါးလုပ်ငန်းလုပ်ငန်း လုပ် တယ်၊ အခုနောက်ပိုင်းမှာ Guest House တစ်ခု ဖွင့်ထားတယ် ဆိုတာပဲ သိတယ်"

"အဲဒီ Guest House နာမည်ကို ငြိမ်းသိလား၊ အဲဒီနား မှာ ဆင်းလိုက်ရင် ပိုအဆင်ပြေမှာပေါ့ ငြိမ်း"

"ဖေဖေ့နာမည်ကိုမေးရင် ရမှာပဲဖော်၊ ကားပေါ်မှာ မမေး





ချင်လို့၊ သူတို့နားမယ်ဆိုတဲ့ဆိုင်မှာ တစ်ခုခု သောက်ရင်းစားရင်း အေးအေးဆေးဆေးပဲ မေးတော့မယ် ဖော်"

"အခုချိန်က လူတွေအိပ်ကောင်းကြတဲ့အချိန်ပဲ ငြိမ်း၊ တော်ကြာ စမ်းတဝါးဝါးနဲ့ မိုးလင်းတဲ့အထိ ထိုင်စောင့်နေရဦးမယ် နော်"

တကယ်ဆို . . . ဖေဖေနှင့်ပတ်သက်သည်တို့ကို အဘွား ဖြစ်သူထံမှ အတိအကျ မေးထားမိခဲ့ရင် ကောင်းမှာပဲ . . . ဟု နောင်တရမိသည်။

ခရီးသည်တွေနှင့်အတူရောပြီး အောက်သို့ ဆင်းလိုက်၏။

သူတို့တစ်တွေရောက်မှ အကာအရံတွေကို ဖွင့်၊ ကမန်း ကတန်း ဖယောင်းတိုင်မီးများကို တစ်ဆိုင်လုံး လိုက်ထွန်းနေ၏။

ခရီးသည်တွေကတော့ သူ့အုပ်စုနှင့်သူ စားပွဲတွေမှာ နေရာယူရင်း အဆာပြေအတွက် ရှိစုမဲ့စုတွေကို မှာနေကြ၏။

"ငြိမ်းရေ . . . ဒီဆိုင်က တစ်ယောက်ယောက်ကို မေးမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့မယ်၊ ဒီတစ်ခါ ဇော်တို့ မှာထားတဲ့ တီးမစ်လာချရင် မေး ပေတော့၊ ဒီလိုမှ မဟုတ်ရင် ဒီကားထွက်တာနဲ့ ဒီဆိုင်မှာ ဇော်တို့ နှစ်ယောက်တည်း ကျန်နေတော့မှာ"

ဝန်းကျင်မှာ မှောင်နေပေမယ့် ပင်လယ်လှိုင်းရိုက်သံတွေက တဝုန်းဝုန်းနှင့် နားထောင်လို့ ကောင်းနေပြန်သည်။

တီးမစ်လာချမည့်သူကို မျှော်နေတုန်းမှာပင် လမ်းမထက်မှ စကားပြောသံတွေကို ကြားလိုက်ရ၏။

"ရန်ကုန်က စီးလာတဲ့ ဝင်နီငြိမ်းနဲ့ နောက်တစ်ယောက် ဒီကားမှာပါလာတယ် မဟုတ်လား၊ သူတို့ ဘယ်မှာဆင်းကြလဲ"

"အစ်ကိုကြီးနဲ့ အစ်မကြီးကို ပြောတာထင်တယ်၊ ဆိုင်ထဲမှာပဲ ရှိဦးမယ် ထင်တယ်"

ဖယောင်းတိုင်မီးအရိပ်တွေကြောင့် အပြင်ကို လှမ်းမြင်ဖို့ မလွယ်ပေ။

"ခုနကြားလိုက်တဲ့အသံက ဖေဖေနဲ့တူလွန်းတယ် ဇော် ငြိမ်းနာမည်ကို ပြောလိုက်သံ ကြားလိုက်တယ်"

"ငြိမ်းဖေဖေက တမင်လာကြိုနေရအောင် ဇော်တို့လာတာကို သူမှ မသိနိုင်ဘဲ"

ဇော်ပြောသည့်စကားက သဘာဝကျ၏။





စပယ်ယာလေးနှင့်အတူ လူနှစ်ယောက် ဆိုင်ထဲဝင်လာ၏။

ဖယောင်းတိုင်မီးများအကြားမှာပင် အထင်အရှား မြင်လိုက်ရသည်။

"ဖေဖေမှ ဖေဖေအစစ်ပဲ ဇော်၊ ပါလာတဲ့အမျိုးသမီးက ဖေဖေ့ဇနီးပဲ ဖြစ်မယ်"

ဖေဖေ့ကိုမြင်လိုက်ရ၍ ဝမ်းသာမိပေမယ့် နောက်ဆက်တွဲ အတွေးများကြောင့်ပင် အပြည့်အဝ မခံစားလိုက်ရပေ။

"သမီးလေးငြိမ်း"

"ဖေဖေ"

စားပွဲရှေ့သို့ရောက်လာသော ဖခင်ဖြစ်သူကို ခရီးဦးကြို လိုက်သည်။

"ငြိမ်းဖေဖေကတော့ သူ့သမီးလာမှာပဲဆိုပြီး မအိပ်ဘဲ ထိုင်စောင့်နေတာ၊ မေးခနဲ ပျော်သွားတုန်းမှာပဲ ကားက ရောက်လာတာ"

ဖေဖေ့ဇနီးဖြစ်သူက စားပွဲမှာ ထိုင်ရင်း ရှင်းပြနေ၏။

သူမစိတ်ထဲမှာတော့ ကမ်းသာယာကို ရောက်လာမည့်သတင်း ကြိုတင်ပေါက်ကြားနေသည့်အတွက် အတွေးခက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ . . . သူက ကိုဇော်လတ်တဲ့၊ ဇော် . . . ဒါ ငြိမ်း ဖေဖေလေ"

အခေါ်အဝေါ်နှင့်ပတ်သက်ပြီး တိုင်ပင်ထားခြင်းမရှိသည် အတွက် ဇော် အခက်ကြုံမှုန်း သိလိုက်ရသည်။

"ဟုတ်ကဲ့ ခင်ဗျ"

"သမီးကိုရော မောင်ဇော်လတ်ကိုပါ လက်စနဲ့ မိတ်ဆ ပေးရဦးမယ်၊ ဒါ . . . ဖေဖေရဲ့ဇနီး မာလာဆွေလေ"

"ငြိမ်းကတော့ နာမည်ကိုကြားဖူးနေတာ ကိုးတန်း လောက်ကတည်းကပါ၊ လူကိုတော့ အခုမှပဲ တွေ့ဖူးမြင်ဖူးတော တယ်"

"အစ်ကိုကြီး အမြဲပြောပြောပြနေလို့ ငြိမ်းကို ရင်းနှီးပြ သွားပါ၊ မောင်ဇော်လတ်အကြောင်းကိုလည်း သိထားပါတယ်"

ဒေါ်မာလာဆွေကတော့ သူမနှင့်ဇော့်အပေါ်မှာ ဖော်ဖေ ရွှေရွှေနှင့် နွေးထွေးပြနေ၏။

အခုအခြေအနေအထိတော့ ဇော့်ကို ဖေဖေ အသ အမှတ်ပြုတာ သေချာနေသည်ပဲ။





"ကဲ . . . သမီးတို့ သောက်ပြီးကြရင် ဖေဖေတို့ သွားကြ ရအောင်၊ တော်ကြာဆို အလင်းရောင် ရောက်လာတော့မှာ၊ ဒီကနေ သိပ်အဝေးကြီး မဟုတ်တော့ လမ်းပဲ လျှောက်သွားကြတာပေါ့"

ဖေဖေ့စကားတွေက တစ်မျိုးတော့ တစ်မျိုးပင်။

ကမ်းသာယာကို ရောက်လာခြင်းကိုသာမက သူမနှင့်ဇော် တို့၏ အနေအထားကိုလည်း ဖေဖေ ကြိုသိထားဟန်တူသည်။

"ငြိမ်းတို့နဲ့ လူချင်းလွဲမှာကို ငြိမ်းဖေဖေက အရမ်းစိုးရိမ် နေတာ၊ ဆင်းရမယ့်နေရာကို ရေရေရာရာမပြောတတ်ရင် ဒုက္ခပဲ လို့ တဖွဖွပြောနေတာ၊ ငြိမ်းတို့နှစ်ယောက်အတွက် အခန်းကိုလည်း သတ်သတ်ဖယ်ထားသေးတယ်"

ဇော်ကတော့ ကြုံတွေ့နေရသော အနေအထားကို သူမ လောက် ခေါင်းထဲထည့်ထားဟန်မတူ။

"ငြိမ်းရေ . . . စောစောက လှိုင်းရိုက်သံတွေကိုပဲ ကြားနေ ရတာ၊ အခု ကြည့်စမ်း . . . လှိုင်းတွေ ရိုက်နေတာ ဖွေးဖွေးလှုပ်နေ တာပဲ"

ဇော်ကတော့ ပင်လယ်သဘာဝအပေါ်မှာသာ အာရုံစိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။

ဇော်ပြောမှပင် မာန်ဖီနေကြသော လှိုင်းဖွေးဖွေးများ၏ အကြည့်ရောက်ဖြစ်၏။

"သမီးတို့ ဒီကိုလာတာ အဘွားသိလား"

"မသိနိုင်ဘူး ဖေဖေ၊ ဒီကိုလာကြလိမ့်မယ်လို့ ဘယ်သူ ထင်ကြမှာ မဟုတ်ဘူး ဖေဖေ"

ဖေဖေသိနေသည့်ကိစ္စအတွက် တည့်တည့်ပြောချင်သည့် မျိုး ဖြစ်သွား၏။

"မနက်လင်းရင် ပိုလှတယ် မောင်ဇော်လတ်၊ အခု . . . မောင်ဇော်လတ်တို့နေမယ့် အခန်းကဆိုရင် ဒီလှိုင်းလုံးတွေ ဒီထက် အနီးကပ်ပြီး မြင်ရမှာလေ"

စကားတပြောပြောနှင့် ဝင်းတစ်ခုအတွင်းသို့ ဝင်လိုက်ကြ သည်။

သူမတို့နှစ်ယောက် နားနေရမည့်နေရာသို့ ဖေဖေ ဦးဆောင်ပြီး ခေါ်သွား၏။

"သမီးတို့ လမ်းမှာ ပင်ပန်းလာသလို အိပ်ရေးလည်း မ လာတော့ ခဏလောက် နားလိုက်ကြဦးပေါ့၊ မနက်လင်းမှပဲ အေး အေးဆေးဆေးနဲ့ တိုင်ပင်ကြတာပေါ့ ငြိမ်း"





ဇော်လက်ထဲသို့ အခန်းသော့အပ်ပြီး ဖေဖေတို့နှစ်ယောက် ပြန်ထွက်သွားကြသည်။

ဇော်ကတော့ အခန်းတံခါး မဖွင့်သေးဘဲ ဝရန်တာမှနေပြီး ပင်လယ်အလှကို တဝကြီးငေးမောကြည့်နေပြန်၏။

"ဇော်မပြောဘူးလား ငြိမ်း၊ အခုကြည့်စမ်း ဇော့်ယောက္ခမ က ဘယ်လောက် အလိုက်တသိရှိလဲလို့၊ ဇော်တို့နှစ်ယောက်ကို ဘောင် လာကြိုနေလိုက်သေးတယ်"

"ဇော် . . . အခုလို ဖေဖေတို့ လာကြိုတာကို သံသယမဖြစ် ဘူးလား။ ငြိမ်းတို့ ရောက်လာမှာကို ဘာကြောင့် အတိအကျသိနေ တာလဲ၊ ငြိမ်းအနေနဲ့ ဘာမှအဆက်အသွယ် မလုပ်ဘဲ ထွက်လာ တာ ဇော်"

ဖေဖေ၏ နွေးထွေးမှု၊ ဒေါ်မာလာဆွေ၏ဖော်ရွေမှုများ ကြောင့်ပင် အခြေအနေအရပ်ရပ်ကို ဇော် မေ့လျော့ထားပုံရသည်။

"ဟုတ်သားပဲ၊ ငြိမ်းပြောမှ သတိထားမိတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားစရာပဲ ဇော်၊ ခရီးသွားဟန်လွဲ ကြုံလို့ တွေ့တာ မဟုတ်ဘဲ လာမယ်မှန်းသိလို့ အတိအကျစောင့်နေတာမျိုးကြီး မဟုတ်မှလွဲရော ဒီကိုရောက်နေတာ မာမီများ သိသွားပြီလား မသိဘူး"

ဇော့်ကို ပြောနေရင်းကပင် သူမအတွေးများကို အဆုံးထိ ချဲ့ထွင်ကြည့်လိုက်မိသည်။

"ဒါတော့ မဖြစ်နိုင်ဘူး ငြိမ်း၊ ငြိမ်းမာမီ သိရင် ဇော်တို့ ဒီနေရာကိုတောင် ရောက်စရာ အကြောင်းမရှိဘူး၊ ငြိမ်းမာမီကားနဲ့ အမီလိုက်လာပြီး ငြိမ်းကို မရရအောင် ပြန်ခေါ်သွားမှာပေါ့"

"အင်း . . . ဇော်ပြောတာ ဟုတ်နေတာပဲ၊ ဒါပေမဲ့ ဖေဖေ သိနေတာက ထူးခြားတယ်၊ ပြီးတော့ ငြိမ်းစိတ်ထဲမှာလည်း ထင့်နေတယ် ဇော်၊ ဇော်ကလည်း တိုက်တိုက်ဆိုင်ဆိုင် ကားပေါ်မှာ အိပ်မက်မက်ခဲ့သေးတာ မဟုတ်လား"

"အိပ်မက်ထဲမှာထက် အပြင်မှာ ငြိမ်းဖေဖေက ယောက်ျား ပိုပီသပြီး ပိုလည်း ချောတယ်၊ ငြိမ်းကတော့ အဖေနဲ့အမေ နှစ်ယောက်စလုံးရဲ့ အလှတွေ ပေါင်းထားသလိုပဲ"

"တော်ပါ ဇော်ရယ်၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပါပြီ"

"အခုချိန်ရောက်မှတော့ ဇော် အိပ်ရမယ် မထင်ဘူး၊





အပြင်မှာလည်း အမှောင်က တဖြည်းဖြည်း ဖျော့လာနေပြီ၊ ကားပေါ်မှာ ငြိမ်းပြောခဲ့တဲ့ ဇာတ်လမ်းက တစ်ပိုင်းတစကြီးနဲ့ အဆုံးမသတ်ရသေးဘူး၊ ငြိမ်းဖေဖေနဲ့ မာမီတို့နှစ်ယောက် ဆုံခဲ့ကြတာကို ပြီးအောင် ပြောပြဦးလေ ငြိမ်း"

အရေးထဲမှာ မာမီနှင့် ဖေဖေတို့၏ ဇာတ်လမ်းကို အဆုံးသတ်ခိုင်းနေပြန်ပြီ။

ဇော့်စိတ်ထဲမှာ ဖေဖေနှင့်ပတ်သက်ပြီး စိုးရိမ်မကင်း ဖြစ်မနေ။

ဇော်သိချင်နေသော ခရစ်စမတ်နေ့က အဖြစ်အပျက်များကို ပြောပြဖို့ အစပျိုးလိုက်ရတော့သည်။

www.burmeseclassic.com

# [ ၆ ]

နှစ်ယောက်ဆုံဖို့ မာမီဆီမှ အတည်ပြုချက် ရပြီးသည်နှင့် ဒေဖေထံသို့ အမြန်ဆုံး အကြောင်းပြန်သည်။

ခရစ်စမတ်ညနေခင်း ခြောက်နာရီမှာပင် သူမတို့အိမ်၏ ဧည့်ခန်းမှာ ဆုံတွေ့ကြမည်ဖြစ်၏။

ခရစ်စမတ်မှာ သူမတို့မိသားစုလေး အတူတကွ မျက်နှာချင်းမဆိုင်ဖြစ်သည်မှာ နှစ်တွေကြာခဲ့ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဝင်နီ"

"ဘာများပြောချင်လို့လဲ မာမီ"

"သူရောက်လာမှာကို တကူးတကပြင်ဆင်ပြီး စောင့်နေ တာ တစ်မျိုးအဓိပ္ပာယ်ရောက်သွားလိမ့်မယ်၊ ဝင်နီပြင်ဆင်ထားတာ တွေကို မာမီလုပ်ထားတာလို့ ထင်သွားလိမ့်မယ်"

မာမီကတော့ ဖေဖေနှင့်တွေ့မည့်အရေးကို သာမန်ထက် ပင် လျှော့ပြီး သဘောထား၏။

သူမအား ပြောလိုက်သောစကားတွေမှာလည်း မာ တရားတွေက ပေါ်ပေါ်ထင်ထင်။

"မာမီကြောင့်လို့ ထင်မှာ မဟုတ်ပါဘူး၊ ထင်လည်း ဘာ ဖြစ်လဲ မာမီရယ်၊ အခုချိန်မှာ ဖေဖေက ဝင်နီတို့ရဲ့ ဧည့်သည်ပဲ မဟုတ်လား"

ဖေဖေနှင့်တွေ့ဖို့ မိနစ်ပိုင်းသာ လိုတော့သည်။

အခုချိန်ထိ မာမီတစ်ယောက် ပြင်ပြင်ဆင်ဆင် မရှိသေး။

"မာမီ အဝတ်အစားသွားလဲတော့လေ၊ တော်ကြာ ဖေဖေ ရောက်လာတော့မှာ"

မာမီက မဲ့ပြုံးပြုံးပြလိုက်သည်။

သူမကို စေ့စေ့ကြည့်ရင်း မာမီပြောလိုက်၏။





"မလိုပါဘူး ဝင်နီ၊ အခုအတိုင်းပဲ သူ့ကို မာမီ တွေ့နိုင် ယ်၊ အခုကတည်းက သဘောတူညီမှု ယူထားမယ် ဝင်နီ"

သူမကတော့ တွေ့ဆုံမှုကို လွတ်လွတ်လပ်လပ် ရှိစေချင် ၏။

အတ္တတွေ ထုံလွှမ်းနေသော မာမီကတော့ မေတ္တာတရား ကို ရှေ့မထားနိုင်။ အကန့်အသတ်တွေဖြင့် တွေ့ဆုံမှုကို အရောင် ဆိုးတော့၏။

"ဘာတွေများ သဘောတူညီမှု ယူရမှာလဲ မာမီ"

"တခြားမဟုတ်ဘူး၊ တွေ့ကြ စကားပြောကြတဲ့အခါမှာ သူ့ကို အချိန်နာရီဝက်ပဲ မာမီ ပေးနိုင်မယ်၊ ဝင်နီကတော့ မာမီ ထက် ဆယ့်ငါးမိနစ် ပိုတွေ့နိုင်တယ်၊ လေးဆယ့်ငါးမိနစ်အထိပဲ သူ့ကို ဒီအိမ်ပေါ်မှာ နေခွင့်ပေးနိုင်မယ်၊ မာမီပြောတာတွေကို ဝင်နီ ကြားတယ်နော်"

မာမီ့မျက်နှာ၊ မာမီ့လေသံတွေက စီးစီးပိုးပိုးနှင့် နားဝင်ချို ရာမကောင်း။

မာမီ့အနေနှင့် ချက်ချင်းကြီး မာနတွေကို လျှော့ချဖို့ဆိုတာ ဖြစ်နိုင်မှန်း သိသည်။

ဖေဖေနှင့်တွေ့ဖြစ်ပြီး ဖေဖေ့အောက်ကျို့ခံမှုတွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မာမီ့အတ္တမာနများ အရည်ပျော်သွားလိမ့်မည် . . . ဟု လွယ်လွယ် တွေးခဲ့မိ၏။

"သူလာနေပြီ ဝင်နီ၊ သွားကြိုလိုက်ဦး"

တကယ်တမ်းကျတော့ ဖေဖေ အိမ်ထဲဝင်လာသည်ကို သူမထက်အရင် မာမီက မြင်သွားခဲ့၏။

မာမီ့သဘောထားတွေ တစ်ဆင့်လျော့ပြီ . . ဟု နားလည်လိုက်ရင်း ဖေဖေ့ကို အပြေးကြိုမိတော့သည်။

ဖေဖေ့လက်မောင်းကို အားကိုးတကြီး တွဲခိုရင်းကပင် ပြောလိုက်မိသည်။

"ဖေဖေလာတာကို မာမီ အရင်မြင်တာ၊ မာမီကပဲ ဖေဖေ့ကို လာကြိုခိုင်းတာ သိလား"

"ငြိမ်းမျက်နှာ၊ ငြိမ်းတောင်းပန်မှုကြောင့်ပဲ ဖေဖေ ကြိုးစားကြည့်ရမှာ၊ ဖေဖေ့အနေနဲ့ကတော့ ရုပ်ပျက်ဆင်းပျက် အခြေအနေမျိုး မဖြစ်ရအောင်ဘဲ မျှော်လင့်ထားတယ် သမီး"





မာမီကတော့ ထိုင်ခုံမှာ ခြေချိတ်ရင်း အသင့်ထိုင်စောင့်နေ၏။

ဖေဖေကတော့ မာမီနှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်၏။ ဖေဖေ့အနားကခုံမှာပင် သူမ ဝင်ထိုင်လိုက်သည်။

အခုအနေအထားအရဆိုရင်တော့ မာမီက တစ်ယောက်တည်းလို ဖြစ်နေပြန်၏။

"ကဲ ကိုဖေငြိမ်း . . . ဝင်နီပြောစကားအရ ရှင့်မှာ ပြောစရာစကား ရှိနေတယ် မဟုတ်လား၊ ကျွန်မမှာ အချိန်သိပ်မပေးနိုင်ဘူး၊ ပြောစရာရှိတာကို မြန်မြန်ပြောပါ"

မာမီကတော့ မာနတွေပြိုမဆင်းရအောင် ခံစစ်ကို လုံအောင်ဆောက်ပြီး အပေါ်စီးက နေပြလိုက်သည်။

"ကိုယ့်မှာ ပြောစရာတွေ ပါလာတာ အမှန်ပဲ၊ ဒီစကားတွေအားလုံးဟာ သမီးလေးကို အဓိကရည်ရွယ်ပြီး ပြောရမယ့်စကားတွေပဲ အယ်နီ၊ အခုဆိုရင် သမီးလေးဟာ အပျိုဖော်ဝင်နေပြီ"

"နေပါဦး ကိုဖေငြိမ်း . . . သမီးနဲ့ရှင်က ဘာပတ်သက်စရာရှိလို့ ဒီစကားမျိုး ပြောရတာလဲ၊ သမီးလေးရဲ့ရှေ့ရေးအတွက် ရှင်ဘာမှ စွက်ဖက်ပိုင်ခွင့်မရှိဘူး၊ အခုချိန်မှာ ကျွန်မဟာ ဝင်နီရဲ့အုပ်ထိန်းသူပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်ဘူးဆိုတဲ့စကားကိုတော့ မပြောနဲ့ အယ်နီ၊ လူမှုရေး ရှုထောင့်ကပဲကြည့်ကြည့် ဥပဒေအကြောင်းအရပဲပြောပြော သမီးလေးဟာ ကိုယ်နဲ့ အခုထိ ဆိုင်နေတုန်းပဲ"

"ဘာလဲ ရှင်ပြောချင်တာက ဝင်နီနဲ့ ဆိုင်သလိုပဲ ကျွန်မနဲ့လည်း ဆိုင်နေတယ်၊ ပြီးတော့ ကျွန်မရဲ့စီးပွားရေးမှန်သမျှကိုလည်း ဆိုင်နေတယ်လို့ ဆိုလိုချင်တာလား"

"တော် အယ်နီ၊ မင်းရဲ့ပစ္စည်းတွေ၊ ကြွယ်ဝမှုတွေကို ကိုယ် မမက်မောဘူး၊ ကိုယ့်မှာ သမီးလေးကို မေတ္တာမပေးနိုင်ဘူး၊ အဲ.. ကပဲ သမီးကို စိုးရိမ်ကြောင့်ကြနေရတာ၊ အခု ဒီကိုလာရတာလည်း သမီးလေးမျက်နှာနဲ့ မင်းကို အောက်ကျို့ခံကြည့်တာပဲ အယ်နီ"

"သမီးကို ဖန်းပြပြီး သွေးတိုးစမ်းကြည့်တဲ့သဘောဆို.. တော့ ဟုတ်လား ကိုဖေငြိမ်း"

"မင်းကတော့ အမြဲတမ်း မာနအတ္တကြီးလွန်းတဲ့ မိန်း.. တစ်ယောက်ပဲ၊ ငါ့ကို အဲဒီလိုတွေးရင် မင်း အရှုံးမှားမယ်၊ .. ပါပြီ၊ ဒီတစ်ခါ မင်းမျက်နှာကို မြင်ရတာ သမီးလေးကြောင့်ပဲ"

"ရှင်းပါတယ် ကိုဖေငြိမ်း၊ အခုအတိုင်းဆိုရင်တော့ ရှင်.. ကျွန်မအပိုင်းကိုရော၊ ဝင်နီနဲ့အပိုင်းကိုပါ တရားဥပဒေအရ ပြ.. ပြတ်သားသား လုပ်မှရတော့မယ်၊ ရှင့်အတွက် ကျွန်မနဲ့ဝင်နီ..





ဆုံးရှုံးရလို့ နစ်နာကြေးလေး မြိုးမြိုးမြက်မြက်လေး ရသွားအောင်လို့ပါ"

မာမီကတော့ ပြောလေကဲလေ ဖြစ်နေ၏။

ဖေဖေ့မျက်နှာကြီး နီမြန်းလာပြီး အသားတွေ တဆတ်ဆတ်တုန်ယင်နေ၏။

"မင်းစကားတွေက ငါ့မာနကိုစော်ကားလွန်းတယ် အယ်နီ၊ ငါ့ရဲ့မေတ္တာတရားကိုလည်း မင်း တန်ဖိုးထားရမှန်း မသိဘူး၊ ငါ အနေ.. မင်းဆီကနေ ဘာမှလိုချင်လို့ လာခဲ့တာ မဟုတ်ဘူး၊ သမီးလေးကို ငဲ့ပြီး မင်းဆီကို အောက်ကျို့ခံခဲ့တာပဲ၊ ဘာရလို့မှမှ မပါဘူး"

"အခုရှုပ်မှ နောင်ရှင်းပါပဲ ကိုဖေငြိမ်း၊ ရှင်ထွက်သွား ..တည်းက လုပ်ပေးမလို့ပါ၊ အခုချိန်မှ လုပ်ဖြစ်တော့လည်း ရှင်ပို ..တာပေါ့၊ ဒါမှလည်း ကျွန်မနဲ့ ပြတ်ပြတ်သားသား ရှိသလို၊ ဝင်နီနဲ့ ..ည်း အဆက်အဆံလုပ်စရာ မလိုတော့ဘူး"

"ကောင်းပြီ အယ်နီ၊ မင်းလိုချင်တာက မင်းမျက်နှာကို .. မမြင်ရဖို့ပဲ မဟုတ်လား၊ သမီးလေးနဲ့ မပတ်သက်စေချင်တာ ..လည်း မင်းနဲ့ ပတ်သက်မှာစိုးလို့ မဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မနဲ့ မပတ်သက်သလိုပဲ သမီးနဲ့ .. ..ရအောင် တရားဥပဒေရဲ့ အကာအကွယ်ကို ယူရမယ်၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ရှင့်ကိုလည်း တန်ရာတန်ကြေးအနေနဲ့ ပြန်ပေးရမှာပေ

"တော်တော့ အယ်နီ၊ လူတွေရင်ထဲမှာရှိတဲ့ မေတ္တာတရာ ကို ဘယ်တရားဥပဒေကမှ ကန့်သတ်လို့ မရဘူး၊ ထိန်းချုပ် မရဘူး၊ အေး . . . ငါကလည်း မေတ္တာတရားနဲ့ ပတ်သက်ပြီး အဲ တရားဥပဒေကို ဘယ်တော့မှ ရင်ဆိုင်လိမ့်မှာ မဟုတ်ဘူး၊ မင်း နောက်ဆုံးစကား ပြောလိုက်မယ် အယ်နီ၊ လူနှစ်ယောက်အတွ တရားဥပဒေ ကြားခံမလိုဘဲ ပြောရမယ့်စကားပဲ၊ မင်းသေ ဖြစ်ဖြစ် ငါသေလို့ပဲဖြစ်ဖြစ် ဘယ်သူမှ မလာကြေး၊ အသက်ရှင် တဲ့အချိန်မှာ မင်းရှိတဲ့နေရာကို ငါ ဘယ်တော့မှ ရောက်လာ မဟုတ်ဘူး"

"ကြိုက်တယ် ကိုဖေငြိမ်း၊ ကျွန်မနဲ့တင် မဟုတ်ဘူး ဝင်နီနဲ့ပါ ရှင် ပတ်သက်စရာ မလိုဘူး"

"ငါ စကားကုန်ပြောခဲ့ပြီ အယ်နီ၊ ဘယ်အရေးကိစ္စကြော ပဲဖြစ်ဖြစ် ဒီဘဝမှာ နောက်တစ်ကြိမ် မျက်နှာချင်းဆိုင်ဖို့ ကြိ တဲ့ လူဟာ တော်တော်အရှက်မဲ့တဲ့လူလို့ပဲ သတ်မှတ်လိုက်ပါ"

"ကောင်းပြီ၊ သိပ်ကောင်းတဲ့ စကားပဲ၊ ဒီတစ်ခါတော့ ကို ဝင်နီနဲ့ ဆယ့်ငါးမိနစ်အထိ တွေ့ခွင့်ပေးမယ်"

မာမီပေးထားခဲ့သောအချိန်သည် ဘယ်ကနေ ဘယ်





ပြည့်သွားခဲ့မှန်းမသိ။ စကားစစ်ထိုးမှုတွေက ကြီးထွားလာပြီး အမြင့် ဆုံးရောက်ခဲ့ရသည်။

မပြောသင့် မပြောအပ်သော စကားများဖြင့် ကတိကဝတ် တွေ ပြုခဲ့ကြပြီပဲ။

"ဖေဖေ"

"ဘာပြောစရာကျန်သေးလဲ သမီး"

"ငြိမ်းက မိသားစုအတူနေချင်လို့ ဖေဖေတို့နှစ်ယောက်ကို ေ့ဖို့ ကြိုးစားခဲ့တာ၊ အခုတော့ ရှိရင်းစွဲအခြေအနေထက် ပိုလို့ ာင်မှ ဆိုးဝါးကုန်ပြီ ဖေဖေရယ်"

"စိတ်မကောင်းဖြစ်မနေနဲ့၊ အခုချိန်မှာ ငြိမ်းဟာ သူ့ရဲ့ ထိန်းမှုအောက်မှာပဲ ရှိနေတယ်၊ သူ့ရဲ့အုပ်ထိန်းမှုအောက်က တ်ကင်းသမျှ၊ ပြီးတော့ ဖေဖေ့အနေနဲ့ သူနဲ့မပတ်သက်နိုင်တော့ သီးခြားဘဝတစ်ခုကို မထူထောင်သမျှ သမီးလေးနဲ့ တွေ့ ယ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရယ်"

"ကတိဆိုတာ တည်ရမယ် သမီး၊ သမီးကို အဝေး... မေတ္တာထားရတော့မယ်၊ ငြိမ်းကိုယ့်ကိုယ်ကိုယ် အမြဲစောင့်ရှောက်... ပြီးတော့ ငြိမ်းမာမီကိုလည်း စိတ်ဆင်းရဲအောင် မလုပ်နဲ့၊ တစ်ချိန်... တော့ ဖေဖေနဲ့ငြိမ်းဟာ ကိုယ့်ဘဝနဲ့ကိုယ် ဖြစ်လာကြရမှာပဲ၊ ... အခါမျိုးကျရင်တော့ ဖေဖေတို့သားအဖ ပြန်ဆုံကြတာပေါ့ကွ..."

"မာမီက အတ္တကြီးသလို မာနလည်း ထားလွန်းတယ်၊ ... ကြောင့် သမီးရော၊ ဖေဖေပါ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်မှာ... လုံးဝထည့်မတွက်ဘူး"

"မေတ္တာတရားနဲ့ပဲ သူ့ကို နားလည်ပေးလိုက်ပါ သ... တစ်နေ့မဟုတ်တစ်နေ့မှာတော့ သူ့ရဲ့အတ္တမာနတွေက သူ့... ပြန်ထိန်းကျောင်းသွားပါလိမ့်မယ်"

သူမအနေဖြင့် ဘာမှဆက်မပြောနိုင်တော့ဘဲ ဖေ... မျက်နှာကိုသာ တဝကြီး ကြည့်နေဖြစ်တော့၏။

နောက်တစ်ကြိမ် ဖေဖေနှင့်မျက်နှာချင်းဆိုင်ဖို့ဆိုတာ ... တွေ့ချိပြီး ကြာနိုင်၏။

❦ ❦ ❦

( ၇ )

ကမ်းမရောက်ခင်ကပင် မျက်စိတစ်ဆုံး လှိုင်းလုံးမှားက ဆင့်ကဲဆင့်ကဲဖြင့် မာန်ဖီပြီးလာနေကြ၏။ တကယ်တမ်း ကမ်းစပ်သို့ ရောက်တော့လည်း ပါလာသမျှ မာန်မာနတွေက ချပြီး နောက်ကြောင်းပြန်လှည့်ရတာချည်းပင်။

ဇော်နှင့်အတူ ကမ်းခြေမှာ လမ်းလျှောက်ရင်း ပင်လယ်... ကြည့်ကာ လှိုင်းတို့၏သဘာဝကို စဉ်းစားနေမိ၏။

"ဖေဖေကတော့ သမီးတို့အိပ်နေကြတုန်းပဲလို့ ... နေတာ



www.burmeseclassic.com

www.burmeseclassic.com



မာလာ၊ ပြောမှ သမီးတို့ လမ်းလျှောက်နေကြတယ်ဆိုတာကို သိရတာ"

"ဟုတ်တယ် ဦး၊ အိပ်မရကြတာနဲ့ အဝတ်အစားလဲပြီး စကားတပြောပြောနဲ့ လမ်းလျှောက်နေကြတာ"

"တခြားအကြောင်း ပြောနေကြတာတော့ မဟုတ်ဘူး ဖေဖေ၊ မာမီအကြောင်းပဲ၊ ဖေဖေတို့ နောက်ဆုံးတွေ့ဖြစ်ခဲ့ကြတာတွေကို ဇော်က သိချင်လို့ ပြန်ပြောပြနေတာ"

"ဟုတ်လား၊ ကဲပါလေ . . . ဟိုနားမှာ မနက် အဆာပြေ စားဖို့ ပြင်ထားတယ်၊ စားရင်သောက်ရင်းပဲ ဖေဖေတို့ စကား ဆက်ပြောကြတာပေါ့"

ဖေဖေ့ဦးဆောင်မှုနောက်သို့ သူမတို့နှစ်ယောက် လိုက်ခဲ့ သည်။

ပင်လယ်လေ၏ သဘာဝအရ ဆားငံရည်နံ့က မကင်း လွတ်ချင်ပေ။ သူမစိတ်ထဲမှာတော့ သူမတို့လာမည်ကို ကြိုသိနေ ခြင်းအတွက် တအုံ့နွေးနွေးဖြစ်နေဆဲပင်။

"မောင်ဇော်လတ်တို့အနေနဲ့ ဘာတွေဆက်လုပ်ဖို့ စီစဉ် ထားလဲ၊ ဦးက ဒီစကားကို ဘာလို့ ပြောရတာလဲဆိုတော့ ဦးတို့ အချိန်သိပ်မရှိတော့လို့ပဲ၊ စားပြီးသောက်ပြီးတာနဲ့ ဒီကနေ ဦး





ထွက်ရလိမ့်မယ်"

"ဘယ်ကို ဘာလို့ သွားရမှာလဲ ဖေဖေ"

ဖေဖေ့စကားတွေက အန္တရာယ်ရှိနေကြောင်းကို အချက် ပေးသလို ရှိနေ၏။ သူမ စိုးရိမ်သွားသည်ကို ဇော်လည်း သဘော ပေါက်မည် ထင်၏။

"အကြောင်းနှစ်ချက်ကြောင့်ပဲလို့ ပြောရမယ် ငြိမ်း၊ ပထမ အကြောင်းက အလုပ်ကိစ္စနဲ့ 'ကျိန္တလီ' ကို ဖေဖေ သွားရမယ်၊ ဟိုမှာ နှစ်ရက်သုံးရက် ကြာမယ်၊ ပြီးတော့ ဒုတိယအကြောင်းက တော့ သမီးတို့ကို ဒီမှာထားခဲ့လို့ မဖြစ်ဘူး၊ သမီးမာမီ ရောက်လာ နိုင်တယ်၊ ဒီနေရာထက် ကျိန္တလီက သမီးတို့အတွက် ပိုလုံခြုံပြီး ပိုလည်း စိတ်ချရတာပေါ့ သမီး"

"ကျွန်တော်တို့ကတော့ ဦးစီစဉ်တဲ့အတိုင်းပဲ နာခံရမှာပါ"

"မင်းတို့နှစ်ယောက် ကျိန္တလီသွားရင်း လက်ထပ်စာချုပ်ထိုး ဖို့ စီစဉ်ရဦးမယ်"

"အဲဒီကိစ္စအတွက်တော့ မစိုးရိမ်နဲ့ဦး၊ ရန်ကုန်ကထွက်တဲ့ နေ့မှာပဲ ငြိမ်းက စီစဉ်ပြီးသား၊ ကျွန်တော်တို့နှစ်ယောက် ရန်ကုန် မြို့ တရားရုံးမှာ လက်ထပ်စာချုပ် ချုပ်ခဲ့ပြီးပါပြီ ဦး"

"ဒါဆိုရင်တော့ ခရီးပန်းစရာ မလိုတော့ဘူး၊ ဒီလိုမှဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဦးတို့ ဂွအထိ ပြန်ဆင်းရမှာ မောင်ဇော်လတ်ရ"

ဇော်တစ်ယောက်သာ မာမီရောက်လာမည်ကို စိုးရိမ်သည် မဟုတ်။ ဖေဖေကပါ မာမီရောက်လာမည်ကို စိုးရိမ်နေပြန်၏။

ဖေဖေရှိသောနေရာကို မာမီရောက်လာမှာ မဟုတ်ဟု သူမက တွက်ချက်ပြီးသား ဖြစ်နေ၏။

"ကမ်းသာယာကိုရောက်ပြီး ဖေဖေ့မျက်နှာကို မြင်လိုက်ရ ကတည်းက သမီးအရမ်းသိချင်တာတစ်ခုရှိခဲ့တယ်၊ အခုတော့ အဲဒီ ကိစ္စအပြင် နောက်တစ်ချက်ကိုပါ သိချင်လာပြန်ပြီ ဖေဖေ"

စိတ်ထဲမှာ ထိန်းထားလို့မရဘဲ ပွင့်လင်းစွာပင် မေးလိုက် မိ၏။

"ဘာများလဲ သမီးရဲ့"

သူမပြောမည်ဟု ပြင်ဆင်ဆဲမှာပင် ဇော်က ပြောလိုက် သည်။

"ဒီလို ဦး . . . ကျွန်တော်တို့ မာမီလက်က လွတ်အောင်





ပြေးကြတဲ့နေရာမှာ ကာယကံရှင်တစ်ယောက်ဖြစ်တဲ့ ကျွန်တော် ကိုယ်တိုင်တောင် ကားပေါ်ရောက်မှ ဒီကိုလာမယ်ဆိုတာကို သိရတာ၊ ကမ်းသာယာမှာနေတဲ့ဦးက ကျွန်တော်တို့ ရောက် လာမယ်ဆိုတာကို ဘာကြောင့် အတိအကျသိနေရတာလဲ"

"ဒါလား၊ ဒီအကြောင်းက တကယ့်ကို တိုက်ဆိုင်သွားတယ် လို့ ပြောရမယ်၊ ဒီရက်ပိုင်းမှာပဲ ဦးအနေနဲ့ ရန်ကုန်ကို ကိစ္စနဲ့ရောက် သွားတယ်၊ ငြိမ်းနဲ့ အဆက်အသွယ်ရဖို့ မပြောနဲ့ မေမေတို့ဆီကို တောင် ဦး မဝင်ဖြစ်ဘူး၊ ကားဂိတ်ရောက်တော့ လက်မှတ်ရောင်း ကောင်တာမှာ ဦးရှိနေတုန်း ဖုန်းလာတယ်၊ လက်မှတ်ကြိုဝယ်တဲ့ ဖုန်းပဲ၊ အသံကို မကြားရပေမယ့် လက်မှတ်ရောင်းတဲ့သူရေးလိုက် တဲ့ ဝင်နီငြိမ်းဆိုတဲ့ နာမည်ရယ်၊ အမျိုးသားမှတ်ပုံတင်အမှတ်ရယ် ကို တွေ့လိုက်ရတာလေ၊ ပြီးတော့ လက်မှတ်က ဝင်နီငြိမ်းနာမည်နဲ့ နှစ်ခုံစာလေ၊ မောင်ဇော်လတ်တို့ကိစ္စကို ဦးက သိထားတယ်၊ ပြီး တော့ ငြိမ်းကို လက်ထပ်မယ့် သတင်းကလည်း ရပြီး၊ အဲဒီတော့ ကျန်တဲ့တစ်ယောက်က အမည်မသိရပေမယ့် မောင်ဇော်လတ်ဆို တာကို ဦးအနေနဲ့ ကြိုသိနေခဲ့ရတာပေါ့"

ဖေဖေပြောပြလိုက်တော့မှ မတင်မကျဖြစ်နေခြင်းများက ရှင်းပြယ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီးသိနေတဲ့အကြောင်းကတော့ ရှင်းသွားပြီ၊ ဒါနဲ့ ဖေ ပါဦး ငြိမ်းသိချင်တဲ့ နောက်ကိစ္စတစ်ခုဆိုတာ ဘာများလဲငြိမ်း အဲဒါကိုတော့ ငြိမ်းကိုယ်တိုင်ပဲ ဦးကို မေးပေတော့"

သူမနှင့်ဖော်တို့ကတော့ အတိုင်အဖောက်ညီညီဖြင့် ဖေဖေ ကို မေးခွန်းထုတ်နေကြ၏။

"ပြောပါဦး သမီး၊ သမီးက ဘာများသိချင်နေသေးလို့လဲ"

"တခြားမဟုတ်ပါဘူး ဖေဖေ၊ မာမီ လုံးဝရောက်မလာနိုင် တဲ့နေရာကို ရွေးတော့ ဖေဖေရှိနေတဲ့ ကမ်းသာယာက ပထမဆုံး ပေါ်လာတယ်၊ သွားရေးလာရေးအရ လူသိနည်းတယ်ဆိုတဲ့အချက် တစ်ခုတည်းနဲ့ လာခဲ့တာမဟုတ်ဘူး ဖေဖေ၊ တကယ်လို့ ကမ်းသာ ယာမှာ ဖေဖေ ရှိမနေရင် သမီးတို့ ဘာမှရွေးချယ်စရာ မရှိဘူး ဖေဖေရှိနေတဲ့အရပ်ဒေသကို မာမီ ရောက်လာမှာ မဟုတ်ဘူးဆိုတဲ့ အချက်ကြောင့် ရွေးရတာ၊ မာမီရောက်လာခဲ့ရင်တောင် သမီးတို့ကို ဘာမှလုပ်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မာမီက ဖေဖေနဲ့ မျက်နှာချင်းဆိုင်လို့မှ မဖြစ်ဘဲလေ၊ မာမီက ပေးခဲ့တဲ့ကတိကို မဖျက် ဘူး၊ သူ့မာနအတ္တတွေကြောင့်ပဲ ဖေဖေနဲ့မျက်နှာချင်းဆိုင်လိမ့် မဟုတ်ဘူး"

သူမ သိချင်နေ ပြောချင်သောကိစ္စ၊ ပြီးတော့ သူမ လုံး





သမျှတွေအားလုံးကို ဖော်တစ်ယောက် ဆက်စပ်ကြည့်ပြီး သဘော ပေါက်မှာ သေချာ၏။

ဖေဖေကတော့ သူမကို ပြန်လည်ရှင်းလင်းဖို့အတွက် စကားလုံးများကို ငြိမ်သက်စွာဖြင့် ရွေးချယ်နေသည်အလား။

"အပေါ်ယံကြောကြည့်ပြီး ဖေဖေတို့ ဖြစ်ခဲ့ကြတာတွေ အတ္တမာနတွေကြောင့် သမီးပြောတာ တွေးတာ ဖြစ်နိုင်တယ်လို့ ထင်ရတယ်၊ ဖေဖေကြောင့် သမီးမာမီ ရောက်မလာနိုင်ဘူးလို့ တွက် လို့ရတယ်၊ အခုကိစ္စက ဖေဖေတို့ဖြစ်ခဲ့တာထက် ပိုပြီးသိမ်မွေ့နေ တယ် သမီး၊ ဘာဖြစ်လို့လဲဆိုတော့ သမီးမာမီ ဒီတစ်ခါ တကယ် ဆုံးရှုံးလိုက်ရတာကြောင့်ပဲ၊ သမီးအပေါ်ထားတဲ့ မေတ္တာတရား စီစဉ်ပြီးသားဖြစ်တဲ့ ဒေါက်တာစောဗလနဲ့ လက်ထပ်ပွဲအတွက် ဒီ နေရာကို၊ ဖေဖေရှိရာကို သမီးမာမီရောက်လာမှာ သေချာတယ်၊ အခုလောလောဆယ် မရောက်လာပေမယ့် ရှာစရာနေရာ မရှိ သလောက်ဖြစ်ရင် ရောက်လာမှာပါ၊ ဒါမှမဟုတ် ဖေဖေရှိတဲ့နေရာ

www.burmeseclassic.com



ကို ပထမဆုံးအဖြစ် ပြေးမြင်နိုင်တယ်၊ ဒါကြောင့်ပဲ ဒီနေရာကနေ သမီးတို့ ခွာစေချင်ရတာပဲ"

"ဖေဖေ့ဖကလည်း ဒါဆိုရင် မာမီ အမျှားကြီး ရှုံးရမှာပေါ့ ဖေဖေတို့ချင်း ကတိပြုပြီးသားပဲလေ"

"သမီး အတ္တမာနကြီးတဲ့သူ၊ သူ့အတွက် သူကြည့်တဲ့သူဟာ တစ်ခုပြီးတစ်ခု ရှုံးနေမှာပဲ၊ နိုင်တယ်လို့ ထင်လိုက်တဲ့အရာတိုင်းဟာ အရှုံးဖြစ်ရင်ဖြစ်နေမယ်၊ အခုကိစ္စမှာလည်း ဒီအတိုင်းပဲ၊ ဖေဖေ့ကို အရှုံးပေးရမှာထက် သမီးကို မဆုံးရှုံးရဖို့ သမီးမာမီ အလဲအလှယ် လုပ်ဦးမှာပဲ သမီး"

"ဟုတ်တယ် ငြိမ်း၊ ဦးပြောတာ သေချာတယ်၊ ငြိမ်းမာမီ အနေးနဲ့အမြန် ဦးဆီ ရောက်လာမှာပဲ၊ ငြိမ်းနဲ့ဇော်ကို မရရအောင် လိုက်ဖျက်မှာပဲ၊ ခု ဒေါက်တာစောဝလနဲ့ မင်္ဂလာပွဲကိုတော့ မဖြစ်ဖြစ်အောင် သူစီမံမှာ ငြိမ်း"

"အခုမှ သမီးကြောက်သွားတာ ဖေဖေ၊ မာမီရဲ့အတ္တမာန အောက်ကနေ သမီးလွတ်မှာ မဟုတ်တော့ပါလား ဖေဖေရယ်"

"ဘာကြောက်စရာလိုလဲ သမီး၊ သမီးတို့ချင်း တရားဝင် လက်ထပ်ထားပြီးသား၊ အတင်းအကျပ်အနေနဲ့ သမီးကို ပြန်ခေါ် သွားလို့ရတယ်ပဲထားဦး၊ မင်္ဂလာပွဲကို ဖျက်လို့ရသလို၊ သမီးဟာ





မောင်ဇော်လတ်ရဲ့ တရားဝင်ဇနီးဖြစ်နေပြီပဲ၊ ဘာမှကြောက်မနေနဲ့ သမီး၊ အခုလည်း ဒီအရေးကိစ္စအတွက်ပဲ ကျိုက္ကလီကို သွားကြရမှာ၊ ကျိုက္ကလီမှာ မာလာ့အမျိုးတွေချည်းပဲ"

"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ဦးနဲ့မတွေ့ခင်အထိ မာမီကို ကျွန်တော် ကြောက်တာအမှန်ပဲ၊ ဦးနဲ့တွေ့လိုက်တော့ ကျွန်တော့်မှာ ကြောက်စိတ် တကယ်မရှိတော့ဘူး"

"ဇော် . . . ငြိမ်းကတော့ ဖေဖေနဲ့စကားတွေ ပြောလိုက်ပြီးမှ မာမီကို ပိုကြောက်လာမိတာ၊ မာမီရောက်လာပြီး ငြိမ်းကို မရရအောင် ပြန်ခေါ်မှာပဲ၊ မာမီရောက်လာမှာ မာမီနဲ့ မျက်နှာချင်း ဆိုင်ရမှာကို ကျောချမ်းတာ အမှန်ပဲ ဇော်"

"သမီးရယ် . . . တကယ်တော့ အကြောက်တရားဆိုတာ ချက်ချင်းလက်ငင်းကြီး သိရတာထက် တဖြည်းဖြည်း စည်းရုံးသိမ်းသွင်းခံရတာက ပိုဆိုးတယ်၊ သမီးမှာ အဲဒီစိတ်ရှိနေတယ်၊ ဘာမှ မပူနဲ့ သမီး၊ ဖေဖေလည်း ရှိနေတယ်၊ ပြီးတော့ မောင်ဇော်လတ်လည်း ရှိနေတာပဲ"

ဖေဖေက ဖျောင်းဖျသလို ဇော်ကလည်း သတ္တိရှိဖို့ ပြောသည်။

မာမီ၏အတ္တမာနများကို ချေဖျက်ဖို့ဆိုတာ ဒီဇာခွာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်တော့ . . . ဟု သူမ ထင်မိသည်ပဲလေ။

# အပိုင်း (သုံး)

www.burmeseclassic.com

www.burmeseclassic.com

ရင်မှ ချစ်ခြင်းများကို သံယောဇဉ်ဖြင့် နှောင်ခဲ့လေသူ၊

တစ်မိုးအောက်ဆီမှာ "ငြိမ်း" နှင့် ဆုံဆည်းပြီး တစ်ယောက်

သော ချစ်သူအဖြစ် သံယောဇဉ်နှစ်များကိုသာ သစ်စေချင်၏၊

အတွယ်တာဆုံးအဖြစ် "ငြိမ်း" မျက်နှာကို မြင်ချင်သူ၊

အယုယဆုံးအဖြစ် "ငြိမ်း" စကားသံများကို ကြားချင်သူ၊

အင် [illegible] ယာ တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အဖြစ်ကို "အိပ်မက်" ဟုပဲ သဘောထားဦး။

"ငြိမ်း" နှင့်အတူတူ မြင်မက်ခဲ့သည်ဆိုသောအသိဖြင့် အိပ်မက်တိုင်းဟာ အပျော်ချည်းပင်။

"ငြိမ်း" မပါသောအခါမှ တစ်ယောက်တည်းအလွမ်းဖြင့် အိပ်မက်ရှည်ရမည့် ဘဝပါလေ။

"ငြိမ်း" ကို ချစ်မိသည့်အတွက် စွန့်ခဲ့လည်း ကျန်ရဲသည့်သူ။

"ငြိမ်း" ကို မြတ်နိုးသည့်အတွက် နောင်တလည်း မရတတ်သူ။

ပန်းတွေလို တစ်ဘဝတည်းမှာ အတူကြွေပြီး သတိတရ နှံ့အတွင်းမှာ အတူတူ သက်ဆင်းကြစို့ဆို . . . "ငြိမ်း" တွေဝေနေမည်လား။

"အချစ်"ကြောင့်ပဲ အပြစ်တွေ စွန်းထင်းတော့မယ်ဆိုရင် . . .

ကိုယ့်အလွမ်းနဲ့ပဲ ငြိမ်းရင်ကို စိတ်ချမ်းသာစေရမယ်။

ကိုယ့်အချစ်နဲ့ပဲ ငြိမ်းမေတ္တာကို အကာကွယ်ပေးမည့်သူပါလေ။

❀ ❀ ❀

[ ၁ ]

မင်္ဂလာခန်းမအတွင်းမှာ လူတွေ အတော်စုံလင်နေ၏။

ဘိသိက်ဆရာ၏ ဖိတ်ခေါ်မှုကြောင့်ပင် သတို့သားနှင့်သတို့သမီးတို့ ပရိသတ်ထဲသို့ ဝင်လာကြသည်။

မင်္ဂလာပန်းကြဲသူ အမျိုးသမီးလေးနောက်မှ အစ်မဖြစ်သူ[...]ကိုအောင်ခန့်တို့ အပြုံးများဖြင့် လှမ်းလာပုံမှာ အားကျချင်စရာ။

အစ်မတို့ချစ်သူနှစ်ယောက်ကတော့ နှစ်ဘက်မိဘများနှင့်

www.burmeseclassic.com



ပန်းသတ်လူဘုံအလယ်မှာ တင့်တယ်ချင်တိုင်း တင့်တယ်နေကြတော့

"အစတုန်းက သတို့သားအရံနေရာမှာ မင်းကို မှန်း...
တာ၊ မင်းက လူပျိုမဟုတ်တော့လို့ ကိုအောင်ခန့်ရဲ့ သူငယ်ချင်း...
အစားဝင်လိုက်ရတာတဲ့"

သူ့အခြေအနေကို အကဲခတ်ရင်းကပင် မျိုးမြင့်ပြောသည်...

သူနှင့်တစ်စားပွဲတည်းမှာပင် ခင်မေဝင်းနှင့် မော်မော်...
လည်း ရှိနေကြ၏။

မျိုးမြင့်ပြောလိုက်သလို သူ လူပျိုမဟုတ်တာကတော့...
သေချာသည်။ ဒါပေမဲ့ သူ့နံဘေးမှာတော့ ငြိမ်းက ရှိမနေ။

"အစ်မ မင်္ဂလာဆောင်ကိုတောင် မလာချင်ဘူးလို့ ငြိမ်း...
သေးတယ်ဆို ဇော်လတ်၊ နင့်ကြည့်ရတာ စိတ်ထောင်းလို့ကိုယ်ကြေ...
ဆိုသလိုပဲ ထုံထုံထိုင်းထိုင်းကြီးနဲ့ ဇော်လတ်ရာ"

ခင်မေဝင်းကတော့ သူ့လှုပ်ရှားနေထိုင်မှုကိုကြည့်ပြီး အား...
မလိုအားမရ ဖြစ်နေ၏။ ဒါကြောင့်ပဲ လူတွေနှင့်သူ ဝေးဝေးနေ...
ခြင်း ဖြစ်၏။ သူနှင့်ငြိမ်းအကြောင်းကို သိနေကြသောသူများနှင့်...
မျက်နှာချင်းမဆိုင်ချင်ပေ။

"ဟုတ်တယ် ဇော်လတ်၊ ကမ်းသာယာကနေပြီး မင်းအရင်...
ဝင်နီ ပြန်ရောက်လာတဲ့သတင်းကို ကြားတယ်၊ ပြီးတော့ မင်းပြန်...





ရောက်လာတယ်၊ ရောက်ရောက်ချင်းမှာပဲ စိတ်ပန်းလူပန်းဖြစ်ပြီး
ရှော့ခ်ဖြစ်လို့ ဆေးရုံတန်းတင်ရတယ်၊ မင်းရဲ့ကျန်းမာရေးအခြေ
အနေကြောင့်ပဲ ကမ်းသာယာမှာ ဖြစ်ခဲ့တာကို ငါတို့ မမေးခဲ့ဘူး"

ငြိမ်းအနားမှာ မရှိသောရက်များသည် သူ့အတွက်တော့
နေချင်စရာ မရှိ။ ငြိမ်းတစ်ယောက်ကို တစ်ဘဝလုံး ခွဲလိုက်ရမှတော့
သူရှင်သန်ရသော နေ့ရက်များသည် အဓိပ္ပာယ်မဲ့နေမည်။

"ဆေးရုံက ဆင်းတော့လည်း ပခုံးရိုးမတောင်ခြေက မင်း
...းလေးဆီကို ထွက်သွားတော့ အဆက်အသွယ်က ပြတ်သွားပြန်
...ရော၊ ကမ်းသာယာမှာ မင်းတို့တွေ ဘာဖြစ်ခဲ့ကြသလဲဆိုတာကို
...တို့ အခုထိ ရေရေရာရာ မသိရသေးဘူး ဇော်လတ်"

ဖြစ်နိုင်ပါက လူစုံသော ဒီလိုအခမ်းအနားမျိုးကို သူ
...တက်ချင်။ မိဘဆွေမျိုးများနှင့် အစ်မဖြစ်သူ၏ဆန္ဒများကို လိုက်
...လျောပေးသည့်အနေဖြင့် သူ လာထိုင်နေရခြင်းဖြစ်၏။

သူ့သူငယ်ချင်း သုံးယောက်စလုံးကတော့ အစ်မမင်္ဂလာပွဲ
...ို တက်ရောက်ချီးမြှင့်သည်ထက် သူနှင့်တွေ့ပြီး စကားပြောချင်
...သည်က ပိုမည်ထင်၏။

"ဒီပွဲပြီးတာနဲ့ မင်း အကြောင်းတစ်ခုခုပြပြီး ငါတို့ကို ရှောင်
...ဦးမှာ မဟုတ်လား ဇော်လတ်"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနှင့်မှ စကားမပြောချင်ဘဲ သူတစ်ယောက်တည်း သီးသန့်နေချင်သည်။ ဆေးရုံမှဆင်းပြီး အားလုံးကို အတွေ့မခံ ပဲခူးရိုးမတောင်ခြေရှိ သစ်ကွင်းများမှာ သွားနေလိုက်သေးသည် မင်္ဂလာဆောင်ရက်နားနီးတော့ ဦးလေးတို့နှင့်အတူ ရန်ကုန်ကို ပြန် လိုက်လာရပြန်သည်။

"လာမယ့် ခရစ်စမတ်နေ့မှာ ဝင်နီနဲ့ ဒေါက်တာစော တို့ လက်ထပ်ဖြစ်မယ်ဆိုတာ သေချာနေပြီ၊ သေသေချာချာ တွက်ကြည့်ရင် နှစ်ပတ်လောက်ပဲ အချိန်ရှိတော့တာ၊ နင်နဲ့ဝင်နီ ဘာတွေဖြစ်ခဲ့ကြသလဲ ဇော်လတ်"

မော်မော့်စကားကြောင့်ပင် သူ မျက်လုံးဝိုင်းသွားရသည်။

သူ့ငြိမ်းက ဒေါက်တာစောဗလနှင့် လက်ထပ်မည် ဆို လား။

"ငြိမ်း လက်ထပ်ဖြစ်တယ်"

"ဟုတ်တယ် ဇော်လတ်၊ နင်တို့တွေ ဘာတွေဖြစ်ခဲ့ကြ ဝင်နီ့မာမိက နင်တို့ကို ချက်ချင်းခြေရာခံမိတာ မဟုတ်ဘူး၊ အထင်ပြောရရင် နင်တို့နှစ်ယောက် ကမ်းသာယာမှာ အတူနေခဲ့ တာ ဆယ်ရက်စွန်းစွန်းတောင် ရှိရင်ရှိမှာ"

ရန်ကုန်မှ စတင်ထွက်ခွာသည့်ရက်မှ ရေတွက်ကြည့်လျှ





ဆယ်ရက်တိတိဟု ပြောလို့ရသည်။

ကမ်းသာယာမှာ နာရီပိုင်းလောက်ပဲ သူတို့နေခဲ့ခြင်းဖြစ် ၏၊ ကျန်သည့်ရက်များက ကျိန္တလီမှာ။

"ငါမပြောပြချင်ဘူး၊ ငါမေ့ထားလိုက်ချင်တယ်၊ ဒါပေမဲ့ နေလို့လည်း မရဘူး"

"ဒါဆိုလည်း အဖြစ်အပျက်ကို ပြောပြပေါ့၊ မင်း တစ် ယောက်တည်း ကြိတ်ခံစားနေရတာထက်စာရင် မင်း စိတ်သက်သာ သွားသလို ဘာဆက်လုပ်သင့်တယ်ဆိုတာကို ငါတို့ ဝိုင်းတိုင်ပင်ကြ င် အဖြေတစ်ခုခု ထွက်လာမှာပဲ ဇော်လတ်"

"ငြိမ်းကို ငါဆုံးရှုံးလိုက်ရပြီ၊ ဒီတစ်ခါ ငါ အလူးအလဲခံစား လိုက်ရတာ၊ ငြိမ်းနဲ့ငါ ဆက်ရက်တိတိ အတူနေဖြစ်ခဲ့ပေမယ့် အဲဒီ ကာလတွေက ငါ့အတွက်တော့ ဆယ်ကမ္ဘာလို့ပြောလို့ရတယ်"

သူ့မျက်လုံးထဲမှာတော့ ငြိမ်း၏ အားငယ်သောမျက်နှာ၊ အတွေ့စေစားရာကို မဖြစ်ဖြစ်အောင် လုပ်ယူတတ်သော ဒေါ်အယ်နီ ၏ မျက်နှာတို့က တစ်လှည့်စီ ကြီးစိုးနေရာယူနေဆဲ။

"မင်းတို့ဖြစ်ခဲ့တာတွေကို ဒီနေရာမှာ မပြောပြချင်ရင် လည်း ခဏနေဦး၊ ဒီအခမ်းအနားပြီးတာနဲ့ တစ်နေရာရာမှာ ငါတို့ သူငယ်ချင်းတွေ အေးအေးဆေးဆေး စကားပြောကြတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အထာကို မျိုးမြင့်က ကျွမ်းပြီးသား။ အတင်းအကျ ကြီး ဆက်မမေးတော့ဘဲ စကားဖြတ်ထားလိုက်၏။

အစ်မဖြစ်သူ၏ မင်္ဂလာအခမ်းအနားပြီးရင်တော့ ကမ်း သာယာခရီးစဉ်နှင့် ကျိန္တလီမှာ ပျော်ရွှင်ခဲ့သော နေ့များအကြောင်း

ပြီးတော့ ငြိမ်းမာမီ ရောက်လာပြီး တစ်ဘဝလုံး ကွဲကွာ စေမည့် အပူရောင်နေ့များကို သူပြောပြဖြစ်ဖို့ သေချာနေ၏။

"ဒါဆို . . . မင်းနဲ့ဝင်နီတို့က တရားဝင်လက်ထပ်ထားပြီး သားပေါ့၊ အဲဒီစာချုပ် မင်းဆီမှာ အခုရှိသေးလား ဇော်လတ်"

"ရှိတယ် မျိုးမြင့်"

"ဒါဆိုရင်တော့ လမ်းစရပြီပဲ၊ ဒီစာချုပ်ကိုင်ပြီး ဒေါက်တာ စောဗလနဲ့ လက်ထပ်ပေးမှာကို မပျက်ပျက်အောင် ဖျက်ရမယ်လေ မင်း ဒီအတိုင်း ဖီလင်ဖြစ်လို့ ပြီးတာမှ မဟုတ်ဘဲကွာ"

မျိုးမြင့်ပြောသည့်စကားအတိုင်း ငြိမ်းဖေဖေကလည်း ကမ်းသာယာမှာ ပြောဖူးခဲ့သည်ပဲ။





"ငါ ဘာမှမလုပ်ဘူးဆိုတာက ငြိမ်းမာမီအကြောင်းကို သိနေလို့ပဲ၊ ငါ့ဘက်က စာချုပ်ကိုင်ပြီး အရေးဆိုတယ်ပဲထားဦး၊ မင်္ဂလာပွဲပျက်ရုံပဲ ရှိမယ်၊ အခုချိန်လောက်ဆိုရင် ငြိမ်းတစ်ယောက် လည်း သူ့မာမီရဲ့ စည်းရုံးဖြားယောင်းမှုအောက်မှာ စိတ်ရောလူပါ ပါ်လျှော့ာင်မိနေလောက်ပြီ သူငယ်ချင်းတို့ရာ"

ငြိမ်းမာမီကြောင့်ပင် မျှော်လင့်ချက်မဲ့ရာစကားကို သူပြော ဖြစ်သည်။

"ဒီလိုနေလို့ မရဘူး၊ စာချုပ်ဟာ သက်သေတစ်ခုဖြစ်သလို အထိရောက်ဆုံး လက်နက်ပဲ၊ နင်တို့ တရားရုံးမှာ လက်မှတ်ထိုးဖြစ် တာကို ဝင်နီ့မာမီ သိချင်မှသိမယ်၊ သိတယ်ထားဦး၊ ဝင်နီက တမင် ပြောတာလို့ ထင်မှာပဲ၊ နင့်ဘက်က အချိန်တွေ အများကြီး ဖြုန်း ခဲ့တာ နှမြောဖို့ကောင်းနေပြီ"

"ဟုတ်တယ် ဇော်လတ်၊ ဒေါက်တာစောဗလဆိုတာလည်း ပညာတတ်ဆရာဝန်တစ်ယောက်၊ တရားဝင်လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ကိုတော့ ဝင်နီ့မာမီရဲ့ စကားအတိုင်း လွယ်လွယ် လက်ခံမှာ မဟုတ်ဘူး"

"ဒီအချက်ကို ငါ မတွက်မိတာ အမှန်ပဲ ခင်မေဝင်း၊ နင် ပြောမှ ငါစဉ်းစားမိတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစောဗလသည် စက်ရုပ်တစ်ရုပ် မဟုတ်။ ပညာ တတ် လူကြီးလူကောင်းဆရာဝန်တစ်ယောက်။ အခုဖြစ်ပျက်ေ သောကိစ္စမှာ ဒေါက်တာစောဗလက သူတို့အတွက် မျှော်ကိုးစေ ကောက်ရိုးမျှင်တစ်ခုနှယ်။

"အဲဒါပြောတာပေါ့ အစောကြီးကတည်းက ငါတို့နဲ့ေ တွေ့သင့်တာ၊ နင့်ဘာသာ ရှုံးကြောင်မူးကြောင်နဲ့ ဗီလင်တွေ ဖွ ဖြစ်နေတာ၊ အခုပုံစံအတိုင်းဆိုရင် ငါကြားတဲ့သတင်းနဲ့ ဆက် ကြည့်လို့ရနေပြီ"

"နင်က ဘာများကြားထားလို့လဲ မော်မော်"

သူငယ်ချင်းတွေကတော့ သူနှင့်ငြိမ်းတို့ ဘုရားမှအဆ တရားရုံးမှာ လက်ထပ်ကြသည်ကို ပြောပြရုံနှင့် ငြိမ်းကို ပြန် နည်းလမ်းတွေအတွက် တိုင်ပင်နေကြပြန်သည်။

"ဒီလို ခင်မေဝင်း . . . ဝင်နီ ဇော်လတ်နောက် လိုက်သွ တာကို နိုင်ငံခြားမသွားခင်ကတည်းက ဒေါက်တာစောဗလ ေ သွားဘူး၊ သူတို့သားအမိချင်း ဝင်နီ့အဖေကိစ္စနဲ့ စကားများကြတ ဒါကြောင့်ပဲ ဝင်နီ့အဖေဆီ သွားတာလို့ ဒေါက်တာစောဗလ ဝင်နီ့မာမီက ပြောခဲ့တာ၊ ဒါကြောင့်လည်း ဝင်နီ့ကို အားချင်းလို ရှာပြီး အရပြန်ခေါ်ခဲ့တာပေါ့"





"ဟုတ်မယ်၊ ဒါကြောင့် ဇော်လတ်အိမ်ကိုလည်း တစ်ခေါက် ပဲလာတယ်၊ ငါတို့ကိုလည်း သိပ်ပြီး မခြိမ်းခြောက်တာနေမှာပေါ့ ဝင်နီလင်နောက်လိုက်ပြေးတာကို ဖုံးဖုံးဖိဖိ လုပ်ခဲ့ကိုင်ခဲ့တာ"

သူငယ်ချင်းတွေ ပြောကြဆိုကြတာတွေက သူ့နည်းသူ့ဟန် ဖြင့် မှန်နေမည်ဆိုတာ သူသိသည်။ ငြိမ်းမာမီကိုတော့ သူ လျှော့ မတွက်ချင်။ ငြိမ်းကို အရပြန်ခေါ်သွားပုံကိုက ပညာတွေပါနေခဲ့၏။

"ဒီစာချုပ်ကိုင်ပြီး ငါပြဿနာရှာတယ်ထားဦး ငြိမ်း တစ်ယောက်လုံးကို သူပြန်ရထားမှတော့ စာချုပ်ကို သူအလေး ထားမှာ မဟုတ်ဘူး၊ ငြိမ်းကိုလည်း ချော့တာတစ်မျိုး၊ ခြောက်တာတစ်မျိုး နဲ့ နည်းပေါင်းစုံသုံးပြီး ကျူးသွင်းပြီးလောက်ရောပေါ့ မော်မော်၊ ဒါကြောင့်မို့ အပိုင်တွက်ပြီး ခရစ်စမတ်မှာ မင်္ဂလာပွဲလုပ်ဖို့အထိ စီစဉ်ရဲတာပေါ့"

"ဘာပဲပြောပြောဟာ ဒီစာချုပ်ကိုင်ပြီး ဒီနှစ်ပတ်အတွင်း မှာ နင် ငြိမ်းမာမီနဲ့ တွေ့ရမယ်၊ ငါတို့ကလည်း ငြိမ်းနဲ့တွေ့ဖို့ နည်း လမ်းရှာမယ်၊ ငြိမ်းမာမီနဲ့ မပြီးဘူးဆိုရင် ဒေါက်တာစောဗလကို နင်ကိုယ်တိုင်တွေ့ပြီး စာချုပ်ပြလိုက်၊ ဖြစ်ခဲ့တာတွေအားလုံးကို ဖွင့် ချပြရမှာပေါ့ဟာ၊ ဒါက အခုလောလောဆယ်မှာ သွေးပူပူနဲ့ စဉ်း စားလို့ရတာပဲ ရှိသေးတာ၊ ခေါင်းအေးအေးထားပြီး စဉ်းစားကြရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီထက်ကောင်းတဲ့ နည်းလမ်းတွေ ရလာနိုင်သေးတယ်"

သူငယ်ချင်းတွေကတော့ သူနှင့်ငြိမ်း ပြန်ပေါင်းရဖို့ အားတက်သရော တိုင်ပင်ပြီး နည်းလမ်းတွေရှာကြသည်။

သူတို့ပြောသလိုလုပ်ရင် မင်္ဂလာပွဲပျက်ရုံ၊ ငြိမ်းစိတ်ဆင်းရဲရုံသာရှိပြီး ဒီဘဝမှာတော့ ငြိမ်းနှင့်ပြန်ပေါင်းခွင့်ရဖို့ လမ်းမမြင်။

ငြိမ်းမာမီ၏ အတ္တမာနများက ကြောက်ဖို့ကောင်းလောက်အောင် အစွမ်းသတ္တိရှိကြောင်း သူကိုယ်တိုင် မျက်ဝါးထင်ထင် ကြုံတွေ့ခဲ့ရသည်ပဲလေ။

[ ၂ ]

ကမ်းသာယာမှာနေပြီ ကျိန္တလီကို ထွက်ဖြစ်တော့ မနက်ကိုးနာရီထိုးနေပြီ။

ဂျစ်ကားလေးကို ငြိမ်းဖေဖေကိုယ်တိုင် မောင်းပြီး ရှေ့ခုံမှာ ဒေါ်မာလာဆွေက ထိုင်၏။

သူနှင့်ငြိမ်းကတော့ နောက်ထိုင်ခုံမှာ ထိုင်သည်။

ပင်လယ်ကမ်းခြေတစ်လျှောက်မှာပင် ကားလေးက ငြိမ့်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်လေး ပြေးနေ၏။

သူ့စိတ်ထဲမှာတော့ ငြိမ်းမာမီ၏အန္တရာယ်တွေ ကင်းဝေးပြီ . . . ဟု အပျော်ကြီး ပျော်နေ၏။

ကျိန္တလီသို့ သွားရာခရီးကိုလည်း သူတို့နှစ်ယောက်၏ ပျားရည်ဆမ်းခရီးဟု မှတ်ယူမိပြန်သည်။

"ဖေဖေမေးချင်သေးတယ် ငြိမ်း"

"ဘာများလဲ ဖေဖေ"

"အခြားတော့ မဟုတ်ဘူး၊ ဒေါက်တာစောဗလနဲ့ ပတ်သက်တဲ့ကိစ္စပါပဲ၊ စောဗလဆိုတဲ့လူငယ်က မိမဲ့ဖမဲ့တစ်ယောက်ပဲ၊ ဖေဖေရှိစဉ်ကတည်းက သူ့ကို အယ်နီက မွေးစားသားလိုထားခဲ့တာ၊ ဒါပေမဲ့ စောဗလက မန္တလေးမှာနေရတာ၊ ဒီသူငယ်က ကြိုးစားတယ်၊ ရိုးလည်း ရိုးသားတာ အမှန်ပဲ သမီး၊ စောဗလဟာ ငြိမ်းမာမီ ဖြစ်ချင်သမျှတွေကို အပတ်တကုတ်နဲ့ ကြိုးစားခဲ့တဲ့ သူငယ်ပဲ"

"ဦးစောဗလကိုတော့ သမီး ခင်ပါတယ်၊ သူ့စိတ်ထဲမှာလည်း ငြိမ်းကို ညီမလေးတစ်ယောက်လို ဂရုစိုက်ပြီး သံယောဇဉ်ရှိတာ သမီးအသိဆုံးပဲ၊ ဇော်နဲ့လူငယ်ချင်း ချစ်ကြတာကို မာမီသိသွားတော့ ဦးစောဗလနဲ့ အနေနီးအောင်ဆိုပြီး မာမီက မန္တလေး





မှာ ကျောင်းတက်ခိုင်းခဲ့သေးတယ်"

ငြိမ်းတို့သားအဖနှစ်ယောက်ကတော့ ဒေါက်တာစောဗလနှင့် ပတ်သက်ပြီး အချင်းချင်းပြောဆိုနေကြ၏။

သူနှင့်ဒေါ်မာလာဆွေတို့ကတော့ နားထောင်ရုံသက်သက်မျှသာ။

တကယ်တမ်းတွေးကြည့်တော့ ငြိမ်းမာမီ စီမံသမျှ ဇာတ်လမ်းမှာ ဒေါက်တာစောဗလက နယ်ရုပ်လေးတစ်ခုပမာ။

သူတို့တွေ၏ အသုံးချကစားမှုကို ခံရသ(ပု ငြိမ်းမာမီ၏ အရွှေ့အပြောင်း ကစားကွက်ကလည်း မလွတ်ခဲ့ပေ။

"သူ အခု မြန်မာပြည်မှာ မရှိဘူး မဟုတ်လား"

"ဟုတ်တယ် ဖေဖေ၊ ဒီနေ့ဆို သူ ဂျပန်သွားပြီ"

"သမီးမာမီကတော့ သမီးပျောက်သွားတာနဲ့ ပတ်သက်ပြီး စောဗလမသိအောင် ဖုံးမှာ သေချာတယ်၊ ပြီးတော့ သူက သမီးတို့ လက်ထပ်မယ့် ခရစ်စမတ်အမီ ပြန်ရောက်လာမယ့်သူ မဟုတ်လား"

"သူသွားတာ တစ်လခရီးပါပဲ ဖေဖေ"

ငြိမ်းတို့တွေကသာ ရမ်းပြောနေရခြင်း ဖြစ်၏။

ဒေါက်တာစောဗလအနေနှင့် အပြင်အတူသွားပြီး ငြိမ်းပျောက်ဆုံးမှုအပေါ် စဉ်းစားစရာဖြစ်နေမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတွေအားလုံးကို နိုင်ငံခြားခရီး မသွားမီ သိသွားခဲ့ရင်လည်း သိသွားပေလိမ့်မည်။

"နေဦး သမီး . . . သမီးနဲ့ မောင်ဇော်လတ်တို့ရဲ့ အခြေအနေကိုရော စောဇလက မသိဘူးလား"

"မသိဘူး ဖေဖေ၊ သမီးကလည်း ကိုယ့်အကြောင်းနဲ့ကိုယ်မို့ စကားမဟာဖြစ်ဘူး၊ မာမီကတော့ အစလုံးဝမထွက်အောင် အတတ်နိုင်ဆုံး ဖုံးဖိထားမှာပေါ့ ဖေဖေ"

ပင်လယ်ကမ်းစပ်နှင့် ကားလမ်းသည် တစ်စစဝေးလာသလို ရှိ၏။

ကျိန္တလီအဝင် ကျိန္တလီချောင်းတံတားကိုဖြတ်တော့ . . . ကျိန္တလီ၏ ပါးစပ်ရာဇဝင်တစ်ခုကို ဒေါ်မာလာဆွေက ပြောပြပြန်၏။

"တကယ်တော့ ကျိန္တလီဆိုတာ ကိန္နရီ ကန္နရာက ဆင်းသက်လာတာလို့ လူကြီးတွေက ပြောကြတယ်၊ ဒီကျိန္တလီချောင်းမှာ ဟိုတုန်းက ကိန္နရီမောင်နှံတွေ ပျော်မြူးကျက်စားခဲ့ရာ ချောင်းကြီးပဲ၊ ကိန္နရီကို အစွဲပြုပြီး ကာလရွေ့လျောလာတော့ ကျိန္တလီ ဖြစ်လာခဲ့တာ"

ကျိန္တလီအဝင်မှာပင် ဒေသအလိုက်ရှိနေတတ်သော





ဒဏ္ဍာရီပုံပြင်ဆန်ဆန်အဖြစ်ကို ကြားရပြန်သည်။

ကျိန္တလီသည် လမ်းမှာတွေ့ခဲ့ရသော ကမ်းသာယာလို ပင်လယ်ကမ်းစပ်နားမှာ တည်ထားခြင်းတော့ မဟုတ်။

ပင်လယ်ကမ်းစပ်နှင့် မလှမ်းမကမ်း ကုန်းတွင်းမှာ တည်ထားသော မြို့တစ်မြို့ဖြစ်နေပြန်၏။

ကျိန္တလီရောက်တော့ အလုပ်ကိစ္စနှင့် သူတို့အနားမှာ ရှိမနေပြန်။ ဒေါ်မာလာဆွေကို အဖော်အဖြစ် ထားရစ်ခဲ့၏။

"ဒီအိမ်နဲ့ဒီခြံလေးက အန်တီတို့ မိဘပိုင်ပဲ၊ အခုတော့ ဟိုအဆောင်လေးမှာ အဒေါ်ဖြစ်သူတို့ နေကြတယ်လေ၊ ဒီအိမ်ကြီးတော့ သူတို့စောင့်ရှောက်ထားတာ၊ ကျိန္တလီကိုရောက်တိုင်း ဒီအိမ်ကြီးမှာပဲ အန်တီနဲ့ အစ်ကိုကြီးတို့ တည်းကြတယ်"

"ဒါဆိုရင် ကျိန္တလီမှာရှိနေတုန်း ကျွန်တော်တို့တစ်တွေ နေကြရမှာပေါ့နော်"

"ဒါပေါ့ . . . မောင်ဇော်လတ်တို့နှစ်ယောက် လွတ်လွတ်



www.burmeseclassic.com

www.burmeseclassic.com



လပ်လပ် ကြိုက်သလိုနေ၊ လိုအပ်တာရှိရင် အိမ်စောင့်အဒေါ်ကြီးကို လှမ်းခေါ်ပေါ့"

"နေပါဦး အန်တီ . . . ဖေဖေက ကျိုက္ကလိမှာ နှစ်ရက်သုံးရက် နေပြီး ကမ်းသာယာပြန်မယ်၊ အန်တီက ဒီမှာကျန်ခဲ့မှာ မဟုတ်လား၊ ဒီအိမ်မှာပဲ သမီးတို့အားလုံး နေကြရမှာ မဟုတ်လား"

"မဟုတ်ဘူး ငြိမ်း၊ မင်းတို့နှစ်ယောက်တည်း နေဖို့စီစဉ်ထားတာ၊ အန်တီတို့က တည်းစရာအိမ်တွေ အများကြီးပါပဲ"

အခြေအနေကို သဘောပေါက်သွားပုံရသောကြောင့် နေခြင်းထိုင်ခြင်းကိစ္စနှင့်ပတ်သက်ပြီး ငြိမ်း ထပ်မပြောတော့ပေ။

မနက်စာစားကြတော့လည်း သူတို့နှင့်အတူ အန်တီမာလာဆွေ ရှိနေတာကလွဲလို့ ငြိမ်းဖေဖေကို မမြင်ရ။

ညနေစာ စားကြပြန်တော့လည်း ဒီနည်းပင်။

"ဦးကိုလည်း မမြင်ပါလား အန်တီ၊ ဦးတစ်ယောက် ဒီလိုပဲ ကျိုက္ကလိ ရောက်လာရင် ဒီလိုပဲ အလုပ်ရှုပ်တတ်လို့လား"

"ဒီတစ်ခေါက်ကတော့ အလုပ်ကိစ္စရော၊ မနက်ဖြန်ပွဲအတွက်ပါ စီစဉ်နေရတာလေ"

"ဘာပွဲများလဲ အန်တီ"

"ဘင်္ဂလားပင်လယ်အော်ထဲမှာရှိတဲ့ ရမ္မာကျွန်းကို လှေတွေ





နဲ့သွားကြမယ်၊ ရမ္မာကျွန်းပေါ်မှာ မောင်ဇော်လတ်နဲ့ငြိမ်းတို့အတွက် မင်္ဂလာအမှတ်တရပွဲလေး လုပ်ပေးရမယ်တဲ့၊ စားဖို့သောက်ဖို့ ကိစ္စ၊ စက်လှေကိစ္စ၊ လူတွေကို ဖိတ်တဲ့ကိစ္စတွေနဲ့ အလုပ်ရှုပ်နေရတာလေ"

"မှတ္တလား ဇော် . . . ဖေဖေက ဘယ်လောက် တာဝန်ကျေလိုက်သလဲလို့"

"ရမ္မာကျွန်းက သာယာတယ်၊ ဧည့်သည်တွေ ရောက်လာရင် အဲဒီကျွန်းကို အုပ်စုဖွဲ့ပြီး လိုက်ပို့ကြတာ၊ ပျော်ပွဲစားသဘောမျိုးပေါ့ကွယ်"

ကျိုက္ကလိသူ၊ ကျိုက္ကလိသားတို့၏ အမွှမ်းတင်ရာ လှပသော ရမ္မာကျွန်းပေါ်မှာ သူတို့နှစ်ယောက်၏ မင်္ဂလာပွဲလေးကို လုပ်ပေးဦးမည်တဲ့။

ငြိမ်းဖေဖေကိုတော့ ကျေးဇူးတင်ပြီးရင်း တင်ရင်း ဖြစ်နေရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ညနေစာစားပြီး အလင်းရောင် မပျောက်ခင်မှာပင် ကျိန္တလီမြို့တွင်းမှာ လမ်းလျှောက်ဖြစ်သည်။ သူတို့နှင့်အတူ ဒေါ်မာလာဆွေပါ ပါ၏။

လမ်းလျှောက်ရင်းကပင် ကျိန္တလီ၏ အထင်ကရ တစ်ခု ဖြစ်သော ပုဂ္ဂလိကပရဟိတ လူအိုရုံစခန်းကို ဝင်ကြည့်ဖြစ်ကြသည်။

ဒီလိုအရပ်ဒေသမျိုးမှာ အဘိုးအဘွားတွေအတွက်လည်း တည်းခိုနားနေရာကို လူငယ်တစ်ယောက်ဖြစ်သော ကိုကျော်စိုး လင်းက ဦးစီးပြီး လုပ်ကိုင်နေ၏။ ကိုကျော်စိုးလင်းမှာ ကျောင်းပြီး လူငယ်တစ်ယောက်ပင်။

လူအိုရုံမှာ မာသာထရီဇာ၏ပုံပန်းချီကားကို ချိတ်ဆွဲထား သည်။ သူ့ဘဝမှာ မာသာထရီဇာကို အားကျလွန်း၍ ပရဟိတ လုပ်ငန်းတွေကို တတ်အားသရွေ့ လုပ်ကိုင်နေခြင်း . . ဟု ရည်ရွယ် ချက်ကို ရှင်းပြသည်။

"ဖော် . . . အဘိုးအဘွားတွေအတွက် မင်္ဂလာအထိမ်း အမှတ်အနေနဲ့ ငွေတစ်သောင်းလှူရအောင်နော်"

"ကောင်းတာပေါ့ ငြိမ်း"

လူအိုရုံမှ ပြန်ထွက်လာကြပြီး လမ်းတစ်လျှောက်မှာပင် ဒေါ်မာလာဆွေက သူ့ခံစားချက်တချို့ကို ပြောပြပြန်၏။





"အန်တီ့စိတ်ထဲမှာ မတင်မကျဖြစ်နေတာ ရှိတယ် ငြိမ်း၊ တကယ်တော့ ငြိမ်းတို့မိသားစု ငြိမ်းမာမီကြောင့်ပဲ မဖြစ်သင့်ဘဲ တကွဲတပြားနေခဲ့ကြရတာ၊ အစ်ကိုကြီး ကမ်းသာယာကို ရောက်လာ တယ်၊ လုပ်ငန်းလုပ်ရင်းက ကျိန္တလီနဲ့ လူးလာခေါက်ရင်း အန်တီနဲ့ တွေ့တယ်ဆိုပါတော့လေ၊ တကယ်ဆိုရင် ဥပဒေနဲ့အညီ ငြိမ်းမာမီနဲ့ အစ်ကိုကြီးတို့ ပြတ်ပြတ်စဲစဲ ဖြစ်ကြခဲ့တာ မဟုတ်ဘူး၊ ငြိမ်းနဲ့ဆို ငြိမ်းဖေဖေက အဆက်အသွယ်ရှိခဲ့တယ်၊ အန်တီဆွေမျိုးတွေရော ကျိန္တလီကလူတွေအားလုံးက ပထမအိမ်ထောင်နဲ့ တရားဝင်ပြတ် ပြတ်စဲစဲဖြစ်ပြီးသားလို့ပဲ ထင်နေကြတာလေ"

"မာမီနဲ့ ဖေဖေက ဒီဘဝမှာ ဘယ်လိုနည်းနဲ့မှ ပြန်ပေါင်း လို့ မရတော့တဲ့ အခြေအနေပါ၊ ဖေဖေ့အနားမှာ အန်တီရှိနေပေး တာကိုပဲ ငြိမ်းတို့က ကျေးဇူးတင်ရမှာ"

"ငြိမ်းတို့လူငယ်တွေရဲ့ နားလည်ပေးမှုကိုတော့ အန်တီ ကျေးဇူးတင်ပါတယ်၊ ငြိမ်းရဲ့မာမီ ရောက်လာမှာ၊ အစ်ကိုကြီးနဲ့ ပြန်ပြီး မျက်နှာချင်းဆိုင်ဖြစ်မှာကို ငြိမ်းတို့လိုပဲ အန်တီလည်း အလိုလို တွေးကြောက်နေမိတယ်၊ ဒီကိစ္စကို၊ အစ်ကိုကြီး မသိပါဘူး၊ အန်တီစိတ်ထဲမှာ ငြိမ်းတို့ရောက်လာတကည်းက တစ်ယောက် တည်း ခံစားနေခဲ့မိတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာဆွေကတော့ ငြိမ်းဖေဖေနှင့် ပတ်သက်ပြီး ဒုတိယလူမို့ အစိုးရိမ်လွန်နေတာ ဖြစ်နိုင်ကောင်း၏။

ငြိမ်းကတော့ ဒေါ်မာလာဆွေကို နှစ်သိမ့်လေ၏။

"ရောက်လာတော့လည်း ဘာဖြစ်လဲ အန်တီရယ်၊ အန်တီနဲ့ ဖေဖေတို့က တရားဝင်ပေါင်းသင်းနေထိုင်ကြတာပဲ၊ ဒါကို မာမီလည်း သိနေတာပဲ"

"မဟုတ်သေးဘူး ငြိမ်း၊ သူတို့ချင်းက တရားဝင်ပြတ်စဲထားကြတာ မဟုတ်ဘူး၊ ပြီးတော့ ငြိမ်းကိစ္စနဲ့ပတ်သက်ပြီး သူတို့ချင်း ပြန်အဆင်ပြေသွားခဲ့ရင်ဆိုတဲ့ အတွေးလေ"

"မဖြစ်နိုင်ဘူး အန်တီ၊ မာမီနဲ့ဖေဖေက ဘယ်တော့မှ သဘောထားချင်း ညီလို့ရမှာ မဟုတ်ဘူး၊ မာမီရဲ့ အတ္တမာနတွေကြောင့် ဖေဖေတင်မကဘူး၊ ငြိမ်းတို့နှစ်ယောက်ပါ အခုအနေအထားထိ ရောက်ခဲ့ကြရတာလေ"

သူတို့တည်းခိုရာ အိမ်ပေါ်သို့ ရောက်လာသောကြောင့် စကားပြတ်သွား၏။

ဒေါ်မာလာဆွေ ပြန်သွားတော့ အမှောင်ပင် သန်းနေပြီ။ မီးရောင်အတွက် မောင်းနှင်ထားသော အင်ဂျင်စက်သံများ ကြားမှာပင် ငြိမ်းကို ပြောလိုက်မိ၏။





"ဒီညကိုတော့ ဇော်တို့နှစ်ယောက် နောက်ကျောလုံလုံနဲ့ ငြိမ်းချမ်းစွာ ဖြတ်သန်းခွင့်ရတော့မယ် ငြိမ်း၊ တကယ်တော့ ဒီနေ့မှ ဇော်တို့ရဲ့ မင်္ဂလာဦးညပဲနော်"

"ဇော်ကလည်းကွာ ဘာတွေ ပြောနေမှန်း မသိပါဘူး၊ တော်ကြာ မနက်ဖြန်အစီအစဉ်အတွက် ပြောဖို့ဆိုဖို့ ရောက်လာရင် ရောက်လာနေဦးမှာ"

"မှောင်မှတော့ မလာတော့ပါဘူး ငြိမ်းရာ၊ ယောက္ခမကြီးက အလိုက်သိလွန်းလို့ ဇော်တို့နှစ်ယောက်ကို လွတ်လွတ်လပ်လပ် နေခွင့်ပေးထားတာပဲ၊ လမ်းလျှောက်လိုက်တာရော၊ ထမင်းစိတ်ဘက်တာရော, ရောထွေးပြီး မျက်လုံးမှေးချင်လာပြီ ငြိမ်း"

ပြောရင်းဆိုရင်းကပင် ငြိမ်းကို ညင်သာစွာ ပွေ့ဖက်လိုက်၏။

ငြိမ်းကတော့ ရှက်စဖွယ်အပြုအမူအဖြစ် သူ့ကျောပြင်ကို လက်သီးဆုပ်လေးဖြင့် ခပ်ဖွဖွလေး ထုနေပြန်သည်။

www.burmeseclassic.com

# [၃]

မျိုးမြင့်ယူလာပေးသော မင်္ဂလာဆောင်ဖိတ်စာကို ကြေကွဲစွာ ကြည့်မိသည်။ ဒီဇင်ဘာနှစ်ဆယ့်ငါးရက်နေ့ဆိုတော့ ကြားထဲမှာ ဆယ့်သုံးရက်သာ အချိန်ရှိတော့၏။

ကမ်းသာယာမှ ပြန်ရောက်လာပြီး သူရှောင်ထွက်သွားသော အချိန်များကို နှမြောနေမိသည်။ သူ့ကိုယ်သူလည်း ဘာဆက်လုပ်ရမှန်း တွေးမရတာလည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်တည်းသဘောနှင့်ဆိုလျှင် ငြိမ်းကို ဆုံးခဲ့ပြီးသား . . . ဟု မှတ်ယူမိသည်ပဲ။

"ဘာမှ တွေးမနေနဲ့တော့ ဇော်လတ်၊ လက်ထပ်စာချုပ်ပြဖို့ ဝင်နီ့မာမီနဲ့ တွေ့ဖို့ ကြိုးစားပေတော့၊ အဲဒါမှ အဆင်မပြေရင် ဒေါက်တာစောဗလနဲ့ ထိပ်တိုက်ရှင်းလိုက်ရုံပဲ ဇော်လတ်"

"ငါတို့ စဉ်းစားတဲ့အထဲမှာတော့ ဒီနည်းလမ်းနှစ်ခုဟာ အကောင်းဆုံးပဲ၊ ဝင်နီ့မာမီနဲ့ တွေ့တဲ့အခါမှာရော၊ ဒေါက်တာစောဗလနဲ့တွေ့တဲ့အခါမှာရော နင် သတ္တိရှိဖို့တော့ လိုတယ်၊ ဝင်နီကို ပြန်ရရမယ်ဆိုတဲ့စိတ်နဲ့ သွားတွေ့မှဖြစ်မှာ၊ နင် စိတ်ပျော့နေရင်တော့ ခံရမှာ သေချာတယ်"

သူ့အိမ်သို့ မျိုးမြင့် အရင်ရောက်လာသည်။ ခင်မေဝင်းထပ်ရောက်လာတော့ လွတ်လွတ်လပ်လပ်ကိုင်ပင်လို့ရအောင်ဆိုပြီး လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့ကြ၏။

"ငါ သတ္တိရှိတယ်၊ ငါသေသေချာချာ စဉ်းစားပြီးပြီ၊ ငြိမ်းကို ပြန်ရအောင် ငါလုပ်မယ်၊ ဒေါ်အယ်နီကိုရော၊ ဒေါက်တာစောဗလကိုပါ ငါရင်ဆိုင်မယ်"

"မင်း ကမ်းသာယာဓာ ပြန်ရောက်လာကတည်းက ဒီလိုစိတ်မျိုးဖြစ်ခဲ့ရင် ဒီဖိတ်စာတွေတောင် ဝေတဲ့အခြေအနေရောက်မှာ





မဟုတ်ဘူး"

"ပြီးခဲ့တဲ့ကိစ္စတွေအတွက် ပြန်ပြောမနေနဲ့တော့ မျိုးမြင့်၊ ဇော်လတ် သွားတွေ့တဲ့အခါ ငါတို့သုံးယောက်စလုံးပါ လိုက်သွားဖို့ လိုမယ်"

"ငြိမ်းမာမီကတော့ ငါတို့ ထိုးစစ်ဆင်တာတွေကို သမာတဲ့နည်းရော မသမာတဲ့နည်းရော သုံးမှာပဲ၊ တို့ပါလာရင် မင်းတို့ကိုပါ ဆွဲထည့်မှာစိုးရတယ်၊ ငါ့ကိစ္စကို ငါဘာသာ ရှင်းပါ့မယ်"

"ဘယ်ဟုတ်မလဲ ဇော်လတ်ရာ၊ အခုကိစ္စမှာ ငါတို့က သက်သေတွေပဲ၊ ဒေါ်အယ်နီအနေနဲ့ မသမာတဲ့နည်းပဲ သုံးတယ်ထားဦး၊ မင်းမှာ လက်ထပ်စာချုပ်ကြီး ရှိနေတာပဲ၊ တရားနည်းလမ်းကျကျနဲ့ ဖြေရှင်းကြရင် သူတို့ ဘာမှ တတ်နိုင်မှာ မဟုတ်ပါဘူး"

သူငယ်ချင်းတွေကတော့ နောက်မဆုတ်တမ်း သူနှင့်ကျော်ချင်းကပ်ဖို့ အသင့်ရှိနေသည်။ ငြိမ်းတစ်ယောက်ရော ဘယ်လိုနေမည်မသိ။ ငြိမ်းမာမီ၏ ပိတ်လှောင်မှုတွေကြားမှာ အားငယ်စိတ်ပျက်နေမည်လား။

"ငြိမ်းဆန္ဒသဘောထားကရော အခုချိန်မှာ ဘယ်လိုရှိနေမလဲ မပြောတတ်ဘူး၊ ငြိမ်းရဲ့သတင်းအစနကို မော်မော် စုံစမ်းတာ မရသေးဘူးနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သတင်းထူးတာနဲ့ ငါတို့ဆီ သူလာမှာပဲ၊ မော်မော်အလာ ကို ငါတို့ စောင့်ကြတာပေါ့၊ မော်မော်ရောက်လာတာနဲ့ ဒေါ်အယ်နီ ကို အားချင်း သွားတွေ့ကြတာပေါ့"

သူ့စိတ်ထဲမှာတော့ အခုချက်ချင်း ထိုင်ရာမှ ထပြီး ပြေး ထွက်လိုက်ချင်၏။

မမြင်ရ မတွေ့ရသော ငြိမ်းကိုလည်း တွေ့ချင်လွန်းလှပြီ။

"ဟာ . . . ငြိမ်းရဲ့ဖေဖေပါလား"

"ဟုတ်လား၊ ပုံသဏ္ဍာန်ကြည့်ရတာ မင်းတို့အိမ်က ပြန်လာ တာနဲ့ တူတယ်"

လက်ဖက်ရည်ဆိုင်က သူတို့လမ်းထိပ်မှာ ရှိပေမယ့် လမ်း ထဲဝင်သွားတုန်းက အမှတ်တမဲ့မို့ သတိမထားဖြစ်လိုက်ပေ။

ထိုင်ရာမှထပြီး . . . လှမ်းခေါ်မည်အပြုတွင် ဆိုင်ထဲသို့ ငြိမ်းဖေဖေ ဝင်လာ၏။

"ဦး . . . ကျွန်တော့်ဆီ လာတာလား"





"ဟုတ်တယ် မောင်ဇော်လတ်၊ အားချင်းလိုက်လာချင်ပေ မယ့် မာလာရဲ့ကျန်းမာရေးက ရှိသေးတယ်၊ အယ်နီမွေ့လို့ မာလာ လည်း အိပ်ရာထဲ လဲတော့တာပဲ၊ မေမေတို့အိမ်မှာ မာလာကို မနည်းပြောပြီးထားခဲ့ရတာ"

"အန်တီက ဘာဖြစ်တာလဲ ဦး"

"သူ့မှာ နှလုံးရောဂါအခံ ရှိနေတယ်၊ ဟိုမှာ ကုတာလည်း သိပ်မထူးခြားဘူး၊ သူ့စိတ်ထဲမှာ မင်းတို့နှစ်ယောက်အတွက်ရော၊ ဒီပြဿနာတွေကြားမှာပဲ ဦးနဲ့အယ်နီတို့ ပြန်အဆင်ပြေသွားမှာဆိုတဲ့ စိုးရိမ်ကြောင့်ကြမှုတွေ ကဲနေတော့ ပိုဆိုးတာပေါ့၊ နည်းနည်းသက် သာသလိုရှိလို့ ရန်ကုန်တက်ပြီး အထူးကုနဲ့ ပြမလို့လေ"

"ဦး ဒါ ကျွန်တော့်သူငယ်ချင်း၊ ငြိမ်းရဲ့ သူငယ်ချင်းတွေပဲ၊ သူက မျိုးမြင့်၊ သူက ခင်မေဝင်းတဲ့၊ မော်မော်ဆိုတဲ့ သူငယ်ချင်း တစ်ယောက်လည်း ကျန်သေးတယ်၊ ကျွန်တော်တို့ ငါးယောက်က ဆယ်တန်းကတည်းက အတူတူတွဲဖြစ်ခဲ့ကြတာ"

"တွေ့ရတာ ဝမ်းသာတယ်၊ ဒါနဲ့ နေပါဦး၊ မင်းက ဆေးရုံ တွေ ဘာတွေတက်ရပြီး နောက်ထပ် ဘာသတင်းမှ မရတော့ဘူးလို့ မေမေတို့ ပြောပါလား၊ အခုဆိုရင် ခရစ်စမတ်နေ့မှာ မင်္ဂလာပွဲ လုပ်ဖို့ အယ်နီက ဖိတ်စာတွေတောင် ဝေနေပြီဆို၊ ဘာတွေဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ မင်းက ဒီတိုင်းကြီး ငြိမ်နေတော့မှာလား မောင်ဇော်လတ်"

"ဦးအပြစ်ပြောလည်း ခံရမှာပဲဦး၊ ကျွန်တော့်စိတ်တွေ ဘာဖြစ်သွားမှန်း မသိဘူး၊ ငြိမ်းကို ဆုံးရှုံးရပြီလို့ အတွေးဝင်ရုံတင် မကဘူး၊ ဒေါ်အယ်နီ ချသုံးခဲ့တဲ့အကွက်တွေကို ကြည့်ပြီး အရမ်း ကြောက်သလို၊ လက်မြှောက်အရှုံးပေးတဲ့စိတ်တွေ ဖြစ်ခဲ့မိတယ် ဒါကြောင့်ပဲ ရန်ကုန်ကနေ ကျွန်တော်ပျောက်သွားခဲ့တာ၊ ကျွန်တော် အစ်မ မင်္ဂလာဆောင်ကြောင့် ကျွန်တော် ပြန်ရောက်လာတာ ရက်ပိုင်းပဲ ရှိသေးတယ်၊ အခုမှ သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီး ဒေါ်အယ်နီနဲ့တွေ့ဖို့ လုပ်နေကြတာ"

"မြန်မြန်တွေ့လေ မောင်ဇော်လတ်၊ မင်းတို့"လက်ထပ်ထား တဲ့စာချုပ်၊ ငြိမ်းနောက်ကို ပါသွားလား၊ ငြိမ်းကတော့ ဒီအကြောင်း ကို မပြောဘဲနေမှာ မဟုတ်ဘူး"

"စာချုပ်နှစ်စောင်စလုံး ကျွန်တော့်လက်ထဲမှာ ကျန်ခဲ့ ခဲ့တယ် ဦး၊ ဒေါ်အယ်နီနဲ့ တွေ့လို့ ကိစ္စမပြတ်ဘူးဆိုရင် ဒေါက်တာ စောဗလနဲ့ ဆက်တွေ့မှာ"

"အယ်နီကတော့ ကလိမ်ကကျစ်ဉာဏ်တွေ သုံးမှာပဲ၊ အထင်ပြောရရင် သူနဲ့ပြတ်မှာ မဟုတ်ဘူး၊ စောဗလနဲ့ တွေ့ တွေ့မှဖြစ်မယ်၊ ဒီနည်းလမ်းမှ မရရင်တော့ တရားဥပဒေအ





ဆက်လုပ်ရမှာပဲ၊ သမီးလေးခမျာတော့ အယ်နီ့လက်ထဲမှာ စိတ် ဆင်းရဲ၊ ကိုယ်ဆင်းရဲနဲ့ အကျဉ်းသားဘဝလို နေရမှာ သေချာတယ်၊ အယ်နီကတော့ လူတွေအားလုံး စိတ်ဒုက္ခဖြစ်အောင် တစ်ယောက် တည်းနဲ့ မွှေချင်တိုင်း မွှေနေတော့တာပဲ"

ငြိမ်းဖေဖေပါ ရောက်လာပြီဆိုတော့ သူ့အတွက် ပိုအား ရှိသွားသည်။

ငြိမ်းတစ်ယောက် ကိုယ်ရောစိတ်ပါ လွတ်မြောက်ဖို့ သူ သတ္တိ ရှိရတော့မည်။

မည်သည့်အခက်အခဲ အတားအဆီးကိုမဆို ရင်ဆိုင်ကျော် လွှားဖို့ ရဲရဲဆုံးဖြတ်လိုက်၏။

ဆေးခန်းပြချိန်နီးလာ၍ ငြိမ်းဖေဖေ ထပြန်ခါနီးမှ ဆိုင် ထဲသို့ မော်မော် ဝင်လာသည်။

မော်မော်က ငြိမ်းဖေဖေ ရှိနေသည်ကိုပင် ဂရုမထား ဘဲ ရရှိလာသည့် သတင်းထူးကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝင်နီနဲ့ လူချင်းမတွေ့ဖြစ်ပေမယ့် ငါ့နည်းငါ့ဟန်နဲ့ အဆက်အသွယ်ရသလို စာတစ်စောင်လည်း ရလာခဲ့တယ်"

"ပြောစမ်းပါဦး နင် ဘယ်လို အဆက်အသွယ်ရခဲ့တာလဲ"

"ဒီလိုဟာ . . . ငါ နည်းအမျိုးမျိုး ကြံကြည့်တယ်၊ ဘယ်လိုမှ မရဘူး၊ ဝင်နီ့ကိုတင် မဟုတ်ဘူး၊ ဝင်နီတို့အိမ်မှာရှိတဲ့ လူတွေကိုပါ အကျဉ်းချထားသလို ဝင်နီ့မာမီက လုပ်ထားတာ၊ ငါတို့အိမ်မှာ အဝင်အထွက်လုပ်ဖူးတဲ့ အီးပီစီက မီးပြင်သမားတွေနဲ့ ဝင်နီတို့ လမ်းထိပ်မှာ တွေ့တာ၊ စကားပြောကြည့်ရင်းကနေ ဝင်နီတို့အိမ်မှာ ဝါယာရှော့ဖြစ်ပြီး ကြိုးတွေပြန်လဲမလို့ဆိုတာ သိရတယ်၊ ဒါနဲ့ . . . ငါနဲ့ ရင်းနှီးတဲ့ ဦးလေးကြီးကို အကျိုးအကြောင်းပြောပြီး အကူအညီတောင်းရတာ၊ သူတို့အဖွဲ့အတွက်လည်း ငါ မုန့်ဖိုး ပေးလိုက်တယ်၊ ငါတို့လုပ်မယ့် အစီအစဉ်တွေကိုလည်း ပြောပြလိုက်တယ်"

စကားပြောရင်းက အမောဖြေရင်း အအေးတစ်ခွက် မော်မော် သောက်လိုက်သေးသည်။

အဓိက သူသိချင်သောအကြောင်းကို မေးလိုက်မိသည်။

"ငြိမ်းရော နေကောင်းရဲ့လား မော်မော်"

"ဝင်နီ့ကို ငယ်ငယ်ကတည်းက ကြည့်ခဲ့တဲ့ အဘွားကြီး





အဆက်အသွယ်လုပ်ပေးတာ၊ ဝင်နီကတော့ အစားအသောက် ဖြတ်တယ်၊ ဒါကြောင့် အားနည်းပြီး နေမကောင်းဖြစ်သေးတယ်၊ အခုတော့ ကောင်းနေပါပြီ၊ ဝင်နီနဲ့ ဝင်နီ့မာမီတို့ နေ့တိုင်းလိုလို စကားတွေ အချေအတင် ပြောဖြစ်ကြတယ်၊ ဝင်နီက အလျှော့အတင်းတွေ လုပ်သလို ဝင်နီ့မာမီကလည်း အလျှော့အတင်းတွေ လုပ်နေကြတယ်"

မော်မော်ပြောသော စကားများကို နားထောင်ရင်းကပင် ငြိမ်းဒေါက်တာ သနားစိတ်ပိုနေမိသည်။

ငြိမ်းကတော့ သူ့မာမီ၏ ကျော့ကွင်းပရိယာယ်များကို ကြုံကြွခဲ့ပြီး တွန့်လှန်နေတာ သေချာနေ၏။

"နေပါဦး သမီး၊ စောစောက သမီးစပြောတုန်းက သမီးလေး ငြိမ်းက စာတစ်စောင် ပေးလိုက်တယ်ဆိုတာ ပါတယ်၊ အဲဒီစာက . . ."

"ဟုတ်သားပဲ၊ မီးသမားတွေ ပြန်ခါနီးမှာ အဘွားကြီးက တစ်ဆင့် ကပ်ပေးလိုက်တာ၊ ငါတို့လုပ်မယ့်ကိစ္စတွေကိုလည်း အဘွားကြီးတစ်ဆင့်ပဲ ဝင်နီ သိသွားခဲ့ပြီ"

စကားပြောရင်းကပင် သူ့လက်ထဲသို့ စာအိတ်လှမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်ဖတ်ကြည့်ပါဦး မောင်ဇော်လတ်"

ငြိမ်းဖေဖေကလည်း ငြိမ်းရေးထားသည့်အကြောင်းအရာများကို စိတ်ဝင်စားနေ၏။

စာအိတ်ကို ဖောက်ပြီး အားလုံးမြင်သာအောင် သူဖတ်ကြည့်လိုက်သည်။

ဇော် . . .

အရမ်းစိုးရိမ်ပြီး စိတ်လေမနေနဲ့ ဇော်။
ဘယ်တော့မှ ဇော်နဲ့ငြိမ်းတို့ မကွဲစေရဘူး။ အခု
လောလောဆယ် မာမိနဲ့ ညိနေတယ်။ ပြီးတော့ . . .
ဦးစောဇလနဲ့ ညိဖို့လည်း ငြိမ်းကြိုးစားတာ လမ်းစပေါ်
နေပြီ။

စာချုပ်ပြီး ငြိမ်းကို ပြန်ခေါ်မယ့်အစီအစဉ်
ကို ခဏထားဦး ဇော်။

ဇော်တို့ကြိုးစားတာထက် ငြိမ်းကြိုးစားတာက
ပိုပြီး ထိရောက်နိုင်တယ်။

တော်ကြာ မာမိနဲ့ ဇော်တို့ ထိပ်တိုက်တိုးကြ
ပြီး ပြဿနာတွေ ပိုရှုပ်ထွေးကုန်မှာ စိုးရတယ်။





စိတ်ချနေပါ ဇော်။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ်
ဇော့်ဆီကို ငြိမ်းရောက်အောင် ပြန်လာခဲ့မယ်။

ချစ်တဲ့
ငြိမ်း . . .

သူ အပါအဝင်အားလုံးနီးပါး ငြိမ်း၏သဘောထားကို ဖတ်ပြီးသား ဖြစ်နေပေမည်။

ငြိမ်းဖေဖေကပင် သူ့သဘောထားကို မေးလိုက်၏။

"ဒီစာကို ဖတ်ပြီး မောင်ဇော်လတ်အနေနဲ့ ဘယ်လိုစဉ်းစားလဲ၊ ဒီစာကရော သမီးလေး ရေးပေးလိုက်တာလို့ အတိအကျ ပြောလို့ရမလား"

"လက်ရေးကတော့ ငြိမ်းရဲ့လက်ရေးပဲ၊ ကျွန်တော်တို့ ဆောင်ရွက်မယ့် အစီအစဉ်တွေကို ရပ်ထားပြီး ငြိမ်း ရောက်လာမယ့်နေ့ကို စောင့်ရုံပဲ ရှိတော့တာပေါ့"

"ဟော့ကောင် . . . သေချာစဉ်းစားဦး၊ အချိန်က သိပ်ကျန်တော့တာ မဟုတ်ဘူး၊ ဒီကြားထဲ တစ်ခုခု အလွဲလွဲအချော်ချော်ဖြစ်ပြီး မင်္ဂလာပွဲ ဖြစ်သွားခဲ့ရင် ရှင်းရလင်းရမယ့်ကိစ္စတွေက အများကြီးပိုပြီး ရှုပ်ထွေးကုန်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်ဇော်လတ်၊ မောင်မျိုးမြင့် ပြောတာက စဉ်းစားစရာအချက်တစ်ခုပဲ"

"ငြိမ်းစာကို ဖတ်ရပြီးမှတော့ ငြိမ်းစကားကို ကျွန်တော် နားထောင်ချင်ထယ် ဦး၊ ငြိမ်းပြောခဲ့သလို ကျွန်တော့်ဆီကို မဖြစ်ဖြစ်အောင် ရောက်လာမယ်ဆိုတာကို ကျွန်တော် ယုံကြည်နေတယ်"

သူငယ်ချင်းတွေရော၊ ငြိမ်းဖခင်ပါ စကားမဆက်နိုင်ဘဲ ငြိမ်ကျသွားကြ၏။

နောက်ဆုံးမှာတော့ သူ့ဆန္ဒကိုပင် လိုက်လျောခဲ့ကြ၏၊ လူစုခွဲခါနီးမှာပင် ဒေါ်အယ်နီပရိယာယ်ထဲကို ငြိမ်းရောက်သွားတာရော မဖြစ်နိုင်ဘူးလား . . . ဟု မျိုးမြင့် ပြော၏။

မျိုးမြင့် အသိပေးစကားကြောင့် ကျောစိမ့်သွားမိသည်။

ဒေါ်အယ်နီ၏ဉာဏ်များမှုကို သူကိုယ်တိုင် ကမ်းသာယာမှာ တစ်ခါခံခဲ့ရဖူးပြီ။ မဖြစ်နိုင်ဘူး . . . ဟု အသေအချာ မပြောနိုင်။ မဖြစ်ပါစေနှင့် . . . ဟု ဆုတောင်းရင်းကပင် ငြိမ်းရောက်လာမည့်ရက်ကို စောင့်ရုံသာ ရှိတော့သည်ပဲ။

❀ ❀ ❀

(၄)

စိတ်လွတ်ကိုယ်လွတ်ဖြင့် ပင်ပန်းသမျှတွေကြောင့် အိပ်ရေးဝခဲ့ရုံမက၊ မနက်စောစော နှစ်ယောက်စလုံး နိုးနှင့်နေ၏။

ရမ္မာကျွန်းမှာ ညစ်ခံပွဲလေးလုပ်ပေးမည်ဆိုသောကြောင့်ပင် ငြိမ်းကတော့ ရေမိုးချိုးပြီး ဖီးလိမ်းပြင်ဆင်နေ၏။

"မောင်ဇော်လတ်တို့ နိုးပြီလား"

"နိုးပြီ အန်တီ၊ ငြိမ်းတောင်မှ အလှပြင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဇော်လတ်ဆီမှာ တိုက်ပုံပါမှာ မဟုတ်ဘူးဆိုပြီး အစ်ကိုကြီးက တိုက်ပုံ သုံးလေးထည် ပေးလိုက်တာ၊ မောင်ဇော်လတ် ရွေးပေးရတော့၊ ခဏနေရင် ရမ္မာကျွန်းကိုသွားဖို့ အစ်ကိုကြီးကားနဲ့ လာခေါ်လိမ့်မယ်"

"ကားနဲ့သွားရမှာလား အန်တီ"

"ကားနဲ့တင် မဟုတ်ဘူး၊ ကားနဲ့က လေဆိပ်အထိပဲ သွားရမှာလေ၊ စက်လှေနဲ့ ရမ္မာကျွန်းကို ဆက်သွားရမှာ"

သူ့ကို တိုက်ပုံတွေပေးပြီး ဒေါ်မာလာဆွေက ငြိမ်းအခန်းထဲသို့ ဝင်သွား၏။ ငြိမ်းအတွက် လက်ဝတ်ရတနာတွေ ပါလာသည်ကို သူတွေ့လိုက်သည်။

ဒေါ်မာလာဆွေပေးသော အထုပ်ကို ဖြေကြည့်လိုက်မှ တိုက်ပုံတွေသာမက လည်ကတုံးနှင့် ရခိုင်ပုဆိုးများကိုပါ တွေ့လိုက်ရသည်။

"ဟော . . . ဇော်တောင် ပြင်ဆင်ပြီးနေပြီပဲ၊ ဖေဖေ ယူလာပေးတဲ့ အဝတ်အစားတွေက ဇော်နဲ့ကြည့်ကောင်းနေတယ်"

"ငြိမ်းဖေဖေက ဇော်တို့ထင်တာထက် ပိုသဘောကောင်းပြီး တာဝန်တွေ ကျေလွန်းနေတယ် ငြိမ်း"

"ဖေဖေတစ်ယောက်တည်းကို ကွက်ပြီး မချီးကျူးနဲ့လေ





ဇော်၊ ဒီမှာ အန်တီတစ်ယောက်လုံး ရှိနေသေးတယ်"

"အန်တီမာလာဆွေလည်း ပါတာပေါ့၊ ငြိမ်းဖေဖေနဲ့ ပတ်သက်ပြီး အန်တီကလည်း ဇော်တို့ရဲ့ မိဘတစ်ယောက်ပဲ မဟုတ်လား"

"အန်တီတို့ ကမ်းသာယာမှာ မင်္ဂလာဆောင်တုန်းကတောင် ငြိမ်းဖေဖေက တက်ကြွနေတာ၊ အရမ်းလည်း အပင်ပန်းခံတယ်၊ သူ့သမီးကို ကမ်းသာယာလိုနေရာမျိုးမှာ ကြီးကြီးကျယ်ကျယ် လုပ်ပေးချင်တာတဲ့၊ အခုတော့ အဖြစ်သဘောပဲ အမှတ်တရပွဲလေး လုပ်ပေးရလို့ စိတ်တိုင်းမကျချင်ဘူးတဲ့လေ"

သူတို့သုံးယောက်သား စကားပြောနေစဉ်မှာပင် ခြံထဲသို့ ဂျစ်ကားလေး ဝင်လာ၏။ ငြိမ်းဖေဖေကတော့ တိုက်ပုံတကားကားနှင့် ခွေးတလုံးလုံး ဖြစ်နေ၏။

ကျိန္တလီကမ်းခြေရှိရာသို့ ဂျစ်ကားလေးက အပြေးနှင်နေ၏။ ဂျစ်ကားသွားရာလမ်းတစ်လျှောက်မှာ ဖုန်းတလုံးလုံး ထနေ၏



www.burmeseclassic.com

www.burmeseclassic.com



"ရမ္မာကျွန်းကို လူတော်တော်များများ ရောက်နေကြပြီ ဒီကနေ စက်လှေနှစ်စင်းနဲ့ အကြိုအပို့လုပ်ပေးနေတာလေ၊ အခမ်းအနားပြင်ဖို့ ချက်ပြုတ်ဖို့ လူတွေ အစောကြီးကတည်းက သွားနှင့်ကြတာ"

ဂျစ်ကားမောင်းရင်းကပင် ငြိမ်းဖေဖေက ပြော၏။

သူကလည်း ဒေသန္တရ ဗဟုသုတအနေဖြင့် စပ်စပ်စုစု လုပ်လိုက်သည်။

"အန်တီ ဒီကွင်းပြင်ကြီးက အရင်တုန်းက မြို့ဟောင်း ရွာဟောင်း တည်ခဲ့တာများလား"

"မဟုတ်ဘူး မောင်ဇော်လတ်၊ ဒုတိယကမ္ဘာစစ်တုန်းက ဂျပန်တွေ လေယာဉ်အတက်အဆင်းလုပ်တဲ့နေရာလေ"

"ဩော်"

ထိုကွင်းပြင်ကြီးကို ကျော်လိုက်သည်နှင့် ရေလုပ်သားများ နေထိုင်ရာ ကမ်းခြေရွာလေးထဲသို့ ရောက်လာခဲ့ကြသည်။

ရေလုပ်ငန်းလုပ်ကိုင်ကြသောကြောင့်ပင် ငါးစိမ်းအနံ့များက တသင်းသင်း။

"ကဲ ကိုဖေငြိမ်းရေ . . . သားနဲ့သမီးကိုခေါ်ပြီး ကျွန်တော်တို့ဆီမှာ ခဏနားဦး၊ အခုထွက်မယ့် စက်လှေကတော့ နောက်ဆုံး





အခေါက်ပဲဗျို့၊ ဒီကလူတွေလည်း လိုက်ကြမှာဆိုတော့ ခဏစောင့်ရင်း ရေနွေးသောက်ကြတာပေါ့"

သူကတော့ မနေ့ကတည်းက ကြားနေရသော ရမ္မာကျွန်းဆိုတာကို ရောက်ချင်လှပြီ။ သူတို့တဲပေါ်မှာ ခဏနားနေတုန်း ရေနွေးကြမ်းနှင့် ငါးခြောက်သုပ်ကို လာချပေး၏။ ကြက်သွန်အနီ ပါးပါးလှီးကာ သုပ်ထားသော ငါးခြောက်ပန်းကန်မှာ သွားရည်ယိုချင်စရာ။ ရေနွေးနှင့် မြည်းစမ်းကြည့်ပြန်တော့လည်း အရသာရှိနေပြန်၏။

သူတို့စီးလာကြသော စက်လှေပေါ်မှာတင် လူနှစ်ဆယ်နီးပါး ပါလာခဲ့၏။ ငြိမ်းဖေဖေကတော့ နေပူသည်ကို ဂရုမထားဘဲ တင်မရာတစ်လုံးဖြင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်နေပြန်တော့သည်။

ဘင်္ဂလားပင်လယ်ထဲသို့ သူတို့စက်လှေမောင်းဝင်တော့ လှိုင်းလေကြားမှာပင် အသည်းအေးစရာ . . . ဟု ထင်မိသည်။

လှိုင်းအလူးမှာပင် ငြိမ်းက သူ့လက်မောင်းကို အမိအရ



www.burmeseclassic.com

www.burmeseclassic.com



လေး ဆုပ်တွယ်ထားလိုက်၏။

"ရမ္မာကျွန်းဆိုတာ ဒီနယ်တစ်ဝိုက်မှာ နာမည်ကြီးခဲ့တဲ့ ပုံနင်းကြီးတစ်ဦးရဲ့ နာမည်ကို အစွဲပြုပြီး ခေါ်တာလေ၊ ရမ္မာကျွန်း ပေါ်မှာပဲ ပုံနင်းကြီးက ဆုံးသွားတာ၊ ရမ္မာကျွန်းကို လှမ်းမြင်ရတဲ့ နေရာရောက်ရင် သေချာကြည့်၊ ကျွန်းပေါ်မှာ သဘာဝအလျောက် ဖြစ်နေတဲ့ ကျောက်နံရံက လူတစ်ယောက်လေးဘက်ထောက်ပြီး ရေနစ်နေသလို ပေါင်နှစ်ခုကို အထင်သား တွေ့ရမယ်"

ဒေါ်မာလာဆွေ၏ ရမ္မာကျွန်းနှင့်ပတ်သက်သော ဒဏ္ဍာရီကို နားထောင်ရင်းကပင် ပင်လယ်၏ အတွေ့အထိကို တဝကြီး ခံစားနေမိ၏။

ရမ္မာကျွန်းကို လှမ်းမြင်ရသောအခါ ဒေါ်မာလာဆွေ ပြောသလိုပင် ဦးရမ္မာ၏ပေါင်ကြီးကို တအံ့တသြဖြင့် ထင်ရှားစွာ တွေ့မြင်လိုက်ရသည်။

ရမ္မာကျွန်းဆီသို့ ခက်ခက်ခဲခဲပင် တက်ရောက်ခဲ့ကြပြီး





သည်။ စက်လှေက သဲသောင်ပြင်ထိ သွားလို့မရ။ စက်လှေပေါ်မှ ဆင်းသည်နှင့် ရေထဲရောက်သည်။ ရေအနက်က ပေါင်လယ် လောက်အထိ ရှိနေသည်။

သူနှင့်ငြိမ်းတို့ကတော့ ဝတ်လာသော အဝတ်အစားများ ကို ခဏလဲပြီး နောက်ဆုံးမှ ဆင်းဖြစ်ခဲ့၏။

ကျယ်ပြန့်သော သဲသောင်ပြင်ကို ဖြတ်သန်းရင်းကပင် အခမ်းအနားကျင်းပရာနေရာသို့ အရောက်လှမ်းခဲ့၏။

ပြင်ဆင်ထားသော အခင်းအကျင်းများကြောင့်ပင် သူ အံ့သြသွားရသည်။

ကျွန်းပေါ်မှာပင် ပူဖောင်းတွေ၊ ဖဲပြားကြိုးတွေက တခမ်း တနား။ ပြီးတော့ ဆောင်းဘောက်ကြီးနှစ်ခုဖြင့် ဖွင့်ထားသော မင်္ဂလာတေးသံများက သာယာကြည်နူးဖွယ်ရာတွေပင်။

"ဒီလောက်ထိ တကူးတကနဲ့ ပြင်ဆင်ထားလိမ့်မယ်လို့ ငြိမ်း မထင်ဘူး ဇော်၊ ဒီပစ္စည်းတွေကို စက်လှေနဲ့ သယ်ပြီး အဝင် ပန်းခံထားလိုက်တာ၊ သဲသောင်ပြင်ပေါ်မှာ တကယ့်မင်္ဂလာပွဲကြီးကို လုပ်နေတဲ့အတိုင်းပဲ ဇော်"

"ပျော်စရာကောင်းပြီး လွတ်လပ်လိုက်တာ ငြိမ်းရယ်၊ တကယ်လို့များ အေးအေးချမ်းချမ်းအခြေအနေမှာ ဇော်တို့ ခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဖြစ်ကြရင်တောင် အခုလောက် ပျော်စရာကောင်းမှာ မဟုတ်ဘူး။ ကြည့်စမ်းပါဦး ငြိမ်း . . . ကောင်းကင်ပြာပြာ နောက်ခံရယ်၊ မျက်စိတစ်ဆုံး ရှုမငြီးနိုင်တဲ့ ပင်လယ်အလှရယ်၊ ပြီးတော့ ညီညာပြန့်ပြူးတဲ့ သဲသောင်ပြင်ရယ်၊ ဘယ်လောက်များ ကြည်နူးဖို့ ကောင်းလိုက်သလဲလို့"

သူတို့တွေရောက်ပြီး မကြာခင်မှာပင် မင်္ဂလာတေးတို့ ရပ်နားလိုက်ပြီး အခမ်းအနားစတင်လိုက်၏။

အခမ်းအနားမှာ ကြေငြာသူက အန်တီမာလာဆွေပင်။ သူနှင့်ငြိမ်းတို့အတွက် လူကြီးသုံးယောက်က မင်္ဂလာသြဝါဒစကား ပြောကြားပေးရန် ဖြစ်သည်။

ရှေ့ကလူကြီးနှစ်ယောက်ကတော့ အရပ်ဒေသနှင့်လျော်ညီသော မင်္ဂလာသြဝါဒစကားများကို ပြောသွား၏။

နောက်ဆုံးအလှည့်ကျသူကတော့ ငြိမ်းတို့ဖေဖေပင်။

"ကြွရောက်လာတဲ့လူကြီးမင်းများနဲ့ ပရိသတ်များကို ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားကို ပထမဆုံးပြောကြားလိုပါတယ်၊ ဝင်နီငြိမ်းဟာ ကျွန်တော့်ရဲ့သမီးလေးပါ၊ သူတို့လူငယ်နှစ်ယောက် ဘဝတစ်ခုကို ထူထောင်ဖို့ အခက်အခဲတွေကြားကနေ ကျွန်တော့်ဆီကို ရောက်လာခဲ့တာပါ၊ မိဘတို့မှာရှိအပ်တဲ့ ဝတ္တရားအတိုင်းပဲ





လူကြီးပရိသတ်အစုံအလင်ရှေ့မှာ သားနဲ့သမီးရဲ့ မင်္ဂလာအထိမ်းအမှတ်ပွဲလေးကို အကျဉ်းရုံးပြီး တတ်နိုင်သရွေ့ အခြေအနေပေးသရွေ့ ကျွန်တော် စီစဉ်ခဲ့တာပါ၊ သားနဲ့သမီးတို့ရဲ့ သံယောဇဉ်ချစ်ခြင်းတွေ မြဲမြံခိုင်မြဲပါစေ၊ အန္တရာယ်အခက်အခဲတွေ [illegible] တွေကနေ အမြဲလွတ်ကင်းနိုင်ပါစေလို့ ပင်လယ်ပြင်ကို [illegible] ရင်း ဒီကျွန်းပေါ်မှာပဲ ကျွန်တော် ဆုတောင်းပေးလိုက်ပါတယ် . . .

. . . ကျွန်တော့်စကားပြောတာ အဆုံးသတ်သွားတာနဲ့ ကြွရောက်လာတဲ့ ပရိသတ်အပေါင်းနဲ့အတူ ဒီအမှတ်တရမင်္ဂလာပွဲလေးကို စတင်လိုက်ကြရအောင်ပါလား ခင်ဗျာ"

လက်ခုပ်သံတွေက ပင်လယ်လှိုင်းသံကို ကျော်လွှမ်းပြီး ရမ္မာကျွန်းပေါ်မှာ ပဲ့တင်ထပ်လို့သွား၏။

ဝမ်းသာပီတိဖြစ်ခြင်းတွေနှင့်အတူ ငြိမ်းကို ယောင်ယမ်းပြီး ဖက်ထားလိုက်မိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

## [၅]

ငြိမ်းထံမှ ခက်ခက်ခဲခဲ အဆက်အသွယ်အဖြစ် စာတင်ဆောင်ရပြီး တစ်ရက်ခြားမှာပင် သတင်းဆိုးတစ်ခုကို ကြားရပြန်၏။

ဒီသတင်းဆိုးကို နောက်ဆုံးမှ ကြားခဲ့ရပေမယ့် သူ့အတွက် ကြေကွဲမှုက ကြီးမားလွန်းနေ၏။

ငြိမ်းနှင့်သူတို့၏ ပြဿနာများအကြားမှာပင် ဒီသတင်းဆိုးက ဖြစ်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဦးစောဝင်းဌေး ဆုံးသွားပြီတဲ့ ဇော်လတ်"

"ဘာပြောတယ် . . . ဆရာ ဆုံးသွားပြီ၊ ဘယ်နေ့က ဆုံးတာလဲ"

"မနေ့ကဆုံးတယ် ပြောတယ်၊ မနက်ဖြန် သင်္ဂြိုဟ်မှာလေ ငါဖြင့် နင်တို့အပူတွေကြားထဲမှာ ဒီသတင်းကြားလိုက်ရတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိဘူး"

မော်မော်နှင့် ခင်မေဝင်းတို့ကတော့ မျက်ရည်များကို အတားဆီးမဲ့ သွန်ချနေ၏။

မျိုးမြင့်တစ်ယောက်လည်း သူ့ကိုကြည့်ရင်းကပင် မျက်ရည်တွေ ဝေ့ဝဲနေသည်။

သူကိုယ်တိုင်ကရော ဘာများထူးသေးလို့လဲ။ သူ့အမြင်တွေက ရုတ်ခြည်းပင် ဝေဝါးလာခဲ့၏။

"ဒီသတင်းကို ငြိမ်း သိပါ့မလား"

"မသိဘဲနေမလား ဇော်လတ်၊ ဆရာ့အသုဘအခမ်းအနားကို တခမ်းတနားဖြစ်အောင် ဒေါ်အယ်နီပဲ ဦးဆောင်ပြီး လုပ်နေတာ"

"ဒါဆို အဲဒီအခမ်းအနားကို ငါတို့တွေ သွားလို့ဖြစ်ပါ့မလား ခင်မေဝင်း"





မော်မော့်စကားတွေအရ . . . အသုဘအခမ်းအနားမှာ ဒေါ်အယ်နီနှင့် ပက်ပင်းတိုးမှာသေချာနေ၏။

ငြိမ်းကရော ဆရာ့နောက်ဆုံးခရီးကို လာရောက်ပို့ဆောင်နိုင်ပါ့မည်လား။

"ငါတို့ သွားရမှာပေါ့ ဇော်လတ်၊ မဖြစ်ဖြစ်အောင်ကို သွားရမှာ"

"ဟုတ်တယ် ပထမအချက်အနေနဲ့ ဆရာ့နောက်ဆုံးခရီးကို ပို့ကပ်ပို့ရမယ်၊ ဒုတိယအချက်အနေနဲ့ ဝင်နီနဲ့ တွေ့နိုင်ဖို့ ဝင်နီ့အရိပ်အကဲကို စူးစမ်းနိုင်ဖို့ ငါတို့သွားရမှာပေါ့၊ ငါတို့လေးယောက်ကိုမှ ရွေးပြီးတော့ ဈာပနအခမ်းအနားကို မလာရဘူးလို့ နှင်မထုတ်နိုင်ဘူး"

ဆရာ့ဈာပနကို သွားဖို့ မသွားဖို့ သူ ဇဝေဇဝါဖြစ်နေစဉ်မှာပင် သူငယ်ချင်းတွေက သွားဖို့ ဆုံးဖြတ်ပြီးသား ဖြစ်နေ၏။

"ဆရာ့အိမ်ကိုပဲ သွားကြမှာလား"

"ဆရာ့အိမ်ကို သွားလို့တော့ မဖြစ်ဘူး၊ မနက်ဖြန် အခမ်းအနားကိုပဲ သွားကြမယ်"

"ဘယ်ကိုသွားရမှာလဲ မျိုးမြင့်"

"မင်းကြီးလမ်းက ဘုရားရှိခိုးကျောင်းမှာ အခမ်းအနား



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီးမှ သချိုင်းမှာ မြေမြှုပ်ကြမှာ၊ ငါတို့ ဘုရားကျောင်းကိုပဲ သွားကြတာပေါ့"

သူငယ်ချင်းတွေကတော့ မနက်ဖြန်ခါမှာ ငြိမ်းနှင့်တွေ့ရမည် . . . ဟု တစ်ထစ်ချယုံကြည်နေကြ၏။ ငြိမ်းမျက်နှာကို မြင်ချင်သော်လည်း တွေ့ရလိမ့်မည် . . . ဟု မယုံစားရဲ။

သူတို့ ငှားစီးလာသောကားကို ဘုရားကျောင်းဝင်း အပြင်ဘက်မှာပင် ရပ်နိုင်းလိုက်သည်။

ဝင်းအတွင်းမှာတော့ လူတွေ တော်တော်များများ ရှိနေ၏။

စေတနာကောင်း၊ သဘောကောင်းသော ဆရာ့နောက်ဆုံးခရီးကို သံယောဇဉ်ဖြစ်ဖူးခဲ့သူအားလုံး လိုက်ပါပို့ဆောင်ကြ၏။

ဘုရားကျောင်းခန်းမ၏ အပြင်ဘက် မြက်ခင်းမှာပင် ငယ်ငယ်က ဆရာဆရာမများကို တွေ့သည်။

ဆရာဆရာမများကို နှုတ်ဆက်ပြီး ခန်းမအတွင်းသို့ ဝင်လာခဲ့ကြသည်။





ခန်းမအတွင်းမှာတော့ လူတွေ ပြည့်နှက်နေ၏။

ခုံတန်းလျားပေါ်များမှ လူများ၏ စကားစမြည်ပြောဆိုသံသည် ကျယ်လောင်မှု ဖြစ်မနေပေ။

ခုံတန်းလျားအလွတ်တွင် နေရာယူဖို့ သူပြင်လိုက်သည်။

"ခဏနေဦး ဇော်လတ်၊ မကြာခင်မှာ သူတို့အခမ်းအနားစတော့မှာ ထင်တယ်၊ အခုနေတုန်းမှာ ဆရာ့ကို နှုတ်ဆက်ရင်း နောက်ဆုံးအနေနဲ့ ကန်တော့လိုက်ကြအောင်"

"မျိုးမြင့်ပြောတာ ဟုတ်တယ်၊ တော်ကြာ ဝင်နီတို့သားအမိတွေ ရောက်လာကြရင် ဘာဖြစ်ဦးမယ် မသိဘူး"

သူတို့လေးဦးသား လမ်းမကြီးအတိုင်း လျှောက်လာပြီး ခမ်းနားစွာပြင်ဆင်ထားသော တလားရှေ့သို့ ရောက်သောအခါ ခြေလှမ်းတွေ ပြိုင်တူရပ်ကြသည်။

လေးဦးသား မတိုင်ပင်ထားဘဲ လက်အုပ်လေးများ မသိမသာ ချီကာ ဂါဝရပြုလိုက်ကြသည်။

သူတို့လေးဦး၏ လုပ်ပုံကိုင်ပုံတွေကို သတိထားမိသူ ရှိသလို အမှုမဲ့အမှတ်မဲ့နေကြသူများလည်း ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခုံတန်းလျားအလွတ်တစ်ခုတွင် သူတို့လေးဦး ဝင်ရောက်နေရာယူလိုက်သည်။

“စောစောက လူတွေပြောသံ ကြားလိုက်ရတယ် . . . ဝင်နီတို့သားအမိတွေ မရောက်သေးလို့ အခမ်းအနား မစသေးတာတဲ့”

“ဒါဆို ငြိမ်းပါ လိုက်လာမယ်ဆိုတဲ့သဘောလား မော်မော်”

“အဲဒါတော့ တပ်အပ်မပြောနိုင်ဘူး၊ ငါ့အထင်တော့ ဝင်နီပါလာမှာမို့လို့ ဒေါ်အယ်နီ နောက်ကျနေတာ ဖြစ်ရမယ်”

သူတို့စကားပြောနေစဉ်မှာပင် အပြင်ဘက်မှလူများ ခန်းမသို့ထဲဝင်ရောက်ပြီး နေရာယူကြသည်။

နေရာမှနေပြီး ဘုရားကျောင်းဆင်ဝင်ဆီသို့ ငုံကြည့်ဖြစ်သည်။ အနက်ရောင် မာစီးဒီးကားကို မြင်လိုက်ရသည်။

“ဝင်နီတို့ လာပြီနဲ့တူတယ်”

ကားရှေ့ခန်းတံခါး ပွင့်လာပြီး ဒေါက်တာစောဗလ ဦးစွာဆင်းလိုက်သည်။

ဒေါက်တာစောဗလက နောက်ခန်းတံခါးကို အလိုက်တသိ





ဖွင့်ပေးတာကို မြင်ရသည်။

ငြိမ်းမာမီ ဆင်းတာကို တွေ့ရသည်။

တစ်ဖက်တံခါးဆီမှ ငြိမ်းဘာသာငြိမ်း တံခါးဖွင့်ပြီး ဆင်းလာ၏။

“ဝင်နီ ပိန်သွားတယ်၊ အင်းလေ သူ့ခမျာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေရရှာတာပဲ”

ငြိမ်းမျက်နှာလေးကို အားရအောင်ကြည့်ခွင့်မရ။ လူတွေက ကွယ်ကွယ်သွားသည်။

သူတို့ရှိရာကိုကျော်ပြီး ဆန့်ကျင်ဖက် ခုံတန်းလျားဆီမှာ ငြိမ်းတို့ နေရာယူ၏။

အသံစမ်းနေသော စန္ဒရားသံက သူ့ရင်ခုန်သံကို ညည်းချက်လိုက်နေသည့်အလား။

ငြိမ်းတစ်ယောက်ကတော့ တစ်စုံတစ်ခုကို ရှာသောအကြည့်များဖြင့် ဣန္ဒြေမရ။

ခုံတန်းလျားတွင် ထိုင်နေကြသူများအားလုံး မတ်တပ်ရပ်ထိုက်၍ သူတို့ပါ ရောယောင်ပြီး ရပ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒရား၏ အစပျိုးပိုဒ်ပြီးသည်နှင့် ဆုတောင်းတေး
ထွက်ပေါ်လာ၏။

သူတို့လေးယောက်ကတော့ အသံမဲ့စွာ နာခံနေရ၏။

ငြိမ်းကတော့ ဓမ္မတေးကို သီဆိုရင်း မျက်စိကစားနေ
ကံကောင်းချင်တော့ ကွယ်ထားသော ဦးခေါင်းများအ
မှာပင် ငြိမ်းတစ်ယောက် သူတို့ကို ဖျတ်ခနဲ တွေ့သွားသည်။

"ဝင်နီ ငါတို့ကို မြင်သွားပြီ ဇော်လတ်၊ ဝင်နီဟန်ပန်
မျက်လုံးတွေပါ အားရစရာမရှိဘူး၊ ဆရာ့အသုဘမှာ ငါတို့ရှိနေ
ဆိုပြီး တော်တော်အတိုက်အခံလုပ်ပြီး လိုက်လာပုံရတယ်၊ တွေ့
ဝင်နီ့မာမီကြီးက ငါတို့ဘက်ကို ကြည့်ခွင့်မပေးတော့ဘူး"

ငြိမ်းနှင့်မျက်လုံးချင်းဆုံတာ ခဏဆိုမှ ခဏလေးပ

ငြိမ်းမာမီလည်း သူတို့ရှိနေတာကို သိသွား၏။

ဒေါက်တာစောဗလကတော့ ငြိမ်းတို့သားအမိ ဖြစ်
နေပုံကို သတိထားမိသည့်ပုံ မပေါ်ပေ။

ဘာသာရေးထုံးစံအရ ဝတ်ပြုဆုတောင်းခြင်း အ
အနားက အဆုံးသတ်သွား၏။





ဒေါ်အယ်နီက ငြိမ်းကို အလစ်မပေးပေ။

"ဟာ . . . လူကြားထဲမှာ ဝင်နီ လဲကျသွားပြီ ဇော်လတ်"

တန်းလျားမှအထွက် သူတို့ရှိရာသို့ လှမ်းကြည့်ခိုက်မှာပင်
အရုပ်ကြိုးပြတ် ငြိမ်း လဲကျသွား၏။ ငြိမ်းလဲကျသွားသည်ကို
ဒေါ်အယ်နီရော၊ ဒေါက်တာစောဗလပါ အချိန်မီ ဖထိန်းလိုက်နိုင်ကြ
ပေ။

ဒေါက်တာစောဗလကတော့ ငြိမ်းကို ကောက်ယူပွေ့ဖက်
ပြီး ကမန်းကတန်း စမ်းသပ်နေ၏။

"မင်း ဘာသွားလုပ်မှာလဲ ဇော်လတ်၊ မင်းသွားရင် ပိုရှုပ်
တန်မယ်၊ ဝင်နီလဲကျသွားလို့ လူတွေအာရုံစိုက်နေကြတဲ့အထဲမှာ
ကွာ"

အသိလွတ်ကင်းသွားပြီး ငြိမ်းရှိရာသို့ အပြေးသွားဖို့ ခြေ
လှမ်းပြင်သည်ကို မျိုးမြင့်က အချိန်မီ တားလိုက်သည်။

ငြိမ်းတစ်ယောက် ချက်ချင်း သတိပြန်မရတာ သေချာ၏။
ငြိမ်းကို ဒေါက်တာစောဗလက ပွေ့ချီပြီး လူအုပ်ကြားထဲမှ သယ်
ထုတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေကတော့ လုံးဝမကောင်းဘူး ဇော်လတ်၊ မင်းမြင်တဲ့အတိုင်းပဲ၊ ဝင်နီ သူ့ဘာသာသူ မင်းဆီကို ရောက်လာနိုင်မယ့်ပုံ မပေါ်ဘူး၊ ဒီတော့ ပထမအစီအစဉ်အတိုင်းပဲ မင်းလုပ်ရ ရှိတော့တယ်"

သချိုင်းသို့ သူတို့လိုက်ပါပို့ဆောင်ခဲ့သော်လည်း ငြိမ်း... သားအမိနှင့် ဒေါက်တာစောဗလတို့၏အရိပ်အယောင်ကို မမြင်... မတွေ့ရပေ။

"အခုလောလောဆယ် ငြိမ်း ဘာဖြစ်နေမှန်း မသိရ... အထဲမှာကွာ"

"ဘာဖြစ်ရမှာလဲ ဇော်လတ်ရာ၊ ဝင်နီ မူးလဲတာ အိပ်... မဝတာ၊ စိတ်ဆင်းရဲတာ၊ အားနည်းတာတွေ ပေါင်းပြီးဖြစ်တာ... အိမ်ထဲက အိမ်ပြင်မထွက်တာကြာပြီဆိုတော့ ခန်းမထဲမှာလူတွေ... များတာရယ်၊ ပြီးတော့ မင်းကို ရုတ်တရက်တွေ့လိုက်တာတွေလည်း ပါမယ်၊ ဒါကြောင့် လဲကျသွားတာ၊ အခုလောက်ဆို ဒေါက်တာ... စောဗလ ပြုစုပေးလို့ ပြန်ကောင်းနေလောက်ပြီ"

"ဝင်နီကို စတွေ့လိုက်ကတည်းက ငါ အကဲခတ်နေခဲ့တာ...





ဝင်နီလှုပ်ရှားမှုတွေ၊ ဝင်နီ့အကြည့်တွေကို [illegible] ကိုလည်းတွေ့ရော ဝင်နီ ဝမ်းနည်းဝမ်းသာဖြစ်ပြီး [illegible] တာပဲ နေမှာ"

"ငါတွေးမိတာက ဒီလိုမော်မော် . . . ဝင်နီ့အနေနဲ့ [illegible] မှာ ရေးပေးလိုက်သလိုမျိုး ကြိုးစားလို့ မရတော့ဘူး သူ [illegible] မတတ်နိုင်တော့ဘူးလို့ စိတ်လျှော့ချပြီး ငါတို့ မြင်သာ သိသာအောင် လုပ်ပြသွားတာပဲ ဖြစ်မယ်"

ခင်မေဝင်း စကားတွေက သူတွေးတာနှင့် အတော်လေး နီးစပ်နေ၏။

"ဟုတ်တယ် ခင်မေဝင်း၊ ငါလည်း နင်ပြောတာကို လက်ခံချင်သလိုလိုပဲ၊ နင်ရော ဘယ်လိုထင်လဲ မျိုးမြင့်"

"ဝင်နီဟာ သူကြုံတွေ့နေရတဲ့ ဒုက္ခအကျပ်အတည်းကို စကားနဲ့ ပြောပြချင်တယ်၊ ဒါပေမဲ့ ပြောခွင့်က လုံးဝမသာဘူး ဖြစ်နေတယ်၊ သူ လဲကျပြသွားတာ ခင်မေဝင်းတွေးသလိုပဲလို့ ယူဆ ရမှာပဲ"

သူတွေးသလိုမျိုး အားလုံးက တွေးနေကြပြန်၏။

ဒီလိုသာ ဖြစ်ရိုးအမှန်ဆိုရင်တော့ သူ့မှာ ပြောစရာတွေ [illegible] တာ အဆင်သင့်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ သူငယ်ချင်းတို့ . . . မင်းတို့ ပြောကြတွေးကြသလိုပဲ ငါလည်း တွေးမိတယ်၊ ဒီလိုသာဆိုရင် ငါတို့ရဲ့ အစီအစဉ်တွေကလည်း ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ ငြိမ်းကိုယ်တိုင် စိတ်ရောကိုယ်ပါ တက်ကြွနေမှ ငါတို့ရဲ့ အစီအစဉ်က အသက်ဝင်မှာ၊ ဒီပုံစံအတိုင်းဆိုရင်တော့ ငြိမ်းက မျှော်လင့်ချက်တွေအားလုံး စိတ်လျှော့ပြလိုက်တာပဲ၊ ငြိမ်းမာမီရဲ့ အစီအမံတွေအောက်မှာ ငြိမ်း ရုန်းမထွက်သာတော့ဘူး"

သူပြောလိုက်သောစကားတွေကို သူငယ်ချင်းတွေနားလည်ကြမည်လားမသိ။

သူ့အဖို့မှာတော့ ကမ်းသာယာမှ ပြန်ရောက်စကလိုပဲ ငြိမ်းကို ဆုံးရှုံးလိုက်ရပြီ . . . ဟု အသိစိတ်ဝင်သွားသည်။

သူငယ်ချင်းတွေ၏အားပေးစကား ကြံစည်အားထုတ်မှုများကြောင့် သတ္တိတွေဖြစ်ခဲ့သလို၊ ငြိမ်းဖေဖေ ရောက်လာ၍လည်း အရာရာအတွက် အားကိုးမိသည်။

ဒီနေ့ ဒီအချိန်မှာတော့ ငြိမ်းလဲကျသွားသော မြင်ကွင်းကြောင့်ပင် အရာအားလုံးပြီးဆုံးသွားပြန်ပြီ . . . ဟု ကြေကွဲစွာ ခံစားလိုက်ရသည်။

သူ့ခံစားမှု၊ ငြိမ်းမာမီ၏ အတ္တမာနများကို သူငယ်ချင်းတွေ နားလည်နိုင်မည် မဟုတ်ပေ။





ငြိမ်းနှင့်အတူ ရှိနေခဲ့သော နောက်ဆုံးအချိန်ပိုင်းမှာ သူကြုံခဲ့၊ ကြားခဲ့ရခြင်းများကို မျက်စိထဲမှာ မြင်ယောင်ဆဲ၊ အကြားအာရုံမှာပဲ ထင်ဟပ်လို့နေဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၆ )

ရမ္မာကျွန်းပေါ်မှ သူတို့၏ အမှတ်တရပွဲလေးကတော့ တစ်သက်တာအတွက် မေ့ရက်နိုင်စရာမရှိ။

နောက်တစ်နေ့ တစ်နေကုန်အထိ ကျိန္တလီမှာ ငြိမ်းဖေဖေ နေသေးသည်။ နောက်နေ့ နေ့လယ်လောက်မှာပင် ကမ်းသာယာသို့ ငြိမ်းဖေဖေ ပြန်သွား၏။

ငြိမ်းဖေဖေ မရှိသော်လည်း သူနှင့်ငြိမ်းတို့မှာ မျက်နှာငယ်စရာ၊ အားလျော့စရာ မဖြစ်ခဲ့ကြပေ။ အန်တီမာလာဒွေက သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အား ဆြည့်ဝတ်ကျေလွန်းခဲ့၏။

"ဇော် တွေးကြည့်တာနော်၊ ဇော် ဒီလိုပြောလိုက်လို့ ငြိမ်း စိတ်ထဲ တစ်မျိုးဖြစ်မသွားနဲ့"

"ဒီအခြေအနေထိ ရောက်ခဲ့ကြပြီးမှ စကားတစ်ခွန်း ကြောင့် အကြိတ်အခဲဖြစ်စရာ လိုသေးလို့လား ဇော်ရယ်"

"ငြိမ်းမာမီနဲ့ ပတ်သက်နေလို့ပါ"

"ဘာများလဲ ဇော်"

"တခြား မဟုတ်ပါဘူး၊ ငြိမ်းဖေဖေနဲ့ ပတ်သက်ပြီးမှ အန်တီနဲ့ ခင်ရ၊ သံယောဇဉ်ဖြစ်ကြရတာ၊ အန်တီမာလာဆွေရဲ့ စိတ်ရင်း စေတနာတွေအတိုင်းသာ ငြိမ်းမာမီ ရှိခဲ့ရင် သိပ်ကောင်း မှာပဲ"

"မာမီကိုတော့ ပြောမနေနဲ့တော့ ဇော်၊ သူ့အတ္တ သူ့အစွဲ အလမ်းကြောင့်ပဲ သူ့ဘာသာသူ လောင်မြိုက်နေရုံတင် မကဘူး၊ ဇော်တို့ ငြိမ်းတို့ပါ စက်ကွင်းမလွတ် ဖြစ်ကြသေးတာပဲ၊ တကယ်ဆို မာမီသာ အတ္တမကြီးခဲ့ရင် ငြိမ်းတို့လည်း ဒီနေရာကို ရောက်လာဖို့ မလိုသလိုပဲ၊ ဖေဖေ့အနားမှာ အန်တီမာလာဆွေ ရှိနေစရာ မလို တော့ဘူးလေ"

သူတို့နှစ်ယောက် စကားမပြတ်ခင်မှာပင် အန်တီမာလာ





ဆွေ အိမ်ပေါ်တက်လာသည်ကို မြင်လိုက်ရသည်။

လက်ထဲမှာလည်း စတီးချိုင့်ကြီးတစ်ခု ပါလာသေး၏

"ဘာတွေများလဲ အန်တီ"

"မောင်ဇော်လတ်တို့ရော၊ အဒေါ်ကြီးတို့မိသားစုအတွက် မုန့်တီ ယူလာခဲ့တာလေ"

"အားနာစရာကောင်းနေပါပြီ၊ အခုပဲ အန်တီ့အကြောင်း ကို ငြိမ်းတို့ ပြောနေကြတာ"

အန်တီမာလာဆွေကတော့ တပြုံးပြုံးနှင့် သူတို့စားဖို့ ပြင် ဆင်ပေးနေပြန်၏။

"အန်တီ့ကို မေးချင်တယ်၊ ခွင့်တောင်းတာလို့လည်း ပြော လို့ရတယ် အန်တီ"

"ဘာများလဲ မောင်ဇော်လတ်"

"ကျွန်တော်တို့ ဒီမှာ ဘယ်လောက်ကြာကြာနေရဦးမလဲ မသိဘူး၊ တကယ်လို့များ ကျွန်တော်တို့နှစ်ယောက် အန်တီတို့နဲ့ အတူတူနေမယ်ဆိုရင်ရော ခွင့်ပြုမှာလား"

"ငြိမ်းတို့ မောင်ဇော်လတ်တို့သာ တကယ်နေဖြစ်မယ်ဆို ရင် ဘာခွင့်မပြုစရာရှိလို့လဲ၊ မောင်ဇော်လတ်က အစ်ကိုကြီးအတွက် တွေအတွက် အဖော်ရသလို ငြိမ်းကလည်း အန်တီ့အတွက် အဖော်



www.burmeseclassic.com

www.burmeseclassic.com



ရတာပေါ့"

စကားအနေဖြင့် ပြောလိုက်သော်လည်း တကယ်ပဲ ဒီမှာ နေလိုက်ချင်တော့သည်။ ငြိမ်းဖေဖေနှင့် အန်တီမာလာဆွေတို့၏ အရိပ်အာဝါသအောက်မှာ နေရတာကိုက စိတ်ချမ်းသာမှု ရှိသလို သူနှင့်ငြိမ်းအတွက်လည်း အကာအကွယ်တစ်ခု ဖြစ်နေသည်ပဲ။

သူနှင့်ငြိမ်းတို့ ရန်ကုန်မှ ထွက်လာကတည်းက တစ်ရက်ပြီး တစ်ရက် စိတ်လွတ်လပ်မှု ရသလို၊ ငြိမ်းငြိမ်းချမ်းချမ်း ရှိလှသည်။

သူနှင့်ငြိမ်းတို့၏ အေးချမ်းသောဘဝလေးမှာ ကိုးရက်လွန်ပြီး ဆယ်ရက်မြောက်သောနေ့မှာတော့ မုန်တိုင်းတစ်ခု ကျရောက်ခဲ့ပြန်၏။

"သားတို့ သမီးတို့ နိုးနေကြပြီလား"

မျက်နှာသစ်ပြီး အိမ်ရှေ့ခန်းသို့ ထွက်လာခိုက်မှာပင် ခြံစောင့်အဒေါ်ကြီးက ရေးကြီးသုတ်ပျာဖြင့် အိမ်ပေါ်ရောက်လာ၏။





"ဒီမနက် အဒေါ်ကြီး ဘာဖြစ်နေတာလဲ၊ မျက်စိပျက် မျက်နှာပျက်နဲ့"

ညတုန်းက အန်တီမာလာဆွေ သုပ်ပေးခဲ့သော လက်ဖက်သုပ်ကို တဝတပြစားကြပြီး နှစ်ယောက်သား မျက်လုံးကြောင်ပြီး အိပ်မရခဲ့ပေ။

သူတို့နှစ်ယောက်စလုံး အိပ်ရာထတော့ မနက်ကိုးနာရီပင် ထိုးနေ၏။

"ပြဿနာတွေ ဖြစ်နေပြီ၊ ကျိန္တလီက လူတွေသာ သိကုန်ရင်တော့ မလွယ်ဘူး၊ မာလာဆွေခမျာလည်း ခြေမကိုင်မိ လက်မကိုင်မိနဲ့ ရောဂါသည်းနေပြီ"

"ဘာဖြစ်တာလဲ၊ အန်တီက ဘာရောဂါသည်းရတာလဲ"

"ငြိမ်းရဲ့မာမီ၊ မောင်ဖေငြိမ်းရဲ့ ပထမအိမ်ထောင်အမျိုးသမီး ကျိန္တလီ ရောက်လာပြီ"

"ဘာပြောတယ် ငြိမ်းမာမီ ရောက်လာတယ်"

"မာမီတစ်ယောက်တည်းလား အဒေါ်ကြီး"

"မောင်ဖေငြိမ်း ပါ, ပါတယ်၊ ကားတစ်ယောက်တစ်စီးနဲ့ ရောက်လာကြတာ၊ ငြိမ်းမာမီကတော့ တော်တော်မလွယ်ဘူး၊ မောင်ဖေငြိမ်းကိုလည်း ပြောတာ ရစမရာမရှိဘူး၊ ငြိမ်းနဲ့ တွေ့ဖို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတယ်၊ မကြာခင် သူတို့ရောက်လာကြလိမ့်မယ် ထင်တယ် မာလာဆွေကိုလည်း အသားလွတ်ခြိမ်းခြောက်ပြလိုက်သေးတာ သူနဲ့ မောင်ဖေငြိမ်းက တရားဝင်ကွာထားတာ မဟုတ်ဘူးလို့ ပြော တယ်၊ မာလာဆွေမှာက ရောဂါအခံရှိတော့ ဒီအဖြစ်အပျက်တွေ ကြောင့်ပဲ တက်မလို ချက်မလိုလို ဖြစ်နေတာ"

အဒေါ်ကြီး၏စကားသွား စကားလာတွေအရတော့ အခြေ အနေ မကောင်းမှန်း ရိပ်စားမိသည်။ ငြိမ်းကို မတွေ့ရရင်တော့ ထင်ရာမြင်ရာတွေ လျှောက်လုပ်မှာ သေချာ၏။ အန်တီမာလာဆွေ ကတော့ သူမ ဇာတိမြို့မှာ မျက်နှာပျက်စရာတွေ ဖြစ်တော့မည် ပဲ။

"ဘယ်လိုလုပ်ကြမလဲ ငြိမ်း"

သူရော ငြိမ်းပါ အဒေါ်ကြီး၏ စကားတွေကို နားထောင် ပြီး ဆောက်တည်ရာမရ။ ငြိမ်းမျက်နှာမှာလည်း သွေးမရှိတော့ပေ။

"မီးစင်ကြည့်ကကြရတာပေါ့ ဇော်ရယ်"

တစ်ယောက်လက်ကို တစ်ယောက်တင်းကျပ်စွာ ဆုပ် တွယ်ထားဆဲမှာပင် ခြံထဲသို့ ကားနှစ်စီး ဝင်ရောက်လာတော့၏။





ပထမဆုံးဝင်လာသည်က ငြိမ်းဖေဖေ၏ဂျစ်ကား။ နောက် တစ်စီးက စူပါရှ (ဖ) ဗင်ကားအဖြူရောင်လေး။

ဂျစ်ကားပေါ်မှ ငြိမ်းဖခင် ဆင်းလာသော်လည်း ဗင်ကား ဖြူလေးကတော့ နေရာမှာ ငြိမ်သက်နေဆဲပင်။ ဗင်ကားဖြူပေါ်မှာ ငြိမ်းမာမီ ရှိနေမှာ သေချာ၏။

အိမ်ပေါ်ရောက်လာသော ဖခင်ဖြစ်သူကို ငြိမ်းဆီးမေး၏။

"ဘာတွေဖြစ်ကုန်ကြပြီလဲ ဖေဖေ"

"အယ်နီရောက်လာလိမ့်မယ်လို့ အစောကြီးကတည်းက ဖေဖေ တွက်ထားပြီးသားပါ၊ ဒါပေမဲ့ ဒီလောက်ထိ ပြဿနာဖြစ် လိမ့်မယ်လို့ မထင်ထားဘူး သမီး၊ သမီးကိုမတွေ့ရင် သမီးနဲ့ စကားပြောခွင့်မရရင် သူပါ မပြန်ဘဲ ဒီမှာနေမယ်တဲ့၊ ပြီးတော့ မာလာရဲ့ အားငယ်စိတ်ကို ရိပ်မိသွားပြီး အကျပ်ကိုင်တယ်၊ ဖေဖေ့ ကိုပါ ဆွဲထည့်တယ်၊ သူနဲ့ဖေဖေက တရားဝင်ပြတ်စဲထားတာ မရှိ ပါဘူးလို့ ပြောနေတယ်၊ ကမ်းသာယာကိုသာ သမီးပြန်မလိုက်ဘဲ တင်းနေရင် ကြားထဲက မာလာခမျာ စိတ်သောက ရောက်ရမယ့် ကိန်း၊ အရှက်ကွဲရမယ့်ကိန်းပဲ သမီး၊ သမီးရဲ့စိတ်နဲ့ မလုပ်သင့်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ထိုက်တာ၊ မပြောသင့် မပြောအပ်တဲ့ စကားတွေကို ပြောနေတယ်၊ မာလာလည်း စိတ်ထိခိုက်ပြီး မူးလဲသွားတယ်၊ ဖေဖေ ဘာလုပ်ရမှန်း မသိတော့ဘူး"

"မာမီ မတရားဘူး ဖေဖေ၊ သမီးတို့ကိစ္စက သတ်သတ်၊ ဖေဖေတို့အိမ်ထောင်ရေးက သတ်သတ်ပဲဥစ္စာ"

"ကျိန္တလီမှာ အချိန်ကြာတာနဲ့အမျှ လူတွေသိပြီး မာလာအတွက် ပိုအရှက်ရစရာဖြစ်မယ်၊ ဒီတော့ သမီးမာမီကို သမီးဆင်းတွေ့လိုက်၊ ပြီးတော့ သူနဲ့အတူ လိုက်သွားပြီး ကမ်းသာယာကနေ သမီးစောင့်နေ၊ မောင်ဖော်လတ်နဲ့အတူ မာလာကို ဝင်ခေါ်ပြီး ဖေဖေတို့ နောက်က လိုက်ခဲ့မယ်"

"အခုလောလောဆယ်မှာ ဖေဖေပြောတဲ့အစီအစဉ်ကို အမြန်ဆုံးလုပ်တာ ကောင်းတယ်၊ သမီး မာမီနဲ့ဆင်းတွေ့ပြီး လိုက်သွားနှင့်မယ် ဖေဖေ"

ရင်ဆိုင်နေရသော အကျပ်အတည်း ပြေလည်စေရန် အလုပ်သင့်ဆုံးသော အရာကို သားအဖနှစ်ယောက် ပြောဆိုပြီး ဆုံးဖြတ်နေကြသည်။

သောကစိတ်ကြောင့်ပင် ငြိမ်းကို တားမြစ်လိုက်မိ၏။

"ငြိမ်း . . . အိမ်အောက်ကိုမဆင်းနဲ့၊ ငြိမ်း သွားတွေ့တာနဲ့





ငြိမ်းမာမီက ရန်ကုန်ကိုတစ်ခါတည်း ခေါ်သွားမှာ"

"အခုအခြေအနေမှာတော့ ဒီတစ်နည်းပဲရှိတယ် ဖော်၊ ဖေဖေ့မျက်နှာ၊ အန်တီ့မျက်နှာကို ကြည့်ရလိမ့်မယ်၊ လမ်းမှာ ငြိမ်းမာမီနဲ့ ဆွေးနွေးပါဦးမယ်၊ ငြိမ်းတို့က တရားဝင်လက်ထပ်ထားကြတာပဲဥစ္စာ"

"သမီးတို့ တရားရုံးမှာ တရားဝင်လက်ထပ်ပြီးတဲ့အကြောင်းကို ပြောပြတယ်၊ အဲဒါတွေကို သူနားမလည်ဘူးတဲ့၊ ငြိမ်းနဲ့ တွေ့ချင်တယ်ပဲ တွင်တွင်တောင်းဆိုနေတာ"

"ဖော် . . . စိတ်အေးအေးထားပြီး ဖေဖေတို့နဲ့သာ နောက်ကလိုက်ခဲ့ပါ"

"ဟုတ်တယ် မောင်ဖော်လတ်၊ အခုအခြေအနေမှာတော့ သမီးလေး လိုက်သွားတာ အကောင်းဆုံးပဲ၊ ဦးတို့အနေနဲ့ တင်းခံထားရင် အယ်နီ ပွဲကြမ်းလို့ ကျော်မကောင်းကြားမကောင်းတွေ ဖြစ်မှာ၊ ကမ်းသာယာမှာ စောင့်မနေဘဲ ရန်ကုန်ကိုပြန်ခေါ်သွားမယ်ပဲ ထားဦး၊ မောင်ဖော်လတ်တို့က တရားဝင်လက်ထပ်ထားပြီးသားပဲ၊ တရားဥပဒေအရ ငြိမ်းကို ပိုင်ဆိုင်ပြီးသားပဲ၊ ရန်ကုန်မှာ ရှင်းလင်းရတာက ပိုကောင်းလိမ့်မယ်၊ အဲဒီအခြေအနေ ဖြစ်လာခဲ့ရင် ဦးတို့ပါ ရန်ကုန်အထိ ဆင်းပြီး လိုက်ရှင်းပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



မောင်ဇော်လတ်၊ ဒီနေရာမှာတော့ မာလာ့မျက်နှာကိုထောက်ပြီး မရှင်းကြ မလင်းကြတာ အကောင်းဆုံးပဲ"

ငြိမ်းဖခင်က သူ့ကျောပြင်ကိုသပ်ရင်း စကားတွေ ပြောနေ၏။ ဦးဖေငြိမ်း၏စကားတွေကို ဆုံးခန်းတိုင်အောင် ငြိမ်း နားထောင်မသွားပေ။

တစ်ဝက်တစ်ပျက်မှာပင် အိမ်အောက်သို့ ငြိမ်းဆင်းသွား၏။

ငြိမ်းကျောပြင်ကို ကြည့်ရင်းကပင် ဆုံးရှုံးလိုက်ရပြီ . . . ဟု ဝမ်းနည်းစွာ မြည်တမ်းဖြစ်ခဲ့သည်လေ . . .။

[၅]

အတိတ်က အကြောင်းအရာများကိုပဲ တွေးတွေး . . .

ပစ္စုပ္ပန်အဖြစ်အပျက်များကိုပဲ ကြည့်ကြည့် . . .

သူနှင့်ငြိမ်းတို့၏ နှလုံးသားတွေ တစ်စစီ ကွဲကြေပြီး အတ်လမ်းဆုံးသွားတာတော့ သေချာ၏။

ငြိမ်းကိုချစ်မိသည့် အချိန်မှစ၍ ယနေ့အချိန်အထိ ငြိမ်း မာမီ၏ လှည့်ကွက်များကြောင့်ပင် ဝမ်းနည်းခြင်းတွေ ကြုံခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်တစ်လျှောက်လုံးမှာလည်း ကာယကံရှင်သူတို့နှစ်ယောက်သာမက ပတ်သက်ခဲ့ရာလူတွေအားလုံးလည်း စိတ်ချမ်းသာစရာ မရခဲ့ပေ။

ဆရာဦးစောဝင်းဌေးသည်ပင်လျှင် လူ့လောကမှာ မရှိတော့ပြီ။

အန်တီမာလာဆွေလည်း သူတို့နှစ်ယောက်၏စိတ်၊ ပြီးတော့ ငြိမ်းမာမိ၏စိတ်ကြောင့်ပင် ရောဂါသည်ဘဝ ရောက်နေရ၏။

မကြာမီရက်ပိုင်းအတွင်းမှာ ခရစ်စမတ်နေ့ကို ရောက်တော့မည်။

ဆရာ့ဈာပနမှာ လဲကျခဲ့သော ငြိမ်းတစ်ယောက် . . . ဒေါက်တာစောဗလ၏သတို့သမီးအဖြစ် ရင်ကွဲပက်လက် ကျရောက်တော့မည်။

သူ့လက်ထဲတွင် ရှိနေသော စာချုပ်နှစ်ခုက တရားဥပဒေအရ အဓိပ္ပာယ်ရှိနေသော်လည်း ဘာမျှတတ်နိုင်တော့မည် မဟုတ်ပေ။





စာချုပ်နှစ်ခုကို သူ့လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

သူ့အခြေအနေကို သူငယ်ချင်းသုံးယောက်စလုံးက ခေါင်းကြည့်နေ၏။

“ဒီစာချုပ်တွေကိုကိုင်ပြီး မင်း . . . ဒေါ်အယ်နီဆီ သွားတွေ့မှာလား ဇော်လတ်”

မျိုးမြင့်အမေးကြောင့်ပင် သူ မဲ့ပြုံး ပြုံးမိ၏။

“နင်တစ်ယောက်တည်းတော့ မသွားနဲ့ဇော်လတ်၊ ငါတို့ပါလိုက်ခဲ့မယ်”

မော်မော့်စကားသံက ပီပီသသကြီး ထွက်လာသည်။

သူငယ်ချင်းသုံးယောက်ကို မျက်နှာချင်းဆိုင်ကြည့်ရင်းကပင် ကျစ်ကျစ်ပါအောင်ဆုပ်ထားသော စာချုပ်နှစ်ခုကို ဖြန့်လိုက်၏။

“ငါ ဘယ်မှမသွားဘူး၊ ဒီစာချုပ်နှစ်ခု ငါ့လက်ထဲမှာ ပုံမပျက် ရှိနေသရွေ့ ငြိမ်းကို ပိုင်ဆိုင်သေးတယ်ဆိုတဲ့အသိ ရှိနေဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



မျိုးမြင့်က သူ့လက်ကို ဖမ်းဆွဲသေး၏။

သို့သော် မျိုးမြင့် နောက်ကျသွား၏။

"မလုပ်နဲ့ ဇော်လယ်"

စာချုပ်နှစ်ခုအပိုင်းပိုင်းဖြင့် လေမှာဝဲကာ မြေပေါ်သို့ ကျသွားတာပဲ အဖတ်တင်ခဲ့၏။

"ဇော် . . . ဘာလို့ လက်ထပ်စာချုပ်ကို ဖြုပစ်လိုက်ရတာလဲ"

သူက ရပ်နေပေမယ့် သူငယ်ချင်းသုံးယောက်က စာချုပ်အပိုင်းအစတွေကို လိုက်ကောက်နေကြ၏။

သူ့နောက်ကျောဆီမှ လာသောအသံ။

စိတ်ထင်ယောင်ထင်မှားဖြင့် ကြားလိုက်မိခြင်းဟု ထင်နေဆဲ။

စာချုပ်အပိုင်းအစများကို ကောက်နေကြသော သူငယ်ချင်းသုံးယောက်၏မျက်လုံးများက ဆက်တိုက်ဆိုသလို ထွက်ပေါ်





လာသော စကားသံတွေကြောင့်ပင် မျက်လုံးစုံမှိတ်လိုက်မိ၏။

"ဝင်နီ"

"ဝင်နီ . . . နင် တကယ်ရောက်လာတာနော်"

"နင့်ကို ရုတ်တရက်တွေ့လိုက်ရတာ အိပ်မက်မက်နေသလိုပဲဟယ်"

ငြိမ်းအသံမှ ငြိမ်းအသံအစစ်။

မဝံ့မရဲဖြင့် မျက်လုံးမှိတ်ထားရင်းကပင် အိပ်မက်မက်နေသလား . . . ဟု ကိုယ့်ကိုယ်ထင်မိသည်။ မှိတ်ထားသောမျက်လုံးကို ဖွင့်ကြည့်သည်။

မျိုးမြင့်က မလှမ်းမကမ်းမှာ ရှိနေသည်။

ငြိမ်း၏တစ်ဖက်စီမှာ မော်မော်နှင့် ခင်မေဝင်းတို့ ရှိနေကြ၏။

မြေပြင်ပေါ်မှာလည်း လက်ထပ်စာချုပ်အပိုင်းအစတွေ။

မော်မော်နှင့် ခင်မေဝင်းတို့အနားမှ ဖယ်ခွာပြီး သူနှင့် မျက်နှာချင်းဆိုင် ငြိမ်း လာရပ်သည်။

"ဒီတစ်သက် ဘယ်လိုနည်းနဲ့မှ ငြိမ်းတို့ မကွဲကြတော့ဘူး ဇော်၊ လာမယ့် ခရစ်စမတ်ကို ငြိမ်းနဲ့ဇော် အတူတူလက်တွဲပြီး ကြိုဆိုရတော့မှာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းလက်ဖျားလေးများကို သေချာအောင် ဆုပ်တွယ်ကြည့်မိသည်။

ဒီဇင်ဘာ၏အတွေ့ကြောင့်ပင် ငြိမ်းလက်ဖျားလေးများမှာ နှင်းတို့ဖြင့် စိုစွတ်နေ၏။

သူတို့ရှိရာဝန်းကျင်တစ်ဝိုက်မှာလည်း ဒီဇင်ဘာနှင်းတို့ ဝေနေလေပြီ။

ကြုံတွေ့ခံစားနေရသော ပစ္စုပ္ပန်သည် အိပ်မက်မဟုတ်ကြောင်းကို သက်သေထူသည့်အနေဖြင့် ငြိမ်းရှင်းပြသော အဖြစ်အပျက်များကို အတိုင်းသား ကြားနေရပြန်၏။

ဇော်နဲ့ခွဲခဲ့တဲ့အချိန်ကတည်းက 'ငြိမ်း' နေလို့ မရခဲ့ဘူး။

ကမ်းသာယာမှာ ဇော်တို့ကို စောင့်နှင့်နေမယ်ဆိုပြီးတော့ ရန်ကုန်အထိ မာမီဆက်မောင်းတယ်။

ဇော်တို့ ရန်ကုန်အထိလိုက် လာပြီး ရှင်းကြလင်းကြရင် ကိစ္စပြတ်သွားမှာပဲလို့ လွယ်လွယ်တွေးမိခဲ့တယ်။





ရန်ကုန်ရောက်ပြီး တစ်ရက်တစ်ရက်နဲ့ အချိန်တွေသာ ကုန်သွားတယ် ဇော်တို့ ရောက်မလာသလို မာမီရဲ့ အချုပ်အနှောင် အောက်မှာ စိတ်ဓာတ်ခြောက်ခြားလာတယ်။

ငြိမ်းမှ မဟုတ်ဘူး . . .

အိမ်မှာရှိတဲ့လူတွေအားလုံး အပြင်နဲ့ အဆက်အသွယ် ဖြတ်ခဲ့ရတယ်။

ဦးစောဗလ ပြန်ရောက်လာတယ်။

မင်္ဂလာဆောင်ဖိတ်စာကို မြင်လိုက်ရမှ အရမ်းတုန်လှုပ်သွားတယ်။

အပြင်မှာ ဇော်တို့ ဘာတွေဖြစ်နေကြသလဲဆိုတာ တွေးမရဘူး။

ဦးစောဗလနဲ့တွေ့ပြီး ဖြစ်ပျက်နေတာတွေကို နားဝင်အောင် ရှင်းပြဖို့ တစ်နည်းပဲ ရှိတော့တယ်။

အဲဒီအချိန်မှာ မော်မော်ရဲ့ အဆက်အသွယ်ကြောင့် ဇော်



www.burmeseclassic.com

www.burmeseclassic.com



တို့သတင်းကို ရတယ်။

ဦးစောဗလနဲ့ နှုတ်ဆက်ချင်းတွေ့ဖို့ အခွင့်အရေး မရဘူး။ မာမီက လုံးဝမျက်ခြည်ပြတ် မခံဘူး။ ခရစ်စမတ်က နီးလာပြီ။ မာမီနဲ့ထိပ်တိုက် မတွေ့ဖို့ ရှေးပေးမိလိုက်တာကို နောင်တရနေတယ်။

ကြုံရာမရ ဖြစ်နေတုန်းမှာပဲ ဆရာဦးစောဝင်းဌေးရဲ့ သတင်းဆိုးကို ကြားခဲ့ရတယ်။

ဆရာ့ဈာပနမှာ ဇော်တို့နဲ့ ဆုံရမယ်ဆိုတာကို သိတယ်။ မာမီက လုံးဝလိုက်ခွင့်မပေးဘူး။

ဦးစောဗလရှေ့မှာ အချေအတင်သဘောမျိုး ပြောဆိုလာ





တာနဲ့ လိုက်ခွင့်ပေးတယ်။

ဇော်တို့ကို တွေ့တာနဲ့ ဖြစ်ချင်ရာဖြစ် အတင်းထွက်ပြေးမယ်လို့ စိတ်ကူးခဲ့တာ။

မူးမေ့မလဲခင်အထိ စိတ်ထဲကနေ ကြိုးစားနေခဲ့တာ။

မူးလဲသွားတာကိုပဲ ကျေးဇူးတင်ရမလိုပဲ။

ကားပေါ်ရောက်တာနဲ့ သတိပြန်ရလာတယ်။

အိမ်ရောက်တော့ ဘာကြောင့်ဖြစ်တယ်ဆိုတာကို ဦးစောဗလက စိုးရိမ်တကြီးနဲ့ အသေအချာ စမ်းသပ်တယ်။

ကာယကံရှင် ငြိမ်းကတောင် သတိမမူဖြစ်ဘဲ . .

မာမီတို့က ဘယ်မှာ သတိထားမိမှာလဲ။

"ငြိမ်းမှာ ကိုယ်ဝန်ရှိနေပြီ"

. . . လို့ ပြောလိုက်တဲ့ ဦးစောဗလကိုယ်တိုင်က မျက်နှာပျက်နေသလို မာမီလည်း နေရာမှာတင် ပြုံးကြောင်ကြောင်ကြီး ဖြစ်သွားတာပေါ့။



www.burmeseclassic.com

အဲဒီအခြေအနေကို အခွင့်ကောင်းယူပြီး မာမီဖုံးထားသမျှတွေ၊ ဇော်နဲ့ငြိမ်းတို့ ဖြစ်ပျက်ခဲ့တာတွေအားလုံးကို ဖွင့်ချပြလိုက်တယ်။

"မထင်မှတ်ဘဲ ဦးစောဗလ သိသွားလို့ မာမီပြင်ဆင်ချိန် မရလိုက်ဘူး၊ ငြိမ်းနဲ့ဦးစောဗလကို ရအောင် လက်ထပ်ပေးပြီး ဇော်နဲ့ကိစ္စ ပေါ်တယ်ပဲထားဦး၊ အဲဒါကို ချေဖျက်ဖို့ မာမီမှာ အကြံရှိပြီးသား နေမှာ၊ ဒါပေမဲ့ မထင်ထားတဲ့ ကိုယ်ဝန်ကိစ္စက ပြဿနာကြီးပေါ်လာတော့ မာမီ့အကြံအစည်တွေအားလုံး ပျက်စီးသွားခဲ့တယ်"

နိုင်ပြီဆိုတာ သိတာနဲ့ ငြိမ်းက ပွဲသိမ်းအောင် ဆက်တိုက်





လိုက်တယ်။

ဇော်နဲ့ မပေါင်းစေချင်ရင် ရတယ်။ ဦးစောဗလကိုတော့ လက်မထပ်နိုင်ဘူး။ မာမီ့အလိုကျ ဇော်နဲ့ မပေါင်းဘူး။

ဒါပေမဲ့ ဇော်နဲ့ရခဲ့တဲ့ ရင်သွေးလေးကိုတော့ မဖြစ်ဖြစ်အောင် မွေးမယ်။

မာမီ . . . ငြိမ်းကို ပြုစုစောင့်ရှောက်သလိုပဲ ငြိမ်း . . . တစ်သက်လုံး နေသွားပြမယ် . . . လို့ သွေးတိုးစမ်းပြီး အပေးအယူ အောင် လုပ်ကြည့်မိသေးတယ်။

လာမယ့်ခရစ်စမတ်မှာ ဇော်နဲ့ငြိမ်းတို့ အတူတူလက်တွဲပြီး ပျော်နိုင်ပြီလေ။ မာမီက သူလုပ်ခဲ့သမျှတွေအားလုံးကို ပယ်ဖျက်ပေးပြီး ဇော့်ဆီကို သွားခွင့်ပြုတယ်။

ဒီရက်ပိုင်းတွေမှာပဲ အကြောင်းကြောင်းကြောင့် လက်ထပ်ထုတ်ရတာကို သတင်းစာမှာ နှစ်ဖက်စလုံးကနေ ကြော်ငြာထည့်ပြရှိမယ်။

www.burmeseclassic.com



ကျန်ခဲ့တဲ့ ဒီဇင်ဘာတိုင်းဟာ ငြိမ်းတို့အတွက် အောက်မေ့စရာတွေချည်း ဖြစ်ကျန်ခဲ့သလိုပဲ . . .

အမြဲတမ်းကြုံရမယ့် ဒီဇင်ဘာတိုင်းဟာလည်း အောက်မေ့စရာတွေနဲ့ ပြည့်နှက်နေတော့မှာပါ။

မောင်ညိုအေး (ပန်းတော)

www.burmeseclassic.com